www.burmeseclassic.com

# မောင်သာပြည့်

# နေတစ်ပွင့် လတစ်ပွင့်



Digital art by Antt Bwere (stars)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၄၇၀၆၀၃
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၇၂၁၀၆၀၆
မျက်နှာဖုံးဒီဇိုင်း - အုံ့ဘွယ်(Star)
ထုတ်ဝေသည့်လ - ၂၀၀၆-ခုနှစ်၊ ဩဂုတ်လ
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၅၀၀

ထုတ်ဝေသူ
ဦးသန်းမြင့်(၀၁၀၄၀)၊ (လင်းလင်းစာပေ)၊
အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း၊ (၁၀)မိုင်ကုန်း၊
အင်းစိန်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးဇော်မင်း (W!zard)၊
အမှတ်-၁၉၇၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးတိုးဝင်း(၀၂၄၃၁)၊ နေလရောင်အော့ဖ်ဆက်၊
(၉၆/ခ)၊ ၁၁-လမ်း၊ ရန်ကုန်မြို့။

# နေတစ်ပွင့် လတစ်ပွင့်

## မောင်သာပြည့်

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



“ရုပ်နာမ်မချုပ်ငြိမ်းသမျှ
လူတိုင်းရဲ့ရင်မှာ
အချစ်ဆိုတာ
ရှိနေတာပါပဲ. . .”

www.burmeseclassic.com

www.burmeseclassic.com



( က )

စာပို့သမားလာပို့သွားသည့် မှတ်ပုံတင်စာ၊ စက္ကူသား ထူထူ လေယာဉ်စာအိတ်ကို သူထောင်ကြည့်လိုက်သည်။

လိပ်စာမှာ "ဒေါ်ခင်မေကျော်" အမည်ကို ရေးထား၏။ လက်ရေးက မမကြီးလက်ရေး။ မေမေ သူ့ကို လှမ်းအကြည့်မှာ မေမေ့စာဟုဆိုပြီး မေမေ့ကို လှမ်းပေးသည်။ မေမေက . . .

"သား မမကြီးဆီကစာ ဖြစ်မှာပေါ့"

"အောင်ဘုန်းပြည့်" မေမေ့ကို ခေါင်းညိတ်ပြလိုက်၏။ မိမိနှင့် မေမေထံသို့ မမကြီး "မြသက်နိုင်" သည်ရန်ကုန်မှ မကြာခဏ စာလှမ်းရေးတတ်သည်။

"သမီးကြီးဆီက စာလာတိုင်း မေမေတော့ ရင်ကို

www.burmeseclassic.com

www.burmeseclassic.com



ထိတ်နေရတာပဲ"

ပြောပြီး မေမေက စာအိတ်ထောင့်စွန်းကလေးကို ကပ်ကြေးငယ်လေးနှင့် တိတိရိရိကလေး ညှပ်ပြီးဖွင့်သည်။

ဒါက မေမေပြုမူနေကျ အပြုအမူ။

မေမေသည် မမကြီးဆီကလာသည့်စာမှသာမဟုတ်၊ သူ့မိတ်ဆွေ သူငယ်ချင်း အသိအကျွမ်းများထံမှ စာရောက်လာလျှင်လည်း စာကို ဘယ်တော့မှ လက်နှင့်မဖောက် မဖွင့်။ ကတ်ကြေးကလေးနှင့် သေသေသပ်သပ်ဖြတ်ပြီး အတွင်းမှစာကို ထုတ်ယူလေ့ရှိသည်။

စာကိုထုတ်ယူဖတ်ပြီး အတန်ကြာတော့ မေမေ့ထံမှ သက်ပြင်းချသံကို သူကြားပါ၏။

"ထုံးစံအတိုင်းပဲလား မေမေ"

"သည်တစ်ခါတော့ မမကြီးက ဘာကိုမှ ဘင်ပြထားတာ မရှိဘူး။ သုံးသပ်ပြီး ဆုံးဖြတ်ချက်ကို တစ်ခါတည်း ချလိုက်တာ"

"မမကြီးစာကို ကျွန်တော်ဖတ်ခွင့်ရမလား မေမေ"

မေမေက နှုတ်နှင့်မဖြေတော့ဘဲ စာကို လှမ်းပေးသည်။



သူ စာကို သေသေသေချာချာဖတ်ဖြစ်လိုက်၏။

"ဟင် . . . ဒါဆို မမကြီး ရေ့အပတ်ထဲ ရောက်လာမှာပေါ့"

"ရောက်လာမှာ။ သည်တစ်ခေါက်တော့ မေမေ မင်း မမကြီးကို ဆင်ခြေပေးစရာ စကား ဘာမှမရှိတော့ဘူး။ သမီးကြီး သုံးသပ်ချက်နဲ့ ဆုံးဖြတ်ချက်ကလည်း မှန်ပါတယ်လေ။ တမြန်နှစ်ကတည်းက သားမမကြီးက ဆန္ဒပြုနေတာ။ မေမေက သားစာမေးပွဲကို အကြောင်းပြထားတာ။ ခု သားကလည်း တဖေးပွဲကြီး ဖြေပြီးသွားပြီ"

အကြံပေးရန်စကားနှင့် တင်ပြစရာအကြောင်း စကား ဘာမှမရှိ။ မိမိတို့ မိသားစုဘဝမှာ မမကြီး၏ ဆုံးဖြတ်ချက်ကသာ အမိက အကျဆုံးဖြစ်သည်။

မမကြီးဆိုတဲ့မိန်းမတစ်ယောက်ရဲ့ စွမ်းဆောင်ချက် အောင်မြင်မှုတွေကလည်း အံ့မခန်းလိလိပါပဲ။

သည်မိသားစုမှာ အောင်ဘုန်းပြည့်ဆိုတဲ့ကောင်လေး က နှုတ်သက်စင်သေးတာမှ မဟုတ်တာ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



( ၁ )

တစ်မြို့လုံးက ဆုတောင်းပြည့်ဘုရားဟု နားလည်သဘောပေါက်ထားသည့် သည်စေတီကို တောင်ကုန်းမြင့်ပေါ်မှာ တည်ထားသည်။ အမိဋ္ဌာန်ဝင်ပြီး ဆုတောင်းလျှင် တောင်းသည့်ဆု ပြည့်သည်ဟု မြို့ခံလူအားလုံးက ယုံကြည်ကြ၏။

သို့သော်လည်း သည်ဆုတောင်းပြည့်နှင့်ပတ်သက်ပြီး သူတစ်ခါမှ ဆုတောင်းခြင်းအလုပ်ကို မပြုလုပ်ခဲ့ဘူး။ ကျောင်းအားသည့်ရက်များတွင် သူငယ်ချင်းများနှင့်အတူ ဆုတောင်းပြည့်ဘုရားပေါ်လာပြီး လက်ဖက်သုပ်၊ ဂျင်းသုပ်စားဖူးသည်။

သူတို့နယ်မြို့ကလေး၏ အစွန်အဖျားမှာ တည်ရှိပြီး ရန်ကုန် - မန္တလေးကားလမ်းပေါ်မှာ တည်ရှိသည်ဟုလည်း ဆို



ရပါမည်။ မြို့ကိုလည်း အပေါ်စီးမှ လှမ်းမြင်ရပါ၏။

"စိတ်မကောင်းစရာပဲ အောင်ဘုန်းပြည့်။ ငါ့သူငယ်ချင်းတွေထဲက ငါ အခင်မင်ဆုံး သူငယ်ချင်းတစ်ယောက်နဲ့ ခွဲခွာရတော့မယ်ဆိုတာကို ငါ လုံးဝနားလည်ထားလိုက်တယ်"

ကောင်းမြတ်မျက်နှာမှာ ဝမ်းနည်းကြေကွဲရိပ်များကို မြင်သည်။ သူက အဝေးဆီသို့ လှမ်းမျှော်ကြည့်ပြီး . . .

"ငါ့ဘဝမှာ သည်လိုအပြောင်းအလဲတွေ ဖြစ်လာလိမ့်မယ်လို့ ငါဘယ်လိုမှ မမျှော်လင့်ခဲ့ဘူး ကောင်းမြတ်။ တို့မိသားစုဘဝ သည်နယ်မြို့ကလေးမှာပဲ ပြီးဆုံးသွားလိမ့်မယ်လို့ ငါအဆုံးတိုင် တွေးထားတာ။ ဒါပေမဲ့ မမကြီး ရန်ကုန်မှာ သူ့သူငယ်ချင်းနဲ့ ရှယ်ယာဖွဲ့ပြီး ကုမ္ပဏီထောင်တယ်ဆိုတာ သိရတော့ ငါရင်ခုန်ခဲ့တာ အမှန်ပဲ"

ဝိန္ဓုပင်ပေါ်မှ သွေ့ခြောက်နေသော ကြွေရွက်ကလေး တစ်ခုပြုတ်ကျလာ၏။

ကောင်းမြတ်က လက်နှင့်ဖမ်းဆုပ်ပြီး သူ့မျက်နှာကို လှမ်းကြည့်သည်။ သူက ဆက်ပြော၏။

"ဘာဖြစ်လို့လဲဆိုတော့ မမကြီးရဲ့ခြေလှမ်းတွေ ရပ်မနေတော့ဘူးဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . မင်းရဲ့မမကြီးကတော့ အမြော်အမြင်ကြီးတဲ့ မိန်းမတစ်ယောက်ပဲ။ မမကြီးရဲ့အရည်အချင်းကို တစ်မြို့လုံးက ချီးကျူးတယ်"

မမကြီး၏ထက်မြက်မှုများနှင့် ပတ်သက်သည့် စကားများကတော့ သည်မြို့ကျဉ်းကလေးမှာ ထင်ပေါ်လွှမ်းလှသည်။

မမကြီး၏အရည်အချင်းများသည် ဖေဖေ၏ဂုဏ်ဒြပ်များပေါ်မှာ အမှီသဟဲပြုသည်ဟု သူ ထင်သည်။ ဒါကိုလည်း မမကြီးက ဝန်ခံဖူးပါ၏။

"ဖေဖေဟာ . . . တည်ကြည်ဖြောင့်မတ်တဲ့ဂုဏ်နဲ့ သူ့အရာထမ်းဘဝကို အရိုးသားဆုံးထိန်းသိမ်းလာခဲ့တာ။ အရာရှိတစ်ယောက်ရဲ့လစာကို ဖေဖေ အားထားခဲ့တာမှ မဟုတ်တာ။ ဖေဖေက ဘိုးဘိုးဘွားဘွားတို့ရဲ့အမွေအနှစ်တွေကို ထိုက်ထိုက်တန်တန်ရခဲ့တာ။ ဖေဖေမရှိတော့တဲ့နောက်ပိုင်း ဒီအမွေတွေကို ပိုင်စားနေရင် ဖေဖေ့အပေါ်မှာဘယ်တရားမလဲ မောင်။ တိုးပွားအောင် ကြံဆောင်ရမယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုတွေနဲ့ ကိုယ့်မျိုးဆက်သစ်တွေအထိ နာမည်ကောင်းကို ယူနိုင်ရမယ်"

မမကြီး သူ့ကို ပြောခဲ့ဖူးသည့်စကား။



စကားနှင့်ညီအောင်လည်း မမကြီးက လုပ်ဆောင်ခဲ့သည်။ စီးပွားရေးဘွဲ့ရယူပြီးသည့်နေ့ကစပြီး မမကြီးက သူမ၏အရည်အချင်းကို ဖော်ထုတ်ခဲ့၏။

"ခုနေတဲ့အိမ်နဲ့ခြံကို ရောင်းပစ်ရမှာ နမြောစရာကွာ"

"မမကြီးကတော့ အဲဒါတွေစဉ်းစားမှာ မဟုတ်ဘူး။ ဝယ်မှာကလည်း သူ့မိတ်ဆွေပါ။ တန်ဖိုးကို ဘယ်လိုသတ်မှတ်မယ်၊ ဆုံးဖြတ်မယ်ဆိုတာတွေကတော့ မမကြီးကိစ္စပဲ။ ငါက ဘာမှ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် မရှိပါဘူး"

"ရန်ကုန်က ဝယ်ထားတဲ့တိုက်ကိုမင်းရောက်ဖူးလား"

"ကြည့်မြင်တိုင်က တိုက်ခန်းတုန်းကတော့ ရောက်ဖူးတယ်။ ခု ဝယ်လိုက်တဲ့တိုက်ကို မရောက်ဖူးသေးဘူး။ ဒါတွေကို ငါ စိတ်မဝင်စားပါဘူးကွာ။ မင်းတို့နဲ့ခွဲပြီး ရန်ကုန်ပြောင်းရမှာကိုတော့ ငါ တကယ် ဝမ်းနည်းတယ်"

ကောင်းမြတ်ထံက အသံထွက်မလာ။

အုတ်လှေကားထစ်များကို နင်းမိပြီး နှစ်ယောက်သားဘုရားပေါ်မှ ဆင်းခဲ့ကြ၏။ လက်ဖက်ရည်ဆိုင်မှာ အစ်ထားသည့် စက်ဘီးများကို ဝင်ယူပြီး အသံတိတ်ခြင်းများနှင့် စက်ဘီးကို နင်းခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းခွဲတော့ စိတ်မချမ်းသာလိုက်တာကွာဆိုသည့် စကားကို ကောင်းမြွတ်ပြောသည်။

"တို့မြို့ကျဉ်းကလေးကိုတော့ မင်း မမေ့ပါနဲ့ အောင်ဘုန်းပြည့်ရာ"

သူ စိတ်မသက်မသာနှင့် ခေါင်းညိတ်၏။

အိမ်ပြန်ရောက်တော့ သိမ်းဆည်းသင့်သည်များကို သိမ်းဆည်းချည်နှောင်နေသည့် မေမေ့ကို ချွေးတလုံးလုံးနှင့် တွေ့ပါ၏။

× × ×



[ ၈ ]

မမကြီး မြသက်ခိုင် ရောက်လာပြီး သုံးရက်မြောက်သည့်နေ့တွင် မန္တလေးမှ ဦးထွန်းဖံဆိုသူ ကားနှင့်ရောက်လာပါသည်။

ဦးထွန်းဖံက အိမ်နှင့်ခြံကိုလှည့်ပတ်ကြည့်သည်။ အိမ်က တိုက်ခံအိမ်။ ခေတ်မီသော မွမ်းမံပြင်ဆင်မှုများနှင့် ကြည့်ရုံနှင့် လူချမ်းသာတို့ နေထိုင်သည့်အိမ်ဖြစ်မှန်း သိနိုင်ပါ၏။

ရပ်ကွက်ကလည်း သည်မြို့၏လူချမ်းသာများနေထိုင်သည့် ရပ်ကွက်။

"ရန်ကုန်မှာသာ ဒီလိုရပ်ကွက်၊ ဒီလိုအကျယ်အဝန်းမျိုးဆို သိန်းထောင်ချီသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



မမကြီး၏စကားကို ဦးထွန်းဖံက ရယ်ပြီး . . .

"သဘောပေါက်တာပေါ့ ဒေါ်မြသက်ခိုင်ရယ်။ ကျွန်တော်လည်း လှည့်ပတ်ကြည့်ပြီး အဲဒါကို တွေးနေတာပါ"

"သဘောကျရဲ့လားမသိဘူး"

"အိမ်နဲ့ခြံကိုတော့ အရမ်းသဘောကျတာပေါ့ဗျာ။ သဘောမကျနိုင်တာလေးက ဈေးကိုပါ"

မမကြီးက မျက်မှောကို အသာကြုတ်သည်။

သည်နေရာမှာ သူကတော့နားထောင်သမား။ မမကြီးဘေးနားကလိုက်ပါပြီး နှစ်ယောက်ပြောကြသည့် အရောင်းအဝယ်စကားကို နားထောင်နေရုံသာ။

"ဦးထွန်းဖံရယ် အိမ်မြေတန်ဖိုးကို ဦးထွန်းဖံက အကဲမဖြတ်တတ်တဲ့လူကျနေတာပဲ။ သဘောမကျနိုင်တာက ဈေးတဲ့။ သူ့ဒွေးပါးစပ်က ပြောထွက်လိုက်တာရှင်"

"ဟုတ်ပါ့ဗျာ။ အခုရောင်းတဲ့သူက ဆင်းရဲမွဲတေပြီး ဆိုဈေးမှ မရရင် ဘဝမဖြစ်တော့တဲ့သူကိုး"

ဦးထွန်းဖံစကားကို မမကြီးကသဘောကျစွာဖြင့် ရယ်တော့ ဦးထွန်းဖံကပါ လိုက်ရယ်သည်။ ရယ်ပြီးတော့မှ . . .

"ဈေးကိုပြင်ပေးပါဦး ဒေါ်မြသက်ခိုင်ရယ်"



မမကြီး စဉ်းစားပါတော့၏။

မမကြီး၏နှုတ်ခမ်းအတွန့်အကွေးတွင် ဆုံးဖြတ်ချက်တစ်ခု ပါရှိတော့မည်ကို သူ သိသည်။

"ဈေးကိုပြင်ပေးပါဆိုတာက ထောင်ဂဏန်းမဟုတ်ဘူးဆိုတာ ဒေါ်မြသက်ခိုင် သဘောပေါက်မှာပါ"

"တစ်ခါတည်း ဆုံးဖြတ်လိုက်မယ်လေ။ ဒီဆုံးဖြတ်ချက်ဟာ ဈေးအပြတ်ဆိုတာလည်း ဦးထွန်းဖံ နားလည်ပေး။ တစ်ခါက သည်မြေ သည်ခြံကို ဦးထွန်းဖံ အရမ်းဆန္ဒရှိတယ်ဆိုလို့ ကျွန်မ ဦးထွန်းဖံကို ဆက်သွယ်တာပါ"

ဦးထွန်းဖံက ပြုံးပြီးခေါင်းညိတ်၏။

"ဈေးအပြတ်ပြောတော့မယ်နော်။ ဆိုဈေးထက် ငါးသိန်းကို အနုတ်အသိမ်းလုပ်ပေးမယ်။ ဦးထွန်းဖံ သုံးမယ့်ငွေနဲ့ ကွာဟနေခဲ့ရင် အိမ်မြေကိစ္စစကား မပြောတော့ဘဲ လက်ဖက်ရည်သောက်ပြီး အခြားစကားပြောရအောင်"

"ဟင်း . . . ဟင်း . . . ဒေါ်မြသက်ခိုင်က အရင်လေသံ၊ အရင်မာနမျိုးက နည်းနည်းလေးမှကို လျှော့မသွားပါလား။ ရိုးကျိုးလေးစားပါတယ် ဒေါ်မြသက်ခိုင်။ ကျွန်တော်လည်း ဆုံးဖြတ်လိုက်ပါပြီ။ အရောင်းအဝယ်ဖြစ်သွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



အောင်ဘုန်းပြည့် မမကြီးမျက်နှာကို လှမ်းကြည့်သည်။

အရောင်းအဝယ်ဖြစ်သွားလို့လည်း မမကြီးမျက်နှာမှာ ထူးခြားဝမ်းသာမှု ဖြစ်ပေါ်မလာ။

အိမ်ပေါ်ကို ပြန်တက်ခဲ့တော့ ဦးထွန်းဖေက . . .

"ကျွန်တော် ဒီတစ်ပတ်အတွင်း အရောင်းအဝယ်ကိစ္စ ပြီးပြတ်ချင်တယ်"

"တစ်နေ့တည်း တစ်ရက်တည်းနဲ့ ကိစ္စပြတ်လို့ရရင်တောင် ကျွန်မက ပြတ်ချင်တာ ဦးထွန်းဖေ။ ဦးထွန်းဖေသိတဲ့ အတိုင်းပဲ။ လုပ်ငန်းတွေ ထားခဲ့ပြီး ကျွန်မလာခဲ့ရတာ။ ဦးထွန်းဖေ အခု ငွေအကုန်ချေလိုက်။ ကျွန်မတို့ ခုရန်ကုန်ကို ချက်ချင်း ပြောင်းရွှေ့ပေးမယ်"

မမကြီး၏စကားအပြတ်။

ဦးထွန်းဖေ စကားမလှုပ်တော့။

မေမေ ညှော်ခံသည့် ကော်ဖီနှင့်မုန့်ကို စားသောက်ပြီး မမကြီးနှင့် ငွေချေမည့်ရက်ညှိ၍ ဦးထွန်းဖေ မန္တလေးပြန်တက်သွားသည်။

ဩော် . . .သည်မြေ သည်ဒေသကို သူတို့မိသားစု



ကျောခိုင်းကြပါတော့မည်။

မမကြီးသည် သူနှင့်မေမေ့ကိုနယ်ပယ်သစ်သို့ ခေါ်ဆောင်သွားပါတော့မည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



[ အပိုင်း - တစ် ]

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

"ကျွန်တော့်ကို ဘုန်းကံကြီးမားပြီး အောင်မြင်မှုတွေနဲ့ ပြီးပြည့်စုံရမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျွန်တော့်မိဘနှစ်ပါးက ကျွန်တော့်နာမည်ကို အောင်ဘုန်းပြည့်လို့ မှည့်လိုက်တာပါ"

"ဩော်..."

ဩော်ဟုဆိုပြီး ဆရာမမျက်နှာပြုံးရောင်သန်းသွားသည်။

ကျောင်းသူတချို့၏ ခစ်ခနဲရယ်သံကို ကြားလိုက်ရပြီး ကျောင်းသားနှစ်ယောက်၏ အသံနှစ်သံကို အောင်ဘုန်းပြည့် တိတိကျကျ ကြားလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငပေါ"

"အောင်ပေါ်ပြည့်"

သူ့မျက်နှာ တင်းခနဲဖြစ်သွားသည်။

သည်နေ့မှ သူကျောင်းစတက်ရသည်။ ပေါ်ထွက်လာသည့်အသံတွေက ဘယ်လိုမှ သိမ်မွေ့ခြင်းမှာ မရှိ။

သူနောက်ဘက်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်၏။

ကျောင်းသားသစ်တစ်ယောက်အပေါ် ဆက်ဆံမှုတွေက မိုက်ရိုင်းလွန်းသည်ဟုလည်း သူ ထင်သည်။

မုန်းချင်စိတ်နှင့် သတ္တိက ရင်ထဲတိုးဝင်လာ၏။

မျက်နှာစိမ်းအားလုံးကို ရင်ဆိုင်လိုက်သည်။

"ဘယ်သူလဲကွ ငါ့ကို အောင်ပေါ်ပြည့်လို့ခေါ်တာ။ နောက်ကနေ ထဘီခြုံပြီး လက်သီးပုန်းမပြနဲ့။ ယောကျ်ားဆိုရင် မတ်တတ်ရပ်ပြီး ရဲရဲတင်းတင်း စိန်ခေါ်လိုက်"

ရယ်ရယ်မောမော လှုပ်လှုပ်ရှရှအသံတွေ ငြိမ်သွားသည်။

အတန်းပိုင်ဆရာမက သူ့ကို မျက်မှောင်ကုတ်ကြည့်လာ၏။

"ဆရာမ ရှေ့မှာ အဲသလိုမပြောရဘူးလေ"



"သူတို့ ကျွန်တော့်ကိုစော်ကားနေတာ ဆရာမ ဟန့်တားပေးပါ"

"ကျောင်းသားချင်း ချစ်လို့ခင်လို့ စတာနေမှာပေါ့ကွယ်"

ဆရာမက အေးအေးချမ်းချမ်းပြောသည်။

သူ ဆရာမကို ဘာစကားမှမပြောတော့။

သည့်နောက် ဆရာမက သူ့ကို အတန်းသူအတန်းသားများနှင့် မိတ်ဆက်ပေးသည်။

သူအားလုံးကို ခပ်စေ့စေ့လေးကြည့်မိပါ၏။ သည်မှာတင် သူ့ဘဝအတွက် ခင်မင်ဖွယ်ရာကောင်မလေးတစ်ယောက်ကို သူ မြင်လိုက်ပါသည်။

သည်ကောင်မလေး၏အမည် "ဒေဝီခင်" ဆိုတာကိုတော့ သူ မှတ်သေးပါချေ။

* * *

မုန့်စားဆင်းခေါင်းလောင်းထိုးသည်။

ကျောင်းသူ ကျောင်းသားတွေ မုန့်စားဆင်းသောအခါ သူပါရောယောင်ပြီး အခန်းထဲမှ ထွက်လိုက်၏။

မုန့်စားရုံဘယ်ဘက်မှာရှိသည်ကို သူ မသိ။ ဝရန်တာ

www.burmeseclassic.com

www.burmeseclassic.com



မှာ ရပ်နေရသည်ကတော့ အနည်းငယ် ကြောင်သည်။

သူ အောက်သို့ဆင်းမည်ဟု ပြင်ဆင်နေဆဲမှာ သူ့အနားသို့ ကျောင်းသားတစ်ယောက် ရောက်လာ၏။

"မှန့်သွားမစားဘူးလား အောင်ဘုန်းပြည့်"

သူ လှည့်ကြည့်တော့ ဆံပင်ခေါင်းတုံးဆံတောက်နှင့် ပုဂ္ဂိုလ်မျက်နှာက ရယ်ကျဲကျဲ။

အရပ်အမောင်းကတော့ သူ့လောက်ပဲရှိမည်။

အောင်ဘုန်းပြည့်က စူးစူးစိုက်စိုက်အကြည့်မှာ...

"ငါက ဒီ အ.ထ.က မှာ ငါးတန်းကတည်းက နေလာတာ။ ရပ်ခံရွာခံကျောင်းသားဆိုပါတော့ကွာ။ မင်းက ကျောင်းသားသစ်ဖြစ်တော့ ကူညီရမယ့်တာဝန် ငါ့မှာ ရှိတယ်"

အတည်ပြောတာလား။ လာနှောက်တာလားဆိုသည့် သူ့အကြည့်မှာ ယုံကြည်မှုတွေ အားနည်းနေ၏။

"ငါ့နာမည်က ချိုကြီး အောင်ဘုန်းပြည့်။ ငါက မင်းကို မြင်မြင်ချင်း ခင်တယ်"

"မင်း ငါ့ကို လာနှောက်နေတာလား"

"မနှောက်ပါဘူးကွ"

"တကယ်ပြောတာပေါ့"



"တကယ်ပါ"

ပြောပြီး ချိုကြီးက သူ့လက်ကို စတင်ဆုပ်ကိုင်သည်။ သူကလည်း တင်းကျပ်စွာ ပြန်ဆုပ်ကိုင်လိုက်၏။

ချိုကြီးက နှစ်လိုစွာပြုံးရင်း...

"လာ...တို့ကျောင်းဝင်းအပြင်က လက်ဖက်ရည်ဆိုင်ကို သွားရအောင်။ သူငယ်ချင်းဖြစ်သွားတဲ့အထိမ်းအမှတ်နဲ့ ငါ မင်းကို လက်ဖက်ရည်တိုက်မယ်"

"ငါတိုက်ပါ့မယ်"

"ဟဲဟဲ...ငါက မငြင်းတတ်ဘူးနော်။ အားလည်းမနာတတ်ဘူး"

တခဏအတွင်းမှာပင် သူနှင့်ချိုကြီး ပွင့်လင်းရင်းနှီးသော သူငယ်ချင်းဖြစ်သွားကြ၏။ လေ့လာရသလောက် ချိုကြီးသည် ပျော်ပျော်နေတတ်ဟန်တူပါ၏။ မျက်နှာက အစဉ်ထာဝရ ချိုနေသည်။

ဥပမာ လက်ဖက်ရည်ဆိုင်သွားခိုက် ရှေ့မှာ အရပ်ပုပု ကျောင်းသူတစ်ယောက်ကို တွေ့သည်။ အနားရောက်သည်နှင့် ချိုကြီးက...

"ဆယ့်နှစ်လက်မ တစ်ပေ၊ သုံးပေ ဒီကောင်မလေး"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ခေါင်းကို လက်နှင့်ပုတ်သည်။

ကောင်မလေးက မသာကောင်ချိုကြီးဟု ပြောသည်ကိုချိုကြီးကပန်းကလေးနှင့်ပေါက်သလိုသဘောအကျကြီးကျနေသေး၏။

ချိုကြီး သည်လိုစတတ် နောက်တတ် ပျော်တတ် ပါးတတ်သည်ကို သူ ပထမဦးဆုံး သတိပြုမိခဲ့ပါ၏။

ကျောင်းဝင်းအပြင်ဘက်က လက်ဖက်ရည်ဆိုင်ရောက်တော့ ဆိုင်ထဲမှာ ကျောင်းသားအတော်များများ ရှိနေသည်ကို တွေ့ရ၏။

သူနှင့်ချိုကြီး ဆိုင်ထဲဝင်လိုက်သည်နှင့် ကျောင်းသားအချို့၏မျက်လုံးအကြည့်တွေ ရောက်လာသည်။

အောင်ဘုန်းပြည့် မျက်နှာကို တည်လိုက်၏။

ချိုကြီးနှင့်အတူ အတွင်းပိုင်းကျသည့် ထောင့်စားပွဲမှာ ဝင်ထိုင်ပြီး စားပွဲထိုးလေး အနားရောက်လာတော့ လက်ဖက်ရည်နှစ်ခွက် မှာလိုက်၏။

"အောင်ဘုန်းပြည့်"

ချိုကြီးက တိုးတိုးလေးခေါ်သည်။

"ဘာလဲကွ။ မင်းကြည့်ရတာ ပြုံးတုံပြုံးကြောင်နဲ့"



"မင်းကို ပြောမလို့"

"ပြောလေ"

"မင်းနောက်ဘက် နှစ်ဝိုင်းကျော်က စားပွဲကို မသိမသာလေး လှည့်ကြည့်လိုက်။ ဆံပင်ကို ခေါက်ပြားပြားတိထားတဲ့ ငနဲကို တွေ့လိမ့်မယ်"

လှည့်ကြည့်တော့ ချိုကြီးပြောသည့်ကောင်ကို တွေ့သည်။ ငတိကလည်း သူ့ကို ခပ်ထန်ထန် ပြန်ကြည့်နေသည်ကို သတိပြုမိ၏။

"တွေ့လား"

"တွေ့တယ်"

"ဒီကောင့်နာမည်က တိုက်မောင်းတဲ့။ ကျောင်းမှာ သူ့ဗွာတစ်ယောက်ပဲ အောင်ဘုန်းပြည့်။ အတန်းထဲမှာ မင်းကို ခေါ်လို့နောက်ကနေအော်တာ ဒီကောင်ပဲ"

"ဘာ"

ဒေါသက ကြွတက်လာပြီး ထိုင်ရာကနေ သူ ထတော့

"ဟာ . . .အောင်ဘုန်းပြည့်။ မလုပ်နဲ့ကွာ။ အဲသလို မလုပ်ပါနဲ့"

ချိုကြီး၏တားဆီးမှု အချည်းနှီးဖြစ်သွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



[၂]

လက်ဖက်ရည်ဆိုင်မှာ အောင်ဘုန်းပြည့်က တိုက်မောင်းကို ထိုးကြိတ်လိုက်သဖြင့် တိုက်မောင်းမျက်နှာ ဖူးရောင်ညိုမည်းသွားသည်ဆိုသည့်သတင်းက တစ်ကျောင်းလုံးသို့ပျံ့သွား၏။

တစ်ဆက်တည်းမှာပင် ဆရာကြီးရုံးခန်းသို့ အောင်ဘုန်းပြည့်နှင့် တိုက်မောင်း ရောက်ရှိနေသည်ဆိုသည့်သတင်း။

ကျောင်းသားတွေ ဆရာကြီးရုံးခန်းရှေ့ပြုတစ်ပြုတစ်လုပ်ပြီး ချောင်းကြည့်နေကြသည်ကို ဆရာကြီး ကြိမ်လုံးဝင့်ပြီး ကိုယ့်အတန်းကိုယ်ပြန်ခိုင်းလိုက်၏။

"မင်းတို့ ပြဿနာကို ကျောင်းဝင်းထဲမှာ မဖြေရှင်းဘဲ



အပြင်လက်ဖက်ရည်ဆိုင်မှာ ဖြေရှင်းကြတာကတော့ တကယ့်ကို ကလေကချေဆန်တာပဲ"

နှစ်ယောက်သား ခေါင်းငုံ့နေကြသည်။

ဆရာကြီးက သူ့ကို စူးစူးစိုက်စိုက်ကြည့်ပြီး...

"မင်းက ကျောင်းသားသစ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျောင်းစည်းကမ်းမှာ ကျောင်းသားချင်း နာကျင်အောင် ပြုမူတဲ့ ပြစ်ဒဏ်ဟာ ဘယ်လောက်ကြီးတယ်ဆိုတာ မင်းမသိဘူးလား။ ကျောင်းလာအပ်တော့ မင်းကိုငါမပြောလိုက်ဘူးလား"

"ပြောပါတယ်"

"ခု ကြည့်စမ်း တိုက်မောင်းမျက်နှာမှာ အညိုအမည်းတွေစွဲနေတာ မြင်မကောင်းဘူး"

"ကျွန်တော် သူ့ကို အဲဒီလိုမှမထိုးရင် သူ့ဓားနဲ့ထိုးလို့ ကျွန်တော် ဆိုင်ထဲမှာသေပြီပေါ့ ဆရာကြီး"

"ဘယ်လိုကွ"

ဆရာကြီး၏မျက်ခုံးနှစ်ဖက် တွန့်တက်သွား၏။

သူက အတန်းထဲမှာ သူ့ကိုတိုက်မောင်းနောက်ပြောင်

www.burmeseclassic.com

www.burmeseclassic.com



သည်ကို အစပြုပြောပြပြီး...

"လက်ဖက်ရည်ဆိုင်ထဲမှာ ကျွန်တော်က မင်း ငါ့ကို ဘာလို့ငပေါလို့ခေါ်တာလဲလို့ သွားမေးတာ။ သူက ကျွန်တော့်ကို နဲ့နဲ့ထရိုက်တယ် ဆရာကြီး။ ကျွန်တော်က ရှောင်ပြီး လက်သီးနဲ့ ထိုးတော့ သူ လန်ကျသွားတယ်။ နောက်ပြီးဆိုင်က ပေါင်မုန့်လှီးတဲ့ဓားကို ပြေးယူပြီး ကျွန်တော့်ကို ထိုးတာ။ ကျွန်တော်သာ အရှောင်အတိမ်း မတတ်ရင် သူ့မျက်နှာကို လက်သီးနဲ့ ဆင့်တိုက်မထိုးရင် သူ့ဓားချက်နဲ့ နေရာမှာ ပွဲချင်းပြီး သေမှာ အမှန်ပဲ ဆရာကြီး"

"သူ ပြောတာ ဟုတ်သလား တိုက်မောင်း"

"မဟုတ်ပါဘူး"

အောင်ဘုန်းပြည့်မျက်နှာ ဆတ်ခနဲဖြစ်သွားပြီး...

"ဟာ ... မင်း အဲသလို ယောက်ျားမပီသတဲ့စကား မပြောနဲ့လေကွာ။ မင်းငါ့ကို ဓားနဲ့ထိုးတာ တစ်ဆိုင်လုံးသိတယ်။ ချိုကြီးတောင် မင်းလက်ထဲက ဓားကို ဆွဲလုပြီး လွှင့်ပစ်လိုက်သေးတာပဲ"

"ကဲ မောင်တင်ကြိုင် ချိုကြီးကို သွားခေါ်စမ်း"

ဆရာကြီးက ကျောင်းစာရေးကိုတင်ကြိုင်ကို လှမ်း



ပြောသည်။

ကိုတင်ကြိုင် ထွက်သွားပြီး ပြန်ရောက်လာတော့ ချိုကြီး ပါလာ၏။

သည်နေရာမှာတော့ ချိုကြီးက သူ့အဖွက် သက်သေကောင်းပါပဲ။ မြင်သမျှအားလုံးကို ပြောပြသည်။

ပြဿနာအားလုံးကို တရင်းချုပ်လိုက်တော့ နှစ်ယောက်စလုံး ဆရာကြီး၏ပြင်းထန်စွာသတိပေးခြင်းကိုခံလိုက်ရပါ၏။

ဆရာကြီးရုံးခန်းကထွက်တော့ ကျောင်းသားအချို့၏ လိုက်လံသောအပြုံးကို သူ အဓိပ္ပာယ်ကြောင်ကြောင်နှင့် ရရှိလိုက်သည်။ ချိုကြီးက သူ့အနားကပ်ပြီး...

"ကျောင်းသားတွေက မင်းကို ဂုဏ်ပြုနေတာ။ တိုက်မောင်းကို တစ်ကျောင်းလုံးက အော့ကြောလန်နေတာ။ ဒီကောင် ကျောင်းသားချင်း သိပ်ဗိုလ်ကျတဲ့ကောင်။ မိုက်မိုက်ကန်းကန်း လုပ်တတ်လို့ ဘယ်သူမှ သူနဲ့ဖက်ပြီးမဖြစ်ရဲဘူး။ ဒါကြောင့်မင်းဆော်လိုက်တာကိုအားလုံးက သဘောကျကျေနပ်နေတာ"

သူ ဘာစကားမှပြန်မပြော။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအပြီးဆင်းသောအခါ ချိုကြီးက စကားတစ်ခု ယူလာသည်။

"ဒေဝီခင်က မင်းနဲ့ခင်မင်ချင်လို့တဲ့"

ဒေဝီခင် ဘယ်သူလဲဆိုသည့် အမေးစကားကိုတော့ သူ ပြန်မပေးမိလိုက်ချေ။

× × ×



[၃]

သည်နေ့ ချိုကြီးကျောင်းမတက်။ ခွင့်တတင်သည်။

ကျောင်းမုန့်စားဆင်းတော့ သူ ဘယ်သွားရမှန်းမသိ နှင့် ယောင်ချာချာဖြစ်နေ၏။ အတန်းထဲမှာထိုင်ပြီးတော့လည်း မနေချင်။ စားပွဲပေါ်မှစာအုပ်များကို သိမ်းဆည်းပြီး သူ အတန်း အပြင်ဘက်ထွက်လိုက်၏။

ဝရန်တာမှာရပ်ရင်း သူ့အကြည့်တွေက လမ်းမဆီ ရောက်နေသည်။ လက်ဖက်ရည်ဆိုင်ဘက်သွားချင်စိတ် ရှိ သော်လည်း စိတ်ကို ချိုးနှိမ်ထားရသည်။

အဲဒီဆိုင်မှာ တိုက်မောင်းတို့အုပ်စုက ထိုင်နေကျ။ ကြောက်စိတ်မရှိသော်လည်း သည်တစ်ခါပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျှင် ကျောင်းအုပ်ဆရာကြီးက ဘယ်လိုမှ ခွင့်လွှတ်လိမ့်မည် မဟုတ်။

ဝရန်တာကို လက်နှစ်ဖက်နှင့်ဆုပ်ကိုင်ရင်း အတွေးတွေ ငေ့နေခိုက်မှာ…

"ဟော့…"

နောက်ပါးမှကပ်ပြီးခေါ်လိုက်သည့် အသံကြောင့် သူ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

သူ့ဘဝအတွက် ခင်မင်ဖွယ်ကောင်းသောမျက်နှာလေးတစ်ခုဟု သူ မှတ်ချက်ချခဲ့ဖူးသော ကောင်မလေး၏ လွင်နေသည့် အပြုံးကို မြင်တွေ့ရသည်။

"ဘာလုပ်နေတာလဲ"

"ရပ်နေတာလေ"

"ရပ်နေတာတော့ သိတာပေါ့ဟ။ တစ်ယောက်တည်း ခပ်ငေါင်ငေါင်ရပ်ပြီး ဘာတွေစဉ်းစားနေလဲလို့ မေးတာ"

သူမမျက်နှာကို သူက စေ့စေ့ကြည့်လိုက်၏။

ပိရိသေသပ်သောနှုတ်ခမ်းကလေး၏ ချိုပြုံးခြင်းကို ဦးစွာတွေ့သည်။

"ပျင်းနေတယ် မဟုတ်လား"



"ကျောင်းလာတာ ပျော်ပွဲစားထွက်လာတာမှ မဟုတ်တာ"

ပြေပြစ်သော သူမအပြုံးက ပိုမိုတောက်ပလာ၏။

"မဟုတ်ဘူးလေ။ ချိုကြီး သည်နေ့ ကျောင်းမတက်တော့ ပျင်းနေမှာပဲပေါ့ဆိုတဲ့သဘော မေးတာ"

"အဲဒါတော့ ဟုတ်တယ်။ ချိုကြီးအနားမှာရှိရင် သူက ရယ်စရာစကားတွေ ရှာကြံပြောတတ်တာ။ သည်နေ့မလာတာ နေထိုင်မကောင်းလို့တော့ ဟုတ်မှာ မဟုတ်ဘူး"

"သေချာတာပေါ့"

"အိမ်ကိစ္စတစ်ခုခု အရေးပေါ်လာလို့ ကျောင်းမတက်နိုင်တာ ထင်တယ်"

"ကုသိုလ်ယ် အားကြီးကြီး"

သူမမျက်နှာကို နားမလည်သလို ကြည့်တော့…

"ကျောင်းပြေးတာ။ ချိုကြီးက သိပ်ကျောင်းပြေးတတ်တာ။ ဆရာ ဆရာမတွေကို မပြောနဲ့၊ ကျောင်းအုပ်ကြီးကိုတောင် ယုံကြည်နိုင်လောက်အောင် ဆင်ခြေပေးတာ"

"တားပါလေ။ ဒါက သူ့ကိစ္စပဲ။ ခု တို့သိချင်တာက မင်းကိစ္စပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ချိုကြီး ပြောမပြဘူးလား"

သူက မျက်မှောင်ကို ကြုတ်တော့…

"ယုနဲ့တို့ ခင်မင်ချင်တာကို သူ့ကို ပြောခိုင်းထားတယ်"

"ဪ…ဒေဝီခင်ဆိုတာလား"

"ဟုတ်တယ် …ဟုတ်တယ်။ တို့နာမည် ဒေဝီခင်။ သူငယ်ချင်းတွေကတော့ ဒေဝီလို့ပဲခေါ်တယ်"

"သေပြီပေါ့"

"မနောက်ပါနဲ့"

"ဒေဝီကို သေပြီလို့ ကာရန်သဘောခေါ်ကြည့်တာပါဟာ"

"ဒေဝီ လို့ ကာရန်သဘောခေါ်လည်း ရတာပဲ။ သေပြီဆိုတာကြီးကတော့ ကျက်သရေတုံးတာပေါ့"

ပွင့်လင်းရဲတင်းမှုများက မျက်နှာမှာ ကိုယ်စီရှိနေကြ၏။ သူမကို သူက လိုက်လိုက်လှဲလှဲ ပြုံးပြတော့ သူမက သူ့ကို မှန့်စားရုံဘက်ခေါ်သည်။ ပြီး ငါးဖယ်ကြော်ပါသည့် ခေါက်ဆွဲသုပ်ကို ဝယ်ကျွေး၏။

ညနေကျောင်းဆင်းတော့ သူနှင့် ဒေဝီခင် ပြည်လမ်းမကြီးအတိုင်း အတူလျှောက်ဖြစ်ကြသည်။



"တို့ကို ဘာလို့ခင်မင်ချင်ရတာလဲဆိုတဲ့ အမေးစကားကို ယုတို့ကို မေးဖို့ကောင်းပါတယ်"

"မေးရင် အဲဒီအမေးစကားကြီးက အပိုစကားဖြစ်မနေဘူးလား။ ဒေဝီဝယ်ကျွေးတဲ့ ခေါက်ဆွဲသုပ်ကိုစားထားပြီးပြီပဲ။ ဒါဟာ တစ်ယောက်နဲ့တစ်ယောက် အသိအမှတ်ပြုတဲ့သဘောပဲဟာ"

ခရီးသည်တင်ကားများနံဘေးမှ ဖြတ်သန်းသွားကြသည်။ ဒေဝီခင်နေသည့်လမ်းက ကျောင်းနှင့်အလှမ်းကွာသည်မဟုတ်။

တစ်မှတ်တိုင်ကျော်ကျော် လျှောက်လိုက်လျှင် ဒေဝီခင်တို့လမ်းထိပ်ကို ရောက်သည်။ ဒါကို ဒေဝီခင် ပြောပြထား၍ သူသိသည်။

"မေးပါဟာ"

"ဘာကိုမေးရမှာလဲ ဒေဝီရဲ့"

"ဘာဖြစ်လို့ခင်ချင်ရတာလဲလို့"

"ကဲ…မေးမယ်။ ဒေဝီ တို့ကို ဘာလို့ခင်ချင်ရတာလဲ"

"ရှင်းပါတယ်"

"အိး…အကျိုးအကြောင်းမသိရသေးဘဲနဲ့ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ရှင်းရမှာလဲ"

သူ့စကားကို ဒေဝီခင်က အသံထွက်အောင် ရယ်သည်။ ရယ်ပြီးတော့မှ...

"တိုက်မောင်းကို တို့က အရမ်းမုန်းတယ်။ တို့မုန်းတဲ့သူကို ယူက နာနာကျင်ကျင် ဆွဲထိုးလိုက်တော့ ယူ့ကို တို့ ခင်သွားကာပေါ့"

"တကယ့်ကို လေးနက်မှုရှိတဲ့စကားပါပဲ"

"ခနဲ့တဲ့စကားမျိုး မပြောပါနဲ့ကွာ။ ယူ့ကို မြင်မြင်ချင်း မင်မင်ချင်တာလည်း ပါပါတယ်။ တိုက်မောင်းကို တို့မုန်းတယ်ဆိုတာကလည်း နိုင်လုံတဲ့အကြောင်းအရာ ရှိပါတယ်"

"ပြောပြလေ"

ညနေခင်းလေက ခပ်အေးအေးကလေး တိုက်ခတ်သည်။ သည်နေ့ ကောင်းကင်မှာ မိုးသားစင်နေ၏။

"ကိုးတန်းစာမေးပွဲဖြေပြီးတုန်းကပေါ့။ တိုက်မောင်းက တို့ကို လိုက်စကားပြောတယ်"

"ကျောင်းသူ ကျောင်းသားချင်း စကားပြောတာပဲ ဒေဝီရာ။ ဆန်းပြားတဲ့ကိစ္စမှ မဟုတ်တာ"

"ဟဲ့ ... သူက တို့ကို ရိုးရိုးသားသား စကားပြောဘာ



မဟုတ်ဘူး။ ရည်းစားစကားပြောတာ"

"ဩော် ..."

"အဲသလိုပြောတာ ဘယ်ကောင်းမလဲ။ ဟုတ်တယ်မို့လား။ အဲဒီကတည်းက တို့ သူ့ကို အရမ်းမုန်းသွားတာ"

"ဒေဝီက ရည်းစားစကားပြောတဲ့သူကို သိပ်မုန်းတယ်ပေါ့"

"မုန်းတာပေါ့။ ကျောင်းလာတာ စာသင်ဖို့လာတာ။ ရည်းစားထားဖို့လာတာမှ မဟုတ်တာ"

သည်လောက်နှင့်ပင် ဒေဝီခင်၏စိတ်အခြေအနေကို သူ ကောင်းစွာ သိရှိလိုက်ပါ၏။

ဒေဝီခင်တို့ လမ်းထိပ်ရောက်သောအခါ အိမ်ကို ဝင်လည်ပါလားဆိုသည့် စကားကို ဒေဝီခင်ပြောသည်။

"ကြောက်တယ်"

"ဖေဖေက ဒီအချိန် ဆို ရုံးကတောင် ပြန်မရောက်သေးဘူး။ မေမေပဲရှိတယ်"

"အဲဒီမေမေကိုလည်း ကြောက်တယ်"

ဒေဝီခင်က မျက်စောင်းထိုးသည်။

လမ်းထိပ်မှာ ခြေစုံတန့်ရပ်ပြီးတော့လည်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဟိုးမှာ လှမ်းမြင်နေရတဲ့ ကန်ထရိုက်တိုက်ကြီးကို တွေ့တယ် မဟုတ်လား။ ပထမထပ်မှာ တို့နေတယ်"

လှမ်းကြည့်ပြီး သူက ခေါင်းညိတ်ပြသည်။

ခြေရင်းခန်းလား။ ခေါင်းရင်းခန်းလားဆိုသည့် အမေးကို သူမေးရန် မကြိုးစား။ ဒေဝီခင် နှုတ်ဆက်ထွက်သွားတော့ သူလည်း ရှေ့ဆက်လျှောက်ခဲ့သည်။ သူနေသည့်ဆိတ်ငြိမ်ရပ်ကွက်နှင့် ဒေဝီခင်နေသည့်လခမ်းက အသွားအပြန် လမ်းသင့်သည်။

ကျောင်းဆင်းတိုင်း ဒေဝီခင်နှင့် ခုလိုအတူသွားရလိမ့်မည်ကို သူ မတွေးခဲ့ချေ။

× × ×



[၄]

မမကြီးကို ကြည့်ပြီး စိတ်တွေမောနေသည့်အထဲ ညဘက်ပိုင်းမှာ မမကြီးက အိပ်ချိန်ကို လျှော့ပြီး သူ့ကို ကားမောင်းသင်ပေးသေးသည်။

ကားမောင်းမသင်ခင်က အမောင်းသင်လိုင်စင် ယူထားပေးကတည်းက သူ သဘောပေါက်မှုတော့ ရှိခဲ့၏။

စသင်ပေးတုန်းက "မောင် ကားမောင်းတတ်ဖို့တော့ အသုံးလိုအပ်တယ်" ဟု မမကြီးက ပြောသည်။ မမကြီးက သူ့ကို အစ်ယောက်တည်းသော မောင်အငယ်ဆုံးလေးဖြစ်သည့်အတွက် "မောင်" ဟု ကြင်ကြင်နာနာခေါ်သည်။

ခုလည်း ညဘက်ကြီး ရန်ကုန်တစ်မြို့လုံး ကားမောင်း

www.burmeseclassic.com

www.burmeseclassic.com



ရသည်မှာ စိတ်က ပျင်းရိဖွယ်ဖြစ်နေ၏။

"ကားဆိုတာ ဘီးလိမ့်အောင် မောင်းတတ်ရုံတော့ လူတိုင်း မောင်းတတ်တာပေါ့။ ရန်ကုန်မြို့မှာ ကားမောင်းတယ်ဆိုတာ ယာဉ်ကြောနဲ့ လမ်းစည်းကမ်းကို သိထားဖို့ အရေးကြီးတာ။ ညဘက်ထွက်မောင်းတာ အပျင်းပြေထွက်မောင်းတာ မဟုတ်ဘူး။ ကားရှင်း လူရှင်းတော့ ယာဉ်ကြောနဲ့ အဝင်လမ်း အထွက်လမ်းတွေကို ပြရတာ ပိုပြီး မှတ်မိနိုင်တာပေါ့"

"ခုဆို ကျွန်တော် ကျွမ်းကျွမ်းကျင်ကျင်ဖြစ်နေပါပြီ မမကြီးရဲ့"

"ပိုပြီးကျွမ်းကျင်တော့ မကောင်းဘူးလား မောင်။ မောင် တက္ကသိုလ်တက်ရင် ကားကို ကိုယ်တိုင်မောင်းတက်ရမှာ"

"မမကြီးကကော"

"တစ်စီး ထပ်ဝယ်မှာပေါ့"

ဖြစ်နိုင်ပါ၏။

မမကြီးက ငွေရှာကောင်းသူပဲ။

"အဓိကကတော့ မမကြီး အရေးတကြီးကိစ္စတွေရှိရင်မင်း မောင်းပို့ဖို့ပဲ"



"ဒါဆို အိမ်မှာ ကားတစ်စီးနဲ့တင် လုံလောက်ပါတယ် မမကြီးရဲ့"

"နှစ်စီးရှိတော့ ပိုကောင်းတာပေါ့"

သူ စကားကိုမဆက်ရဲတော့။

မမကြီးက ပိုကောင်းသည်ဆိုထားပါလျက် စကားအကွန့်တက်လျှင် မမကြီးစကားကို ဆန့်ကျင်ကန့်ကွက်ရာကျတော့မည်။ သည်လောက်ထိတော့ သူ သတ္တိမကောင်း။

"ဟဲ့ ... ရှေ့လမ်းကို ဝင်လို့မရဘူးလား"

သတိထားနေလျက်က လမ်းက မှားချင်သည်။

စီတီရာရင်ကို ဖြောင့်ပြီး ရှေ့လမ်းကြောင်းကို ပြောင်းရသည်။ မမကြီးက ယာဉ်လမ်းကြောင်းများကို ပြန်ရှင်းပြ၏။

"ကားမောင်းတဲ့နေရာမှာ လူမတိုက်မိဖို့က အရေးကြီးဆုံးပဲ မောင်။ နောက်ပြီး ဘရိတ်ကို အမြဲတမ်း သတိထားနေရမယ်။ ယာဉ်ချင်းတိုက်မိရင် နားလည်မှုယူပြီး ငွေကိုပုံအောဖြေရှင်းလို့ရတယ်။ လူတိုက်လို့သေရင် ထောင်ထဲပဲ"

"မမကြီးကလည်းဗျာ။ ကားမောင်းနေတဲ့အချိန်မှာ နိမိတ်မရှိတဲ့စကားတွေ မပြောစမ်းပါနဲ့"

"ကြိုကြိုတင်တင် ဆင်ခြင်နိုင်အောင် ပြောထားရတာ

www.burmeseclassic.com

www.burmeseclassic.com



မောင်"

သူ နှုတ်ကို ပိတ်ကားလိုက်သည်။

မမကြီးနှင့်အတူ မြို့လယ်ခေါင် ကားလျှောက်မောင်းပြီး ညဆယ့်တစ်နာရီပွဲ နှုန်းခွန်းလောက်မှာ . . .

"လသာလမ်းဘက်မောင်း"

"ပြန်မယ်လေ"

"မေဆုရည်ကိုခေါ်ပြီးတို့လမ်းဘေးမှာလက်ဖက်ရည်ကျကျ သောက်ရအောင်"

"အိပ်ချိန် မမကြီးရာ။ အားနာစရာကြီး"

"ဘဝမြင့်မားဖို့အတွက် အတွေးခေါ်ကောင်းကောင်းကို ကြံစည်စိတ်ကူးနေတဲ့ မိန်းမတွေအတွက် သည်အချိန်ဟာ အိပ်ချိန်မဟုတ်ဘူး မောင်"

ဆိုရန် စကားမရှိတော့။

မမ "မေဆုရည်" ကို ဝင်ခေါ်တော့ မမ မေဆုရည် တရင်းဖယားတွေ တွက်ချက်ကောင်းနေတုန်း။

အတူလက်ဖက်ရည်ဆိုင်ထိုင်ကြတော့ သူ မမ မေဆုရည်၏မျက်နှာကို အငေးသားကြည့်နေမိသည်။

မမကြီးလို လှတဲ့မိန်းမတစ်ယောက်ပါလား။



မမကြီးနှင့် ရှယ်ယာဝင်သူဌေးမတစ်ယောက်၏ မျက်နှာကို သည်တစ်ခါသာ သူ စူးစိုက်ကြည့်ဖူးပါသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



## [၅]

မြင်ကွင်းက ရယ်စရာကောင်းနေသေးလည်း ကြည့်လို့ရ၊ တော့ ဘယ်လိုမှ အဆင်ပြေခြင်းမရှိ။ သည်အနေအထားမှာ ဖြန်ဖြေသူတစ်ယောက်အနေနှင့် သူ ပါဝင်ရတော့မည်ကို အောင်ဘုန်းပြည့်ကိုယ့်ကိုယ်ကို သိလိုက်၏။

ဆုံးဖြတ်ချက်နှင့်အတူ သူ အပြေးကလေးသွားပြီး ချိုကြီးကို မနားတမ်းထုရိုက်နေသည့် သီတာ၏လက်ကို ဖမ်းဆုပ်ကိုင်ရသည်။

"ခြေလွန် လက်လွန်ဖြစ်မယ် သီတာ။ ဘယ်လိုဖြစ်တာလဲဟာ။ ချိုကြီးက တစ်တန်းတည်းသား သူငယ်ချင်းတွေပါ"

"မဆွဲနဲ့။ နင် ငါ့ကို မဆွဲနဲ့ အောင်ဘုန်းပြည့်။ ငါ ဒီမသာ



ကို မျက်လုံးပြူထွက်အောင် ဆွဲထုတ်ရမှ ကျေနပ်မယ်"

သီတာက လူပုသလောက် စိတ်ကြီးသည်။ ချိုကြီးဆိုသည့်ကောင်ကတော့ တဘုန်းဘုန်းထုနက်ခံနေရတာတောင် မျက်နှာက အပိုးမကျိုး။

"ငါ တောင်းပန်ပါတယ် သီတာရာ။ နင် ဒီလောက်ဒေါသကြီးနေရအောင် ဒီကောင် နင့်ကို ဘာလုပ်လို့လဲ"

"ငါ မခံချင်ဆုံးစကားနဲ့ စတယ်"

သူတို့နှစ်ယောက်ကြားမှာ ဝင်ရပ်ထားရသည်။

ချိုကြီးကတော့ တစ်ဘက်လှည့်ပြီး ခါးကြီးကို ကုန်းပေးထား၏။ သူ့ကျောပြင်ကို ကြိုက်သလို ဗျောတင်ဆိုသည့်သဘော။

"ဘယ်လိုစကားနဲ့ စတာလဲ သီတာရဲ့"

"ငါ့ကို စတုဒီသာလို့ လူတွေရှေ့မှာ အော်ပြီးပြောတယ်"

"စတုဒီသာလို့ အော်တာများဟာ"

"နင် ဘာသိလို့လဲ အောင်ဘုန်းပြည့်"

"သည်လိုလေဟာ၊ ကျောင်းမှာ အခါကြီးရက်ကြီးတွေဆို နင်က ရွှေရင်အေးတို့ ကြာဆန်ချက်တို့ကို စတုဒီသာသဘောမျိုး ကျွေးတယ်။ လှူဒါန်းတယ် မဟုတ်လား။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ဂုဏ်ပြုတဲ့အနေနဲ့ ချိုကြီးက စတုဒီသာလို့အော်ခေါ်တာ နေမှာပါဟာ”

သူ့စကားကြောင့် သီတာ့မျက်နှာ ပိုပြီးတော့တောင် ရှုံ့မဲ့သွားသည်။ ချိုကြီးကတော့ ထပ်အတီးခံရမည်စိုးသဖြင့် ငုံ့ထားသော ခေါင်းကို ဘယ်လိုမှ မဖော်။

“ငါ့ကိုဂုဏ်ပြုပြီး စတုဒီသာလို့ခေါ်တာ မဟုတ်ဘူးဟဲ့။ ကာရန်နဲ့ ငါ့ကို စော်ကားတာ”

“ငါ နားရှုပ်သွားပြီ သီတာ”

“မှတ်ထား အောင်ဘုန်းတုံးရဲ့၊ စတုဒီသာဆိုတာ ငါ့ကို ဂျပုသီတာလို့ခေါ်တာဟဲ့။ ဂျပုသီတာလို့ခေါ်တာ”

ဆောင့်ဆောင့်အောင့်အောင့် ပြောပြီး မျက်စောင်း တစ်ဝင့်ဝင့်နှင့် သီတာ ထွက်သွားသည်။ သီတာပြောမှ သီတာ၏ အရပ်အလွန်ပုပြတ်ခြင်းကို သူ ပိုမိုသတိပြုလိုက်မိပါ၏။

“မင်းကလည်း ကြံကြံဖန်ဖန် သွားနောက်ရတယ်လို့ ချိုကြီးရာ”

“သွားပြီလား”

“သွားပါပြီဟ သူရဲကောင်းကြီးရ”

“လူပုသလောက် စိတ်ပါတော်တော်ပုတဲ့ ဝေါ်မကွာ။



သူ့လက်သီးလုံးတွေကို ရှောင်တိမ်းလိုက်ရတာ။ ခေါင်းကို မဖော်ရဲဘူး”

“မင်း သွားစတာကိုး”

ထုံးစံအတိုင်း ချိုကြီးမျက်နှာစပ်ဖြဲဖြဲ။ ရယ်ရင်းနှင့်လည်း . . .

“ငါ့ကျောကို ဗျောအမှတ်နဲ့ဆော်တာကွ”

“နည်းတောင် နည်းသေးတယ်။ ငါသာ ရောက်မလာရင် မင်း ကျောကွဲလောက်တယ်”

“အမှန်ပဲ”

“သီတာ စိတ်တိုတတ်မှန်းသိရဲ့နဲ့ကွာ”

“တိုတတ်မှန်းသိလို့ကို စတာ။ ခါတိုင်းဆို ငါ့နောက်ကို သည်းညည်းမည်းမည်း မလိုက်ဘူးကွ။ ခုမှ အသကုန်စွတ်လိုက်တာ။ ဟောလနေက်မှာ ချောင်ပိတ်မိပြီး ငါမချိမဆံ့ခံလိုက်ရတာ”

နှစ်ယောက်အတူ ကျောင်းပေါ် တက်ခဲ့ကြသည်။ အတန်းထဲဝင်တော့ သီတာက မျက်လုံးကြီးပြူးပြီး ကြည့်သေး၏။

စာသင်ချိန်ထိ သီတာ မကျေမချမ်းဖြစ်နေသည်ကို သူ

www.burmeseclassic.com

www.burmeseclassic.com



သတိပြုမိ၏။

× × ×

သီတာ့ကိုသွားစကြတာမို့လားဆိုသည့် အမေးစကားကို ကျောင်းအပြီးအဆင်းမှာ ဒေဝီခင်က ပြောသည်။

"ကိုယ် မပါပါဘူး"

"ကိုယ်" ဆိုသည့်အသုံးအနှုန်းကတော့ ကျောင်းတက်ပြီး တစ်လအပြည့်မှာ သုံးခဲ့ခြင်းဖြစ်သည်။ သည်တုန်းက ဒေဝီခင်က သူ့ကို "ကိုဘုန်း" လို့ခေါ်မယ်နော်ဟု ဆိုတုန်းက သူက "ကိုဘုန်းနောက်က ကြီးမပါလို့တော်သေးတာပေါ့" ဟုဆိုတော့ ဒေဝီခင်က အသံကလေးထွက်အောင်ပင် ရယ်ခဲ့ပါ၏။

"ကိုဘုန်း မစဘူးဆိုတာ ယုံကြည်ပါတယ်။ ချို့ကြီးကတော့ သူ မစဘူးတဲ့ သူကျောင်းမှာ မရှိသလောက်ပဲ"

"သူက ပျော်တတ်တာပါ"

"သီတာက သူ့ကိုအဲသလိုခေါ်တာ တစ်စက်ကလေးမှ ကြိုက်တာ မဟုတ်ဘူး"

"ချို့ကြီးက အဲသလိုခေါ်ရတာကို သဘောကျတယ်လေ။ သီတာစိတ်ဆိုးတဲ့မျက်နှာက အရမ်းရယ်စရာကောင်းတာတဲ့။ သီတာ့မျက်နှာကိုကြည့်ပြီး ရယ်ချင်ရင် စတုဒ္ဒီသာလို့



ခေါ်လိုက်တာပဲတဲ့"

"ချို့ကြီးတော့ ဘယ်တော့ ပါးအရိုက်ခံရမလဲ မသိဘူး"

သူ ပြုံးနေလိုက်၏။

လမ်းအတူလျှောက်ရင်းမှ ကိုဘုန်း စာကျက်ရဲ့လားဟု ဒေဝီခင်က မေးပြီးမှ...

"မေးမိတာ တော်တော်လွန်သွားပြီ၊ ကိုဘုန်းက အတန်းထဲမှာ လူတော်ပဲဟာ"

သူက ပြုံးရင်းနှင့်သာနေသည်။

"ဆရာ၊ ဆရာမတွေက ကိုဘုန်းကို ချစ်တယ်နော်။ ဒါကတော့ မဆန်းပါဘူးလေ။ စာတော်တဲ့ကျောင်းသားဆို ဆရာ ဆရာမတွေက ချစ်ကြတာပဲ"

သူက ခေါင်းတညိတ်ညိတ်။

"ကိုဘုန်း ရောက်လာတော့ တိုက်မောင်းအရောင် အရမ်းမှိန်သွားတာ။ တိုက်မောင်းက လူသာဆိုးတာ၊ စာတော့ တော်တယ် ကိုဘုန်းရဲ့။ ကိုးတန်းမှာတုန်းကဆိုရင် အဆင့်တစ်၊ နှစ်[illegible]နေ ဘယ်တော့မှ ကျမသွားဘူး။ လူပုံကတော့ မြင်ရင် ပါးကွဲရိုက်ချင်စရာသိပ်ကောင်းတာ"

"ဒေဝီကလည်း တိုက်မောင်းကို အတော်ကို မုန်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



နေပါလား"

"မှန်းတာပေါ့။ ဒေဝီ့ကိုရည်းစားစကား ခဏ ခဏ လိုက်ပြောတာ။ ကိုဘုန်းနဲ့အတူပြန်လို့ အကောင်း နောက်လျှို့ သွားတာ"

ကျောင်းမှာ မိမိကိုကြည့်သည့် တိုက်မောင်း၏ မကျေမချမ်းအကြည့်တွေကို အတွေးမှာ မြင်ယောင်သည်။ တိုက်မောင်းနှင့်ရန်ဖြစ်ပြီးသည့်နောက်ပိုင်း ကျောင်းအပြင်ဘက်က လက်ဖက်ရည်ဆိုင်ကို သူ ထွက်မထိုင်တော့။

ဒေဝီခင်ကလည်း...

"လက်ဖက်ရည်ဆိုင် သွား သွားမထိုင်ပါနဲ့ ကိုဘုန်းရယ်။ တိုက်မောင်းတို့က အဲဒီဆိုင်မှာ အမြဲရှိတာ။ ခိုက်ရန်တွေဖြစ်နေပါ့မယ်"

ဆိုသည့်စကားအတွက်လည်း သူ သွားမထိုင်တော့။ ချိုကြီးကတော့ အရေးစိုက်လို့ကွာဆိုသည့်စကားကို ပြောပါ၏။

လမ်းထိပ်ရောက်တော့ ဒေဝီခင်က သူမ၏အိမ်ကို အတင်းခေါ်သည်။ ကောင်းပါ့မလားဟု သူ ပြောတော့...

"မေမေက ဒေဝီ့ကို ယုံတယ်။ သူငယ်ချင်းကို အိမ်လည်ခေါ်တာ မကောင်းစရာ ဘာရှိလို့လဲ ကိုဘုန်းရဲ့။ ကိုယ့်



သိက္ခာကို ယုံကြည်စိတ်ချရင် ကိုဘုန်းလိုက်ခဲ့ရမှာပေါ့"

"ဟာ...လိုက်ခဲ့ပါတယ်"

"ဒါဆို ပြီးတာပဲဟာ"

ဒေဝီခင်နှင့်အတူ ယှဉ်ပြီး လမ်းထဲဝင်ခဲ့သည်။

တိုက်၏လှေကားထစ်များကို နင်းမိတော့ သူ့အမေကြီး ငါ့ကို ဘယ်လိုများကြည့်မလဲဆိုသည့် အတွေးနှင့် ရင်ခုန်ရသေး၏။ သို့သော်လည်း တိုက်ခန်းရောက်တော့ ကြောင့်ကြသည့်စိတ်များ လွင့်ပါးပျောက်ကွယ်သွားရသည်။

ဒေဝီခင်က မိတ်ဆက်ပေးလိုက်သည်နှင့် ဒေဝီခင့် မေမေ၏ ဖော်ရွေသောအပြုံးကို ရရှိသည်။ စကားပြောရင်း တရင်းတနှီးရှိလာသောအခါ မိဘတွေ၏မျိုးရိုးဇာတိကို အထူးဖြေရန်မလိုအပ်ဟု သူ ယူဆသော်လည်း မိသားစုအကြောင်းကို သူ လိုလိုလားလား ပြောပြဖြစ်ခဲ့သည်။

ပြန်ခါနီးတွင် ဒေဝီခင့်မေမေ ဒေါ်ခင်မိုးလွင်က...

"မောင်နဲ့မတွေ့ပဲရင်းရင်းနှီးနှီး လာလည်နိုင်တယ်နော် သား။ ကိုယ့်ညီမလေးကိုလည်း စောင့်ရှောက်နော်"

အန်တီခင်မိုးလွင်က ကိုယ့်ညီမလေးကို စောင့်ရှောက်နော်ဆိုမှ လှေကားအဆင်းတွင် ဒေဝီခင်၏အသက်ကို သူ မေး

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုဘုန်းထက် တစ်နှစ်ငယ်ပါတယ်"

"ကိုယ့်အသက်ကို မမေးသေးဘဲနဲ့ ဘယ်လိုလုပ်ပြော နိုင်တာလဲ ဒေဝီ"

"ကျောင်းစာရင်းမှာ ကိုဘုန်းရဲ့မွေးသက္ကရာဇ်ကို ကြည့် ထားတာ။ ကိုဘုန်းက ဒေဝီထက် တစ်နှစ်ကြီးများတောင် ကြီး တယ်"

"ဒါဆို ကိုယ့်ညီမလေးပဲ"

"ဟုတ်တာပေါ့"

ဒေဝီခင်က တိုက်အောက်ထိ လိုက်ပို့၏။

"အန်တီ့ကို ပြောလိုက်ပါ"

"ဘာပြောရမှာလဲ"

"နက်စ်ဖျော်တိုက်တာ ကျေးဇူးတင်ပါတယ်လို့"

"ဒါလေးများ"

ပြောပြီး ဒေဝီခင် လျှာကလေးထုတ်အပြမှာ သူ ပြုံးရင်း နှင့် လှမ်းထွက်ခဲ့သည်။

တစ်လမ်းလုံး ဒေဝီခင့်မေမေ၏ ဖော်ရွေမှုများကို ဝမ်း သာကြည်နူးခဲ့ရ၏။



[ ၆ ]

သူ လက်ဖက်ရည်သောက်ချင်သည်ဆိုသဖြင့် ကျောင်းရှေ့လက်ဖက်ရည်ဆိုင်ကို ကွင်းရှောင်ပြီး ကျောင်း နောက်ဘက်က လူရှင်းသည့်လက်ဖက်ရည်ဆိုင်ကလေးမှာ သူ တို့သုံးယောက် ထိုင်ဖြစ်ကြသည်။

လက်ဖက်ရည်သောက်ရင်း ချိုကြီး၏စကားများကို ဒေဝီခင်က မျက်နှာရဲရဲကလေးနှင့် ရယ်ပြီးနားထောင်၏။ သူက

"မင်း အစ်မကလည်း ဒီလောက်တုံးရသလား"

"အေးလေကွာ။ ငါ့ယောက်ဖက တို့မိသားစုကို ပြန် ပြောပြတော့ ငါ ရေရေလည်လည်ကို ဟားပစ်တာ။ မမကတော့ သူ့ယောက်ျားကျောကို တဘုံးဘုံးနဲ့ကို ထုတာ"

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်က သည်လို…

ချိုကြီးယောက်ဖနှင့်အစ်မမိတ်ဆွေတစ်ဦး၏ လက်ဖက်ရည်ပွဲကို သွားကြသည်။ အပေါင်းအသင်းတွေဆုံသဖြင့် စားရင်းသောက်ရင်း ရယ်စရာစကားပြောရင်းမှာ ချိုကြီးအစ်မက လေလည်သွားပါသည်တဲ့။ လည်တဲ့လေကလည်း တော်တော်ကျယ်သည်ဟု ချိုကြီးက ပြောသည်။

ဒါကို ချိုကြီးအစ်မက မသိလိုက်ဘာသာနှင့် ငြိမ်ငြိမ်ကလေး မနေ။ သူ့ကို ဝိုင်းကြည့်လာသည့် မျက်လုံးများကို မလုံမလဲဖြစ်ပြီး…"ဆောရီးနော်" ဟု ဆိုပါသည်တဲ့။

ဒါကို သူ့ယောက်ဖကအိမ်ရောက်တော့ ယောက္ခမနှင့် ခယ်မများကို…

"တကယ်ဆိုကျွန်တော့်ကိုလက်ညှိုးထိုးပြီးအစ်ကိုကလည်း လူတောထဲမှာ လေလည်လိုက်တာလို့ အပြစ်ပုံချလိုက်ရင် ကိစ္စပြတ်မသွားဘူးလား။ ခုတော့ လူတောထဲမှာ ဆောရီးသွားလုပ်နေတယ်"

မိသားစု ဝိုင်းရယ်သည်ကို ရက်ပြီး သူ့အစ်မက သူ့ယောက်ျားကို ထမင်းသုံးရက်တိတိ ချက်မကျွေးဘဲနေပါသည်တဲ့။



ဤသည်ကို ပြောပြပြီး ချိုကြီးက ဒေဝီခင်ဘက်လှည့်၍…

"နင် ခုနေ အီးပေါက်ရင် တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို လွှဲချနော်။ ငါ့အစ်မလို ဆောရီးတွေ ငှက်ပျောသီးတွေ လုပ်မနေနဲ့။ နင့်နောက်က ဝိုင်းမှာ လူတွေအပြည့်ရှိတယ်"

"ကောင်စုတ်နော်။ ငါက နင့်အစ်မလို ဘယ်တော့မှအီးမပေါက်ဘူး"

"အဓိပ္ပာယ်မရှိ မပြောစမ်းပါနဲ့ ဒေဝီခင်ရာ။ ရွာရှိရင် သူကြီးရှိရတယ်။ ဖင်ရှိရင် အီးရှိရတယ်"

ရှက်ရိပ်ဖြင့် ဒေဝီခင်မျက်နှာ ရဲရဲတွတ်နေချိန်မှာ သူ စကားဝင်ရတော့၏။

"ကဲ… တော်ပါတော့ ချိုကြီးရာ။ မင်း အီးတရားနားထောင်ပြီး လက်ဖက်ရည်တောင် သောက်ချင်စိတ်ကုန်တယ်"

ဒေဝီခင်ကလည်း ဝင်ပြောသည်။

"အေးလေ။ ပေါက်တတ်ကရဆို အသေအချာမှတ်ပြီး မြိန်ရေရှက်ရေကို ပြောတတ်တယ်"

ချိုကြီးက တဟဲဟဲနှင့်ရယ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေဝီခင်က မျက်နှာရှုံ့ဟု ထပ်ပြောသည်ကိုလည်း ဒီကောင် တဟဲဟဲနှင့် ရှိတုန်းပင်။

လက်ဖက်ရည်သောက်ရင်း ကျောင်းစာတွေ ဆွေးနွေးတော့ ချိုကြီးမျက်နှာက တည်တည်ငြိမ်ငြိမ်ပါပဲ။ ကျောင်းမှာ ရှုတ်ရှုတ်နောက်နောက် နေတတ် ပြောတတ်သော်လည်း ကျောင်းစာမှာတော့ ချိုကြီးက အညွှန့်စားထဲမှာမဟုတ်။ အဆင့် တစ်ဆယ်ကျော်သော်လည်း ဘာသာရပ်တိုင်းကို သူ အောင်သည်။

"ဒီနှစ်တော့ တို့တွေ အစွမ်းကုန်ကြိုးစားရလိမ့်မယ်"

ဒေဝီခင် ပြောသည့်စကားကို ချိုကြီးက ...

"တို့သုံးယောက်က လုံးဝကို အောင်မှာပါဟ"

"မြင်းကောင်းခွာလိပ်ဆိုတဲ့စကားပုံကို နင် မကြားဖူးဘူးလား ချိုကြီး"

"တိရစ္ဆာန်နဲ့လာနှိုင်းမနေနဲ့။ တို့က လူ၊ ကျောင်းသားတစ်ယောက်အတွက် စာမေးပွဲဆိုတာ စစ်မြေပြင်ပဲ။ ယုံကြည်ချက်ဆိုတာ တို့အောင်ပွဲပဲ ဒေဝီခင်။ ဆယ်တန်းကို အောင်ရမယ်ဆိုတဲ့ ယုံကြည်ချက် တို့သုံးယောက်မှာ အပြည့်ရှိတာပဲဟာ"

သည်တစ်ခါတော့ ဒေဝီခင်က ချိုကြီးစကားကို ရှားရှား



ပါးပါး ထောက်ခံ၏။

ကျောင်းတက်ခေါင်းလောင်းထိုးခါနီးမှာ သူတို့လက်ဖက်ရည်ဆိုင်က ထွက်ခဲ့ကြသည်။ ညနေကျောင်းဆင်းတော့ ဒေဝီခင်က သူ့ကို နက်ဖြန် သူမ၏မွေးနေ့ဖြစ်သည့်အကြောင်း ပြောသည်။

"စနေသမီးပါလား"

"ဟုတ်တယ်လေ။ ဒါကြောင့် ထက်နေတာ"

"သည်ညတော့ စဉ်းစားရပြီ"

"ဘာကို စဉ်းစားမှာလဲ"

"နက်ဖြန် ဒေဝီ့မွေးနေ့အတွက် ဘာလက်ဆောင် ပေးရမယ်ဆိုတာ"

"မလိုဘူး ကိုဘုန်း။ မနက်ပိုင်းကို မေမေက ဆွမ်းချက်ပြီး ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်ပို့မှာ။ ဒါပေမဲ့ ကိုဘုန်းကိုတော့ အကူအညီတစ်ခု တောင်းရမယ်"

"အဲသလို မတောင်းမှာကို စိုးရိမ်နေတာ ဒေဝီ"

ခြေလှမ်းကို မှန်မှန်လျှောက်ရင်း ဒေဝီခင်က မျက်စောင်းကလေးဝင့်၏။ ကော့မျက်တောင်ကြီးသည် ဒေဝီခင်၏ အလှတစ်ပါးဟု သူ ထင်သည်။ ပြောလာမည့်စကားကို နား

www.burmeseclassic.com

www.burmeseclassic.com



အဖွင့်မှာပင်...

"ညနေဘက် ဘုရားသွားချင်တယ်။ ကိုဘုန်း လိုက်ပို့နိုင်မလား မသိဘူး"

"လိုက်ပို့နိုင်တာ မပို့နိုင်တာကို မစဉ်းစားထားပါနဲ့။ ဒေဝီ့ဖေဖေနဲ့မေမေက လက်ခံနိုင်ပါ့မလားဆိုတာကိုပဲ စဉ်းစားပါ"

"ကိုဘုန်းနဲ့ သည်လောက်ရင်းနှီးနေတာပဲဟာ။ ဖေဖေနဲ့ မေမေကိုလည်း ကြိုပြောထားပါတယ်။ စနေညနေမှာလည်း ဖေဖေနဲ့မေမေ ဒေဝီ့ကို ဘယ်လိုမှ လိုက်မပို့နိုင်ဘူး။ ဖေဖေတို့ ဌာနက အရာရှိတစ်ယောက်ရဲ့ ညည့်ခံပွဲကို ဖေဖေနဲ့မေမေ သွားရမယ်။ ကိုဘုန်းလိုက်ပို့ရင်တောင် ဖေဖေနဲ့မေမေက ကိုဘုန်းကို အရမ်းကျေးဇူးတင်မှာ"

"ညနေ ငါးနာရီလောက် ကိုယ်လာမယ်လေ"

"မျှော်နေမယ်နော်။ ဘုရားက ပြန်ရင်မြို့ထဲမှာ ကိုဘုန်းစားချင်တာ ဝယ်ကျွေးမယ်"

"ကောင်းတာပေါ့"

သည့်နောက် နှစ်ယောက်အတူ ရယ်မောစရာ စကားများ ပြောရင်း တရုတ်စကားပင်ကြီးအောက် ရောက်လာသည်။



သူက မြက်ခင်းစပ်ပေါ် ကြွေကျနေသည့် စကားပွင့်လေးတစ်ပွင့်ကို ကောက်ယူပြီး မွှေးလိုက်၏။

"စကားပန်းနံ့ကို ကိုယ်သိပ်သဘောကျတာပဲ ဒေဝီ"

ဒေဝီနှင့်သူ ပတ်သက်မှု အဓိပ္ပာယ် လုံးဝမရှိသော်လည်း ဒေဝီခင်က ပြုံးရင်းနှင့် "အင်းနော်" ဟု ဆိုသည်။

သည် အင်းနော်ဆိုတာကြီးကလည်း အဓိပ္ပာယ်သက်ရောက်မှု မရှိဟု သူ ထင်လိုက်သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



[ ၇ ]

"မမကြီး သည်နေ့တစ်နေကုန် ကားသုံးမလား မသိဘူး" ဆိုသည့် သူ၏အမေးစကားကို မမကြီးက မသိမသာ မျက်မှောင်ကြုတ်လိုက်၏။

ပြီးမှ...

"မောင် ကားနဲ့သွားစရာကိစ္စ ရှိလို့လား"

"သည်နေ့ သူငယ်ချင်းမွေးနေ့မို့ပါ။ ကားအကူအညီ မတောင်းပေမယ့် သူ့မွေးနေ့မှာ ကား ကူညီချင်လို့ပါ"

"ယူလေ ...မောင် ဘယ်အချိန်သွားမှာလဲ"

"ညနေ ငါးနာရီ မမကြီး"

"ကောင်းပြီလေ။ ညနေကျ အလုပ်တိုက်ကို ကား လာ



ယူပေါ့"

"မမကြီး အပြန်ခက်နေမလား"

"မေဆုရည်ကို ပို့နိုင်းမယ်"

သူ ပင့်သက်ကို ဖွဖွချသည်။

သူငယ်ချင်းဆိုသည့်နေရာတွင် မ.လား၊ ကျားလား ဟု မမကြီးက ခွဲခွဲခြားခြား မေးမှာကို သူ စိုးရိမ်နေသည်။

မေး၍သူငယ်ချင်းအမျိုးသမီးပါဟု ဆိုလျှင် မမကြီး သည် သူ့ကို ဒူးစမ်းသလိုကြည့်ပြီး ကားကို အကြောင်းပြချက် တစ်ခုခုနှင့် ပေးမသုံးမှာကတော့ အသေအချာဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ကျောင်းမပြီးမချင်း မောင် ဘာကိုမှ စိတ်ဝင်စားလို့မရဘူးဆိုသည့်စကားကို တည်ကြည်စွာ မမကြီး ပြောခဲ့ဖူးသောကြောင့်ဖြစ်သည်။

မမအလုပ်တိုက်ကို ထွက်သွားတော့ နံနက်ကိုးနာရီ ဘိတိ။ သည်နေ့ ကျောင်းပိတ်သဖြင့် စိတ်မှာပျင်းသလိုတော့ ရှိသည်။ သို့သော်လည်း ညနေဘက်မှာ ဒေဝီခင်နှင့် နှစ်ယောက် အတူ သွားကြရမည်ကို တွေးမိတော့...

ရင်ခုန်ခြင်းနှင့်အတူ ကိုယ့်စိတ်ကို မလုံ။ မလုံစိတ်ထဲမှာ ချိုကြီးပြောသည့်စကားကိုလည်း သူ အလိုလိုအမှတ်ရနေ

www.burmeseclassic.com

www.burmeseclassic.com



၏။

"ဒေဝီခင်က ကျောင်းမှာ ဘယ်ယောကျ်ားလေးကိုမှ လူထင်တာ မဟုတ်ဘူး။ မင်းကိုကျ ဂရုတစိုက်နဲ့ကို အရေးပေးလွန်းတယ် အောင်ဘုန်းပြည့်။ ဒေဝီခင်ရင်ထဲမှာ မင်းနဲ့ပတ်သက်ပြီး ရိုးသားတဲ့စိတ်တွေမှ ရှိရဲ့လား မသိဘူး"

သည်တုန်းက မင်းပေါက်ကရတွေ လျှောက်ပြောမနေနဲ့ ချိုကြီးဟု ဟိန်းဟောက်မိသေး၏။ သို့သော်လည်း ချိုကြီးစကားကိုတော့ သူ့စိတ်မှာ ကျေနပ်နေခဲ့သည်။

ညနေဘက်ရောက်တော့ အလုပ်တိုက်မှာ ကားသွားယူပြီး ဒေဝီခင်တို့တိုက်ကို တန်းမောင်းခဲ့၏။

တိုက်ရှေ့မှာ ကားရပ်သည်နှင့် ဒေဝီခင် အပေါ်ထပ်မှ အပြေးကလေး ဆင်းလာသည်။

"ကိုဘုန်း အပေါ်တက်ဦး။ စောလိုက်တာ ခုမှ ရေချိုးမလို့လုပ်နေတာ"

ဒေဝီခင်ပြောမှ သူ ဝီရိယကောင်းနေသည်ကို ကိုယ့်ကိုယ်ကို ပြန်ရှက်ရ၏။

"ဘယ်မှသွားစရာမရှိတာနဲ့ စောစောလာခဲ့တာ"

"အဆင်ပြေတာပေါ့။ အပေါ်မှာ ဖေဖေရှိတယ်"



ဒေဝီခင့်ဖေဖေ၏ ရုံးကားအစိမ်းရောင် မာဇဒါဂျစ် ရပ်ထားသည်ကို မြင်ကတည်းက ဒေဝီခင့်ဖေဖေ ရှိနေမှန်းကို သူ သိပါသည်။

ဧည့်ခန်းရောက်တော့ အန်ကယ်ဦးမြတ်ထိုက်ကို ရယ်ရယ်ပြုံးပြုံးနှင့် တွေ့၏။

"ထိုင် . . .မောင်အောင်ဘုန်းပြည့်။ မင်းသူငယ်ချင်းကတော့ သူ့မွေးနေ့မှာ မင်းကို အားမနာတမ်းခိုင်းနေပြီ ထင်တယ်"

"ကျွန်တော့်မှာ မိန်းကလေးသူငယ်ချင်းဆိုလို့ ဒေဝီတစ်ယောက်ပဲ ရှိပါတယ် အန်ကယ်"

"ပြောတယ်။ အတန်းထဲမှာ စာတော်တဲ့အကြောင်းကိုလည်း သမီးက ပြောတယ်။ သူ နားမရှင်းတာတွေ မသိတာတွေကို မောင်အောင်ဘုန်းပြည့်က ရှင်းပြ ပြောပြတယ်လို့လည်း ပြောတယ်"

သူ ပြုံးနေလိုက်၏။

ကိုယ့်အရည်အချင်းကို ဖော်ပြနေတော့လည်း စိတ်မှာ ကျဉ်းကျပ်သလို ခံစားရသည်။

တော်ပါသေးသည်။

ဒေဝီခင် ရေမိုးချိုး ဖြီးလိမ်းပြင်ဆင် အဝတ်စားလဲတာ

www.burmeseclassic.com

www.burmeseclassic.com



မိနစ်နှစ်ဆယ်တိတိပဲ ကြာသည်။ ဒါကလည်း သူ့အချိန်ကို မှတ်ထားခြင်းကြောင့် သိခြင်းဖြစ်၏။

"ဖေဖေ သမီးတို့သွားမယ်နော်"

အန်ကယ်မြတ်ထိုက်က ခေါင်းညိတ်ပြသည်။

အခန်းတံခါးဖွင့်ပြီး ဆင်းမည်အပြုတွင် ဒေဝီခင့်မေမေ ရောက်လာပြီး...

"မေမေတို့ ညမိုးချုပ်မယ် သမီး"

"ဒေဝီတို့ ရှစ်နာရီထက်နောက်မကျပါဘူး မေမေ"

"ထမင်းစားထားနှင့်နော်။ မောင်အောင်ဘုန်းပြည့်ကိုလည်း ခူးခပ်ကျွေး"

"သမီးတို့ အပြင်မှာ တစ်ခုခုစားဖို့ စီစဉ်ထားတယ် မေမေ"

"ဒါဖြင့် မောင်အောင်ဘုန်းပြည့်ကို ဝယ်ကျွေးနော်။ ကိုယ့်အိတ်ထဲက ပိုက်ဆံမှထုတ်ဘဲ ကပ်စေးနည်းမနေနဲ့"

"မေမေကလည်း သမီးက စေးနည်းတတ်တာ ကျနေတာပဲ"

ဒေဝီခင် နှုတ်ခမ်းလေးကို မူမူဆူတော့ အန်တီခင်မိုးလွင်က ပြုံးနေ၏။



အောက်ရောက်သည်အထိ ဒေဝီခင် နှုတ်ခမ်းဆူမပျက်သေး။ ကားပေါ်ရောက်မှ သူမ၏နှုတ်ခမ်းဆူခြင်းအလုပ်ပြီးစီးသည်။

"လူရှေ့ဆို မေမေက သိပ်အရှက်ခွဲတတ်တာပဲ"

"သမီးအကြောင်းသိလို့နေမှာပါ"

"အမယ် ... အဲသလို မပြောပါနဲ့နော်။ ဒေဝီ ကပ်စေးနည်း မနည်းကို ကိုဘုန်း သိတယ်"

"ဒါကြောင့် ကိုယ်ကချည်းပဲ ဝယ်ကျွေးနေရတာ"

"ကြည့် ...တော်ပြီ။ နောက်ဆို ငါ့ဘုန်း ကျွေးတာမစားတော့ဘူး"

"ဒါက နောက်ကိစ္စလေ။ သည်နေ့တော့ ကိုယ်က ဒေဝီကျွေးတာကို ရေရေလည်လည်ဝါးမှာ"

ကားကို ဖြည်းဖြည်းမှန်မှန်မောင်းသည်။

ဒေဝီခင်ကိုယ်မှ အမျိုးအစား ခန့်မှန်းလို့မရသည့် ရေမွှေးနံ့သင်းသင်းကို ရှူရှိုက်ခံစားရသည်။

ကားကို ဦးဝိစာရဘက် ဦးတည်ပြီး မြောက်ဘက်မှန်ဘက်သို့ ကားကို ချိုးကွေ့လိုက်၏။ ရပ်နားစခန်းမှာ ကားအပ်ပြီး ဓာတ်လှေကားနှင့် ရင်ပြင်ပေါ်တက်တော့...

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လှေကားပေါ် ခြေအချမှာ ဒေဝီခင်က ကြောက်ကြောက်လန့်လန့်နှင့် သူ့လက်မောင်းကို ဖမ်းဆုပ်ကိုင်သည်။

လှည့်ကြည့်တော့...

ဒေဝီခင့်မျက်နှာမှာ ရှက်ရိပ်ကလေးဝေနေသည်ကို သူ တွေ့ပါ၏။

× × ×

မိန်းမတစ်ယောက်၏ လုပ်ရိုးလုပ်စဉ်အတိုင်း ဒေဝီခင်က ဘုရားကိုကြာဖြင့်စွာရှိခိုးပြီးဂြိုဟ်တိုင်မှာ ရေသပ္ပာယ်သည်။

ဖယောင်းတိုင်တွေ သက်စေ့ထွန်းညှိတော့ သူက ဒေဝီခင့်နံဘေးမှာ ယှဉ်ရပ်ပြီး ဖယောင်းတိုင်များကို မီးကူးပေးသည်။

"ရင်ထဲမှာ အရမ်းအေးချမ်းတာပဲ ကိုဘုန်းရယ်"

"ဘုရားရိပ် တရားရိပ်မှာ လောဘ၊ ဒေါသ၊ မောဟတွေ ဖယ်ရှားထားတော့ အေးချမ်းတာပေါ့ ဒေဝီရဲ့"

"ကိုဘုန်း အသက်အရွယ်နဲ့ ကိုဘုန်းစကားက နည်းနည်းများ ကြီးကျယ်သွားမလား မသိဘူး"

"သည်လောက်တော့ ပြောတတ်ပါတယ်။ ကိုယ်က ဒေဝီ့လို ဗုဒ္ဓဘာသာမိသားစုက ဆင်းသက်ပေါက်ဖွားလာတဲ့



သူပဲဟာ"

ဒေဝီခင်က လှလှပပကလေး ပြုံးသည်။

သည့်နောက် နှစ်ယောက်အတူ စေတီတော်ကြီးကို တစ်ပတ်ပတ်ပြီး ဆုတောင်းပြည့်အနီး တန်ဆောင်းမှာ ဝင်ထိုင်တော့...

သူက သူ့ဂျက်ကောခ်အိတ်အနက်လေးထဲမှာ ထည့်ထားသည့် ကတ္တီပါဘူးရှည်ကလေးကို ထုတ်ယူသည်။

"ဘာလဲ ကိုဘုန်း"

"ဒေဝီ့အတွက် မွေးနေ့လက်ဆောင်ပါ"

ပြောပြီး ကတ္တီပါဘူးကလေးကို အသာဖွင့်လိုက်၏။

"ဟယ်...ကိုဘုန်းရယ်။ ဒေဝီမယူရဲပါဘူး"

"မိဘပစ္စည်းမဟုတ်ဘူး ဒေဝီ။ ကိုယ်တစ်လတစ်လရတဲ့ မုန့်ဖိုးတွေ စုထားတဲ့ငွေထဲက ဒေဝီ့ကို ဝယ်ပေးတာ။ ဒီမှာ သောက်ချာ။ ဒေဝီ့နာမည်နဲ့"

သုံးထပ်ကွင်းဝိုင်းကလေးမှာအသည်းနှစ်ထပ်ပုံလော့ကတ်သီးလေး၊ နန်းဆွဲပြီးအပြားဖော်ထားသည့် ရွှေဆွဲကြိုးကလေးက မီးအလင်းရောင်မှာ ဝင်းလက်နေသည်။

"ဒေဝီ ကိုဘုန်းဆီက ဘာမှမျှော်မှန်းမထားပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ယုံကြည်ပြီးသားပါ"

"ဒါပေမဲ့ တန်ဖိုးကြီးလွန်းတယ် ကိုဘုန်းရယ်"

"ထာဝရအတွက် အမှတ်တရ ဖြစ်စေချင်တယ်လေ။ လည်မှာအမြဲဆွဲထားစေချင်တယ်"

ဒေဝီခင် ပင့်သက်ဖွဖွကလေး ချသည်ကို သူသိသည်။

"မွေးနေ့လက်ဆောင်ဆိုတာ မငြင်းကောင်းဘူး။ ငြင်းရင် မင်္ဂလာပစ္စည်းက မင်္ဂလာမဲ့သွားတတ်တယ်"

"ဒေဝီလက်ခံပါ့မယ်"

"မှန်တာပေါ့။ လေးလေးစားစားနဲ့ကို ဒေဝီလက်ခံရမှာ။ ကဲ ပိုပြီးမှတ်မှတ်ရရဖြစ်သွားအောင် ကိုယ်ဆွဲပေးမယ်နော်"

ဒေဝီခင်ထံက စကားသံ ထွက်မလာသော်လည်း လည်တိုင်လေးကို စင်းပေးသည်။

အမှတ်တရရတနာကြိုးလေးသည် ဒေဝီခင်၏ရင်ညွန့်ပေါ်မှာ တွဲအိကျလျက်ရှိ၏။

"ကိုဘုန်း"

"ဘာလဲဒေဝီ"

"ကျေးဇူးတင်ပါတယ်နော်"

"ကျေးဇူးတင်တာထက် မြတ်မြတ်နိုးနိုးဆွဲထားဖို့က ပိုပြီး အရေးကြီးပါတယ်"



"လက်ခံထားပြီးမှပဲ ကိုဘုန်းရယ်"

"သတိပေးရတာပါ"

ဒေဝီခင်၏ တောက်တောက်ပပအပြုံးက နှလုံးသားထဲ နစ်ဝင်ပါသည်။ ဒေဝီခင် ပျော်သလို သူလည်း ပျော်နေရပါ၏။

ဘုရားပေါ်မှာ အချိန်ကြာမြင့်စွာနေပြီး အောက်သို့ ပြန်အဆင်း...

ဘုရားပေါ်တက်လာသည့် တိုက်မောင်းနှင့် တိုက်တိုက်ဆိုင် မျက်နှာချင်းဆိုင် တိုးတော့...

တိုက်မောင်းမျက်နှာ ထန်နေသည်ကို သူ သတိထားလိုက်မိသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



[ ၈ ]

"ဟုတ်ရဲ့လား မေ"

"နိုင်ရယ်၊ မင်းမောင်ရဲ့မျက်နှာကို မေက မမှတ်မိဘဲ နေမလား။ မြင်တာ အဝေးကတောင် မဟုတ်ဘူး။ အနီးကပ်ကို မြင်တာ။ နှစ်ယောက်သားစကားတွတ်ထိုးနေလိုက်ကြတာ။ မလှမ်းမကမ်းမှာ မေနဲ့ရတနာ ထိုင်နေတာကို သူတို့ သတိမထားမိကြဘူး"

မောင်ဖြစ်သူနှင့်ပတ်သက်ပြီး မြသက်ခိုင် အတွေးတွေနက်လာသည်။ မနေ့က ကားသုံးမည်ဟု ပြောပြီး ယူသွားခဲ့သည်။ ခု မေဆုရည်က ဘုရားပေါ်မှာ ကောင်မလေးတစ်ယောက်နှင့် တွေ့သည်ဟုဆိုလာ၏။



"နိုင့်ကို လိုက်ပို့ပြီး မေလည်း ဘုရားတက်ဖို့ အစီအစဉ်မရှိပါဘူး။ ရတနာက သူ့မွေးနံ့ထောင့်မှာ ရေသပ္ပာယ်ချင်တယ်ဆိုတာနဲ့ ဘုရားကို ဝင်တာ၊ နိုင့်ယောက်မက အချောလေးကွ"

မေဆုရည်က ရယ်ရယ်မောမော စကားဆိုသော်လည်း မြသက်ခိုင်က မျက်မှောင်ကို ကြုတ်ထားဆဲဖြစ်၏။ ရတနာဆိုတာက ကုမ္ပဏီ၏အတွင်းရေးမှူးမလေး။

"မောင်က ဒီအကြောင်းတွေ နိုင့်ကို ဘာမှမပြောဘူးမေ"

မေဆုရည်က ရယ်ပြန်၏။

ရယ်ရင်းနှင့် ယွန်းဘူးခွက်ထဲမှ ဖီးကရက်တစ်လိပ်ကို နှိုက်ယူ မီးညှိ၏။ မေဆုရည်၏ဖီးကရက်ကြိုက်တတ်မှုကို မြသက်ခိုင် တားဆီးခဲ့ပေါင်းများပြီ။

"မိန်းကလေး ဖီးကရက်သောက်တာ အမြင်မတော်ဘူးဆိုတဲ့ သဘောနဲ့ တားဆီးပိတ်ပင်နေတာ မဟုတ်ဘူး မေ။ မေက ဖီးကရက်အသောက်ကြမ်းတယ်။ မေ့ကျန်းမာရေးကို ထိခိုက်မှာစိုးလို့ သူငယ်ချင်းကောင်းပီသစွာ တားတာ"

ဆိုသည့်စကားကိုလည်း မြသက်ခိုင် ခဏခဏ ပြောခဲ့ဖူးပါ၏။ သို့သော်လည်း မေဆုရည်က ပြန်မပြောနားမထောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါတော့ စီးကရက်အဖြူတောင့်လေးတွေဟာ ကိုယ့်ဘဝရဲ့အဖော်ပါ နိုင်ရယ် ဆိုသည့် စကားကိုတော့ မေဆုရည် ပြော၏။

"စောစောက ဘာပြောတယ်နိုင်၊ မောင်က ဒီအကြောင်းတွေ နိုင့်ကို ဘာမှမပြောဘူး ဟုတ်လား။ ဖြစ်မှဖြစ်ရလေ နိုင်ရယ်။ မောင်လုပ်တဲ့သူက ရည်စားထားတာကို အစ်မဖြစ်တဲ့သူကို ပြောပြမယ်တဲ့လား"

မြသက်နိုင် ပင့်သက်ချသည်။

သည်နေ့တစ်နေ့လုံး အလုပ်မှာ စိတ်ဝင်စားခြင်း မရှိ။ ညနေအလုပ်တိုက်မှ အိမ်ပြန်တော့ မောင်ဖြစ်သူနှင့်တန်းတိုးသည်။

မင်းမနေ့က ကောင်မလေးတစ်ယောက်နဲ့ ဘုရားသွားတယ်မို့လားဆိုသည့် အမေးစကားမေးရန် နှုတ်ကို ပြင်မိသေး၏။ သို့သော်လည်း သူမ နှုတ်ကိုချုပ်ထားလိုက်သည်။

စိတ်မှာတော့ မောင်ဖြစ်သူနှင့်တွဲသည့် ကောင်မလေးကို သိချင်နေသည်။

ကျောင်းကလား...

အပြင်လောကကလား...



ဘာပဲဖြစ်ဖြစ် မောင် ငယ်ပါသေးသည်။ ပညာမစုံသေးဘဲနှင့် ဘဝခရီးတစ်ခုကို ရှက်ကုန်ဖွင့်ချင်လို့တော့ ဘယ်ရမလဲ။

မောင်နှင့်ပတ်သက်သည့် ဘာဝန်တွေ...

သူမမှာ အပြည့်ရှိသည်။

ဒါကို မေမေကလည်း လုံးဝလက်ခံထား၏။

ညနေစာ ထမင်းစားတော့ မောင်၏အမူအရာကို သူမအကဲခတ်သည်။

မောင့်အမူအယာက ဘာမှထူးခြားပုံမပြ။

သည်တော့ အသားဟင်းဖတ်ကို ဇွန်းနှင့်ခတ်ယူပြီး မောင့်ပန်းကန်ထဲ ထည့်ပေးရင်းမှ...

"မနေ့က မောင့်သူငယ်ချင်းရဲ့မွေးနေ့ ပျော်ပျော်ရွှင်ရွှင်ပြီးဆုံးသွားတယ် ထင်တယ်"

"ဟုတ်တယ် မမ၊ မောင့်ကိုလည်း သူ အရမ်းကျေးဇူးတင်နေတယ်"

မင်းသူငယ်ချင်းက အထီးလား အမလားဆိုသည့် အမေးစကားကတော့ သူမ ရင်ထဲမှာသာ ရှိနေ၏။

မောင်နှမနှစ်ယောက်၏ ထားရှိရမည့် စည်းမှာ သည်အမေးစကားမေးရန် ရှောင်ကျဉ်အပ်သည်ဟုတော့ မြသက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် သုံးသပ်သည်။ သို့သော်လည်း မေးချင်သည့် စကားတစ်ခွန်းကိုတော့ မေးဖြစ်ပါ၏။

"မမတို့ ဗုဒ္ဓဘာသာတွေရဲ့ ဓလေ့ထုံးစံမှာတော့ ကိုယ့်မွေးနေ့ဆိုရင် ဘုရားသွားကြတာ များတယ် မောင်"

"သွားပါတယ် မဖ"

မောင်က အမှန်အတိုင်းဖြေ၏။

သည်အဖြေပေါ်မှာ သူမက ဘာမကျေမနပ် ဖြစ်ရမှာလဲ။

မောင် လိမ်ညာပြီးပြောနေတာမှ မဟုတ်တာ။

ဒါပေမယ့် ...

ကောင်မလေးကိုတော့ မြသက်ခိုင် မြင်ဖူးချင်နေ၏။

× × ×



[၉]

ကျောင်းလမ်းဘက်ချိုးအကွေ့မှာ တိုက်မောင်း၏ ရုပ်ပိုင်းတစ်ခုလုံးကို ဘွားခနဲ မြင်တွေ့လိုက်ရသည်။

သူ့ရှေ့မှာ တိုက်မောင်း ပိတ်ရပ်ချိန်ဝယ် မလှမ်းမကမ်းမှာ တိုက်မောင်း၏သူငယ်ချင်းတစ်ယောက် ရပ်နေသည်ကိုလည်း သူ သတိပြုလိုက်မိ၏။

"ဘာလုပ်တာလဲ တိုက်မောင်း"

"မင်းနဲ့ စာရှင်းရှင်းချင်လို့"

အင်မတန်ကိုမှ လွဲမှားနေသော စကားဖြစ်သည်။ စာရှင်းရှင်းရန်အတွက် သူနှင့်မိမိက ဘယ်တုန်းကမှ ငြိစားငြိရှင် ရှိခဲ့။

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါနဲ့ စာရင်းရှင်းစရာအကြောင်းမရှိဘူး ထင်တယ်"

"သိပ်ရှိတာပေါ့ကွာ"

တိုက်မောင်း၏ မခိုးမခန့်အပြုံးသည် ရုပ်ရှင်ထဲက လူကြမ်းတစ်ယောက်၏ဟန်ပန်မျိုး ဖြစ်သည်။ သို့သော်လည်း ရုပ်ရှင်ထဲက လူကြမ်းထက်တော့ တိုက်မောင်းက ရုပ်ရည်ဆယ်ဆ သာပါ၏။

"ရှင်းရှင်းမေးမယ် အောင်ဘုန်းပြည့်။ မင်းနဲ့ဒေဝီခင် ဘယ်လိုပတ်သက်နေတယ်ဆိုတာ ပြော"

"မင်းနဲ့ မဆိုင်ဘူးထင်တယ်"

"ဆိုင်တယ်ကွ ဆိုင်တာမှ ဟောသလိုကို ဆိုင်တယ်"

"ဖြောင်း"

"အား"

ရိုက်ချက်က ပြင်းထန်လွန်းသည်။

တိုက်မောင်းလွှယ်အိတ်ထဲမှာ ရဲတွေကိုင်သည့် မျဉ်းလုံးမျိုးပါလာသည်ကို သူ လုံးဝ သတိမပြုမိ။

လဲပြိုအကျမှာ နဖူးစပ်မှ သွေးတွေက ဒလဟောသွန်ကျလာသည်။ ပြာဝေသွားသော မျက်လုံးကြောင့် မြင်ကွင်းကို



မမြင်ရတော့။

"ဟာ . . . တိုက်မောင်း မင်းလက်လွန်သွားပြီကွာ။ လက်လွန်သွားပြီ"

ဆိုသည့် အသံကို အနီးကပ်ကြားသည်။

သည့်နောက် အော်သံဟစ်သံများနှင့် ကျောင်းသားတစ်အုပ်ပြေးလွှားလာသည့် ခြေသံတွေ၊ တိုက်မောင်းကို ဝိုင်းပြီး ဖမ်းချုပ်ထားသည်ဆိုသည်ကို အသံများအရ သူသိလိုက်ပါ၏။

ကျောင်းအုပ်ကြီးရုံးခန်းရောက်တော့ သွေးတွေက မြင်မကောင်းအောင် ကျဆင်းနေတုန်း ဖြစ်သည်။ အတန်းပိုင်ဆရာမက ထိတ်ထိတ်ပျာပျာနှင့် သွေးများကို သန့်ရှင်းပြီး ဆေးထည့်ပတ်တီးစည်းသည်။

ဖြစ်ရပ်ကို ကျောင်းအုပ်ဆရာကြီးက ဘယ်လိုမှ သည်းမခံနိုင်။ ကျောင်းသားချင်း သွေးထွက်သံယို ဖြစ်ရလောက်ထိ လက်ရောက်ကျူးလွန်သည်ကို ဘယ်လိုမှခွင့်လွှတ်နိုင်ခြင်းမရှိ။

ညနေကျောင်းဆင်းခါနီးမှာ တိုက်မောင်းကို ကျောင်းက ထုတ်မည်ဆိုသည့် သတင်း တစ်ကျောင်းလုံးသို့ ပျံ့နှံ့သွားသည်တွင် သူ ကျောင်းအုပ်ကြီးရုံးခန်းသို့ အပြေးကလေးလာခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"တိုက်မောင်းကို ကျောင်းက မထုတ်ပါနဲ့ ဆရာကြီးရယ်။ စာမေးပွဲကြီး အရမ်းနီးနေပါပြီ။ တိုက်မောင်း စိတ်ဆတ်တတ်ပေမယ့် စာတော်တဲ့ကျောင်းသားတစ်ယောက်ပါ။ ဖြစ်ခဲ့တဲ့ကိစ္စတွေကို ကျွန်တော်ကျေအေးပါတယ်။ ခွင့်လွှတ်ပါတယ်"

ဆရာကြီးက သူ့ကို ခပ်စူးစူးကြည့်သည်။

ဆရာကြီးစားပွဲရှေ့ထိုင်ခုံမှာ တိုက်မောင်းကို ခေါ်ငုံ့ထားလျက် တွေ့သည်။ နောက်ဆုံး တိုက်မောင်းကို ပြင်းထန်စွာသတိပေးလိုက်ပြီး ကျောင်းထုတ်သည့်ပြစ်ဒဏ်မှ လျှော့ပေါ့လိုက်၏။

ကျောင်းအုပ်ကြီးရုံးခန်းမှအထွက်တွင် တိုက်မောင်း၏အကြည့်တစ်ချက် သူ့ထံ ဝေ့ဝဲလာသည်ကိုတော့ မြင်တွေ့လိုက်သည်။

× × ×

"ဘုရားဖြစ်မယ့် အုတ်နီခဲ"

ဒေဝီခင်၏နှုတ်ခမ်းကလေးဖုဖု ရှုနေသည်။

မစဉ်းစားရပါပဲနှင့် ဒေဝီခင်ပြောသည့် စကားအဓိပ္ပာယ်ကို သူ သိနေ၏။



"ကိုဘုန်းမကျေအေးရင် ဆရာကြီးက တိုက်မောင်းကို ဘယ်လိုမှ ခွင့်လွှတ်မှာ မဟုတ်ဘူး။ သေချာပေါက်ကို ကျောင်းထုတ်ပစ်မှာ"

"ဒေဝီရယ်၊ စာမေးပွဲကြီးကလည်း အရမ်းနီးနေပြီမဟုတ်လား။ သူ စိတ်မာတတ်တွေကျဆင်းပြီး ပညာရေး ထိခိုက်သွားမှာပေါ့"

"အဲဒီလောက်ထိ ကိုဘုန်း သဘောထားမကြီးသင့်ဘူး။ ကိုယ့်ကို မသေရုံတမယ် လုပ်တဲ့သူကိုများ သူက ကျေအေးပါတယ်၊ ခွင့်လွှတ်ပါတယ် သွားလုပ်နေသေးတယ်။ ကျောင်းမှာ ဒီလောက် သောင့်မကျိုးဖြစ်နေတဲ့အကောင် တစ်ခါတည်း ကျောင်းက ထုတ်ပစ်လိုက်မှ အေးမှာ"

"ပြီးတာတွေလည်း ပြီးပါစေတော့ ဒေဝီရယ်"

မျက်နှာမှာ ကျေနပ်ပုံမပေါ်။

ဘယ်ကစဖြစ်တာလဲဆိုသည့် အမေးစကားကိုတော့ ဒေဝီခင် စိတ်မကောင်းဖြစ်မည်စိုး၍ သူ လှီးလွှဲပြောလိုက်၏။ ကျောင်းအုပ်ကြီး စစ်မေးတုန်းကလည်း ဒေဝီခင်၏သိက္ခာနှင့် တိုက်မောင်း၏သိက္ခာကို ငဲ့ညှာပြီး သူ လှီးလွှဲပြောခဲ့ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီ . . .ကက်သရင်းတို့နဲ့ ကျောင်းအရှေ့ဘက် ထောင့်က ပိန္နဲပင်ကြီးအောက်မှာ သွားပြီး ငိုတာ ကိုဘုန်းသိသလား"

"ဟင်...ဒေဝီ ဘာဖြစ်လို့ငိုရတာလဲ"

"ကိုဘုန်းဖြစ်လာတဲ့ပုံကို မှန်ထဲ ပြန်ကြည့်စေချင်တယ် သိလား။ မျက်နှာမှာ သွေးချင်းချင်းနီနေတာပဲ။ အဲဒါ ဒေဝီ့ရင်ထဲ ဘယ်လိုကောင်းနိုင်မလဲ"

မျက်နှာမှာ ကရုဏာရိပ်များယှက်သန်းနေ၏။ သူက ဒေဝီခင်၏ပခုံးစွန်းကလေးကို ခပ်ဖွဖွပုတ်ပြီး...

"ကိုယ့်အတွက် ပူပန်တာကို ကျေးဇူးတင်ပါတယ် ဒေဝီ"

"မဟုတ်သေးဘူး ကိုဘုန်း"

"ဘာကို မဟုတ်သေးတာလဲ ဒေဝီရဲ့"

"ကိုဘုန်း တိုက်မောင်းကို ပြန်ပြီးခေါင်းရိုက်ခွဲပစ်ရ မယ်"

"အဲသလို ရိုက်ခွဲလိုက်ရင် သူ စာမကျက်နိုင်ဘဲ စာမေး ပွဲကျသွားမှာပေါ့ ဒေဝီရဲ့"

"တိုက်မောင်းက ကိုဘုန်းယောက်ဖလား"



သူက အသံကလေးထွက်အောင် ရယ်၏။ လမ်းထိပ် ရောက်သည့်ထိ ဒေဝီခင်၏ဒေါသက အရှိန်မသေ။ သူ၏ရယ်ကျဲကျဲ မျက်နှာကိုကြည့်ပြီး သွားမယ်ဟု ခပ်ဆတ်ဆတ် နှုတ်ဆက်၍ ဒေဝီခင် လမ်းထဲဝင်သွားသည်။

သူတစ်ယောက်တည်း ဆက်လျှောက်ခဲ့ရင်း စိန်ပန်းပင်ကြီးအောက်အရောက်တွင် နောက်ပါးမှနေ၍ လက်မောင်းကို ဆုပ်ကိုင်ခြင်းခံရသည်။

လှည့်ကြည့်တော့ တိုက်မောင်းကို မျက်နှာသေလေးနှင့် တွေ့ရ၏။

"ငါ မင်းတို့နောက်က ပါလာတာပါ အောင်ဘုန်းပြည့်"

သူ ပင့်သက်ကို ခပ်မျှင်းမျှင်းအချတွင်...

"ဒေဝီခင် မင်းဘေးမှာပါနေလို့ ငါ မလှမ်းမကမ်းက ကိုက်လာတာပါ"

"ကိစ္စရှိလို့လား"

"ငါ အရမ်းမှားခဲ့တယ်ကွာ။ အဲဒီအမှားတွေကို မင်း ကျေနပ်တဲ့အထိ ငါ တောင်းပန်ချင်တယ်"

"မလိုအပ်ဘူးထင်တယ်"

"ဘာလို့မလိုအပ်ရမှာလဲ အောင်ဘုန်းပြည့်ရာ။ တော

www.burmeseclassic.com



ကွာ ရွှေနားက မြောင်းပေါင်ပေါ်မှာ တို့နှစ်ယောက် ခဏလေး ထိုင်ကြရအောင်"

"စာရင်းရှင်းစရာကိစ္စဆို ငါ ဆက်သွားတော့မယ် တိုက်မောင်း။ သည်တစ်ခါမင်း စာရင်းရှင်းလာရင် ငါသည်းခံမှာ မဟုတ်တော့ဘူး"

တိုက်မောင်းက ခပ်ယဲ့ယဲ့ကလေး ပြုံး၏။

"မင်းနဲ့ငါ ဘာစာရင်းမှရှင်းစရာမလိုပါဘူး အောင်ဘုန်းပြည့်ရာ။ ဒေဝီခင်နဲ့လည်း ဘာမှမပတ်သက်ပါဘူး။ ဖြစ်ရတဲ့ ကိစ္စက ငါ့စိတ်ဓာတ် မရင့်ကျက်မှုပါ"

"သေချာတယ်နော်"

"သေချာပါတယ် သူငယ်ချင်းရာ"

တိုက်မောင်းက သူ့ပခုံးကို ဆုပ်ဖက်လာ၏။

သည့်နောက် နှစ်ယောက်သား မြောင်းပေါင်ပေါ်မှာ ထိုင်ဖြစ်ကြသည်။

"မင်းသဘောထားမကြီးခဲ့ရင် ငါ ကျောင်းထုတ်ခံရမှာ အသေချာပဲ အောင်ဘုန်းပြည့်"

ဟု ပြောပြီး…

"မင်းကို ငါ အရှုံးလေးတားသွားတယ်ကွာ။ ဆရာကြီး



ကို မင်းက သူ့ကို ကျောင်းမထုတ်ပါနဲ့ ကျွန်တော် ကျေအေးပါတယ်၊ ခွင့်လွှတ်ပါတယ်ဆိုတဲ့ မင်းစကားကို ကြားတော့ ငါ မျက်ရည်ကျခဲ့ပါတယ်။ ငါ့ကို ခွင့်လွှတ်ပါ အောင်ဘုန်းပြည့်ရာ"

"မင်း တကယ်အမြင်မှန်ရတာလား"

"တကယ်ပါကွာ"

"ဒါဆို ငါ ဝမ်းသာပါတယ်"

"ဒါဖြင့် မင်း ငါ့ကို ခွင့်လွှတ်တယ်နော်"

သူ ခေါင်းညိတ်ပြတော့ တိုက်မောင်းက သူ့လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်သည်။

သူ့မျက်နှာကို စူးစိုက်ကြည့်သည့်အကြည့်မှာ နားလည်မှုတွေ ပါနေ၏။ တိုက်မောင်းမျက်လုံးအိမ်မှ ဒုတိယအကြိမ် လိမ့်ဆင်းလာသည့် မျက်ရည်ကို သူ မြင်သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



[ ၁၀ ]

ကိုက်မောင်း တော်တော်ကို အပိုးကျိုးသွားတယ် ဆိုသည့်စကားကို ပြောပြီး ချိုကြီးက ဆက်၍...

"ငါလည်း မင်းကို မေးမယ် မေးမယ်နဲ့ မေးကို မမေးဖြစ်ဘူး"

"ဘာကိုလဲ"

"သိမ်မွေ့နက်နဲတဲ့အကြောင်းရာလေးတစ်ခုကိုပေါ့ကွာ"

သူ့ မျက်လုံးကို စွေစောင်းပြီး ချိုကြီးကို ကြည့်သည်။

သည်နေ့ ကျောင်းပိတ်ရက်နေ့၊ နံနက်နှောင်းစအချိန်ကတည်းက ချိုကြီးကိုခေါ်ပြီး ကားတစ်စီးနှင့် လိမ့်နေခဲ့၏။ ခု နေ့



လယ်ပိုင်း အင်းလျားမှာ ထိုင်ဖြစ်တော့ ရှမ်းခေါက်ဆွဲမှာစားရင်း ချိုကြီးက စကားအဆန်းဆိုလာ၏။

"သိမ်မွေ့တာတွေ၊ နူးညံ့တာတွေ၊ ပျော့ပျောင်းတာတွေ လုပ်မနေနဲ့ ချိုကြီး။ ပြောစရာကို ပွင့်ပွင့်ပြော"

"ပြောမှာပါ။ အဲ ... ပြောမှာထက် မေးမှာပေါ့ကွာ။ ငါမေးတဲ့စကားမှာ မင်းစိတ်မတွေ့စရာဖြစ်လာရင်တော့ စိတ်မဆိုးဖို့ကို ငါကြိုပြောထားမယ်"

အသာငြိမ်နေလိုက်ပြီး အချဉ်ခွက်ထဲမှ မုန့်ညင်းချဉ်ဖတ်ကို တူနှင့်ညှပ်ယူပြီး ဝါးစားလိုက်၏။

"မေးချင်တာက ဒေဝီခင်နဲ့ပတ်သက်ပြီးတော့ပါ"

မျက်မှောင်ကို အသာလေးကြုတ်ထားဆဲမှာ...

"မင်းနဲ့ ဒေဝီခင်အခြေနေကို ငါသိချင်နေတာ"

"ဘာအခြေနေလဲ"

"အဲသလို အူကြောင်ကြောင်အမေးမျိုးကိုတော့ ပြန်မေးနဲ့ အောင်ဘုန်းပြည့်ရ။ အခြေနေဆိုတာ မင်းနဲ့ ဒေဝီခင် ချစ်နေသလား၊ ကြိုက်နေသလားဆိုတာကို ပြောတာ"

"ဟာ...မဟုတ်တာ"

"အကြောက်အကန် မပြောနဲ့လေ။ အဲဒီမဟုတ်တာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့စကားကြီးကို ငါလက်မခံဘူး"

အနိုင်အမာပုံစံနှင့် ပြောနေသည့်အသံ။

တကယ်တမ်းကျ သည်အကြောင်းအရာသည် ဆွေးနွေးဖို့ပင်မလိုအပ်သော အကြောင်းအရာ။

"ငါက မင်းနဲ့အနီးကပ်ဆုံးပေါင်းနေတဲ့သူငယ်ချင်း။ ဒေဝီမင်းကို ဘယ်လိုအရေးပေးတယ်ဆိုတာတွေ၊ နောက်ပြီး ငါ ဒေဝီခင်ရှေ့မှာ မင်းကို ကျောင်းပြေးဖို့ခေါ်တော့ ဒေဝီခင်က ငါ့ကို ကက်ကက်လန်အောင် ရန်တွေ့တာတွေ၊ ဒီထက် အနိုင်ဆုံးက မနေ့က မုန့်စားဆင်းချိန် ခဲတံအပြာကိုချွန်ရင်း မင်းလက် ဓားထိတော့ မင်းလက်က သွေးတွေတိတ်အောင် ပါးစပ်နဲ့ငုံစုပ်ပေးတာတွေလေ။ ဒီအကြောင်းအရာတွေနဲ့ ပတ်သက်ပြီး မင်းကို ငါ မေးတာ မလွန်ဘူးထင်တယ်"

သူ ခေါင်းကိုယမ်းခါပြီး ချိုကြီးအကြည့်ကို ရင်ဆိုင်လိုက်သည်။

"မင်း ငါ့ကို ယုံကြည်တယ် မဟုတ်လား ချိုကြီး"

"မင်း တည်တည်ကြည်ကြည်နေတတ်တာကို ငါ ခုထိ လေးစားနေတုန်းပဲ"

"ဒါဆိုရင် မင်း ယုံပါကွာ။ ငါနဲ့ဒေဝီ ဘာမှမဖြစ်ဘူး"



"ငါ့ကို မင်း မလှို့နဲ့နော်"

"ငါ မလိမ်တတ်ပါဘူး။ ဒေဝီနဲ့ငါ ခုချိန်ထိ ဆန်းပြားတဲ့ စကား မပြောဖြစ်ကြဘူးဆိုတာ မင်းယုံပါ"

"ဒါဖြင့် မင်းရင်ထဲမှာတော့ ဆန်းပြားနေတယ်ပေါ့"

ဖြေရန်လွယ်သော်လည်း ပြောရန်ခက်သောကိစ္စရပ်ဖြစ်ပါသည်။ သူ ခပ်တွေတွေဖြစ်နေခိုက်မှာ ဒေဝီက မင်းကို ချစ်နေတာဆိုသည့်စကားအတွက်တော့ ရင်မှာ ကျေနပ်ကြည်နူးသွားရသည်။

ပြီးတော့ ချိုကြီးက ဆက်ပြောသေး၏။

"မင်းကလည်း ဒေဝီခင်ကို ချစ်နေပါတယ် အောင်ဘုန်းပြည့်ရာ၊ အဲဒီကိစ္စကို မင်းငြင်းရင် ငါ လုံးဝလက်မခံဘူးဆိုတာ ကြုံပြီးပြောထားမယ်"

သူ ခပ်ယဲ့ယဲ့ကလေးပြုံးတော့...

"ဘာဖြစ်လို့ စိတ်ကို ထိန်းချုပ်နေတာလဲကွာ။ မင်း ဖွင့်ပြောရင် ဒေဝီကခေါင်းညိတ်မှာပါ"

"ငါ စဉ်းစားထားတာရှိတယ်"

"ဘာကိုလဲ"

"စာမေးပွဲကြီးဖြေပြီးတဲ့ နောက်ဆုံးနေ့မှာ ဒေဝီ့ကို ငါ

www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်ဆိုတာ ဖွင့်ပြောမယ်"

"နလုံးသားကိစ္စဆိုတာ ရက်ရွှေ့ လရွှေ့ လုပ်လို့ မကောင်းဘူးကွ"

"စာမေးပွဲကြီးနီးနေပြီလေ။ ငါ့စကားတစ်ခွန်းအတွက် ဒေဗီ့ကို စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး။ သူ စိတ်လက် ပေါ့ပေါ့ပါးပါးနဲ့ စာမေးပွဲ ဖြေပါစေကွာ"

ချိုကြီး စကားမဆက်တော့။

စားသောက်ပြီး အင်းလျားကထွက်တော့ ချိုကြီးက...

"မင်းတို့နှစ်ယောက်ကို ငါက သိပ်ဖြစ်စေချင်တာ။ ရှေ့သွားနောက်လိုက်လည်း ညီတယ်"

ရှေ့သွားနောက်လိုက်ညီသည်ဆိုသဖြင့် နက်ဖြန်ကာ ဒေဗီခင်နှင့်တွေ့မှ အရုပ်အမောင်း တိုင်းကြည့်လိုက်ဦးမည်ဟု သူ စဉ်းစားမိသည်။

× × ×



[ ၁၁ ]

အဖြူရောင်နှင်းဆီပွင့်ကလေးတစ်ပွင့်ပေးတော့ ဒေဗီခင်က...

"ဘုရားပန်းအိုးမှာ ထိုးမယ်နော်"

"ကိုယ် ဝဲရြိုးမှာ"

"ဘာဖြစ်လို့လဲ ကိုဘုန်းရဲ့"

"ဒေဗီပန်ဖို့အတွက် အလှဆုံးပန်းတစ်ပွင့်ကို ခြံထဲက ရွေးပြီး ခူးလာရတာ"

ဒေဗီက သူ့ကို ခပ်လဲ့လဲ့ကလေးကြည့်ပြီး နှင်းဆီပွင့်ကို ခေါင်းမှာ ပန်လိုက်သည်။ နှစ်ယောက်အတူ တိုက်ပေါ်က ဆင်းတော့ နှင်းဆီနံ့သင်းသင်းကို ဆွတ်ပျံ့ဖွယ်ရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းအတူ ယှဉ်လျှောက်ရင်း ဒေဝီခင်ကို စောင်းငဲ့ကြည့်တော့ ချိုကြီး ပြောခဲ့သည့်စကားတွေကို အမှတ်ရသည်။ စိန်ပန်းပင်ကြီးအောက်ရောက်တော့ ဒေဝီခင်က . . .

"တိုက်မောင်းက ကိုဘုန်းကို လာလာရောက်နေတယ်နော်"

"တိုက်မောင်းက ခင်မင်စရာကောင်းပါတယ်"

မျက်စောင်းကြီးဝင့်သည်။

တိုက်မောင်းနှင့်ပတ်သက်လျှင် ဒေဝီခင်သည် ဘယ်လိုမှ အမြင်ရှင်းလင်းခြင်းမရှိ။

"ကိုယ့်ကို မသေရုံလုပ်ထားတာများ"

"ဩော်...ဒေဝီရယ်။ သူ့အမှားတွေကို ယောကျ်ားပီပီ သသ တောင်းပန်ခဲ့တာပဲ မဟုတ်လား။ ခု တိုက်မောင်း ဘယ်လောက် ပြောင်းလဲသွားသလဲ။ သူ့အမှားကို သိတဲ့နေ့ကစပြီး ကျောင်းမှာ သူ သိမ်သိမ်မွေ့မွေ့နေသွားတာကို ဆရာ ဆရာမတွေတောင် အံ့ဩယူရတယ် မဟုတ်လား"

"ဒေဝီကတော့ မုန်းတယ်"

"နောက်ပြီး တိုက်မောင်းက စာလည်းတော်တယ်လေ။ သူက ကိုယ်နဲ့ကျောင်းစာတွေကို အချေအတင် ဆွေးနွေး



နိုင်တယ်။ ကိုယ်လိုအပ်တဲ့ ဘာသာရပ်တွေကိုလည်း သူက အကြံပြု ဆွေးနွေးနိုင်တယ်"

ဒေဝီခင်က ငြိမ်နေ၏။

ကားတစ်စီးက နံဘေးမှ ခပ်ကြမ်းကြမ်း မောင်းနှင်သွားသည်။

"ကျန်ခဲ့တဲ့အပတ်က အဖြစ်အပျက်လေးပါ။ ကိုယ် ချိုကြီးနဲ့တိုက်မောင်းကို တော်တော်သနားသွားတယ်"

"သနားရတဲ့အကြောင်းက . . ."

"ကိုယ်တို့ လော်ကားဥယျာဉ်သွားကြတာ။ ရွှေညောင်ပင်အလွန်မှာ ကားက ဆီပိတ်ပြီးရပ်သွားတယ် ဒေဝီရ။ ကိုယ်က ကားပဲမောင်းတတ်တာ။ ကားအရိုက်တာတွေ ဘာတွေဖြုတ်ပြီး လုပ်တတ်တာ မဟုတ်ဘူး။ အဲဒါ ချိုကြီးနဲ့တိုက်မောင်းလေ ဆောက်ကြံရောက်တဲ့ထိ တွန်းလိုက်ကြရတာ"

"ဒါကတော့ သူတို့မတွန်း ဘယ်သူတွန်းမှာလဲ"

"ကိုယ်ပါ ဆင်းတွန်းမယ်ဆိုတာကို အပေါ်မှာထိုင်ပြီး တော်ရာရင်တိုင် ထိန်းပါတဲ့။ ကိုယ့်ကိုညှာတဲ့သဘောပါပဲလေ"

သည့်နောက်ပိုင်း တိုက်မောင်းနှင့်ပတ်သက်ပြီး မလိုလားသည့်စကားကို ဒေဝီခင်မပြောတော့။ သို့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်မောင်းကိုတော့ ဒေဝီခင်က စကားမပြောပါချေ။

တိုက်မောင်းကလည်း သူနှင့်ဒေဝီခင်နှစ်ယောက် အတူ ရှိနေလျှင် ဘယ်တော့မှ အနားသို့ရောက်မလာ။

ရံဖန်ရံခါတွင် ချိုကြီးက ...

"မင်း ဒေဝီခင့်ကို ကြံစည်ဖို့ ဘယ်တော့မှ စိတ်မကူးနဲ့ တိုက်မောင်း။ ဒေဝီက ပိုင်ရှင်ရှိတဲ့ပန်းကလေးတစ်ပွင့် ဆိုတာ မင်း နားလည်ထားရမယ်"

ဟု ရယ်ရယ်မောမောပြောသည်ကို တိုက်မောင်းက..

"ငါ ဒေဝီခင်နဲ့အောင်ဘုန်းပြည့်ကို သဘောတူပါ တယ်"

ဟု လိုက်လိုက်လုံလုံ ပြန်ပြောသည်။

သည်တုန်းက သူ တိုက်မောင်းကို အရမ်းအားနာနေခဲ့ ရသည်။

× × ×



[ ၁၂ ]

သူ့မစကားကိုကြားတော့ မေမေ၏ တအံ့တသြ အကြည့်ကို မြသက်နိုင် လက်ခံရရှိသည်။

"ဟုတ်ပါ့မလား သမီးရယ်။ သားမှာ အဲဒီလိုစိတ်မျိုး တွေ မရှိရှာပါဘူး"

"ရှိတယ်လို့ နိုင် မစွပ်စွဲဘူး မေမေ။ ဒါပေမဲ့ သူတို့နှစ် ယောက် သွားလာလှုပ်ရှားမှုကတော့ အတိအကျပဲ။ မေဆုရည် မြင်တာ နှစ်ကြိမ်၊ ဘုရားပေါ်မှာ တစ်ကြိမ်၊ ကုံကော် စားသောက် ဆိုင်မှာ တစ်ကြိမ်၊ ရတနာကလည်း သုံးကြိမ်လောက်ကို ဆုံခဲ့ ဖူးတယ်တဲ့"

"ကျောင်းအပြန်တွေမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး . . . သူတို့နဲ့ဆုံခဲ့တဲ့ရက်တွေကို တွက်ရင် မောင် ကျောင်းပိတ်တဲ့ရက်တွေပဲ။ အပြင်ထွက်မယ့်ရက်မှာ မောင် ကားသုံးတာကိုလည်း သတိပြုမိတယ်"

"သမီးက သားကို ကားပေးသုံးတာကို မှားတယ်"

မြသက်နိုင်ခေါင်းကို အသာခါရမ်းသည်။

"မေမေ့ဝမ်းကြာတိုက်ထဲက အတူထွက်လာတဲ့ မောင်နမပဲမေမေ။ သည်အခွင့်အရေးကိုတော့ နိုင် သူ့ကိုပေးရမှာပေါ့"

မေမေကတော့ မျက်လုံးအဝိုင်းသားနှင့် ပူပန်မှုတွေဖြစ်ပေါ်နေ၏။

"ဘယ်က ကလေးမလေးများလဲကွယ်။ သား ငယ်ပါသေးတယ်"

"ငယ်တာထက် ပညာမစုံခင်မှာ မောင့်ကို သည်လိုအဖြစ်မျိုးတော့ နိုင် အရောက်မခံနိုင်ဘူး"

"သမီးရဲ့မောင်ပဲကွယ်။ သမီးဆုံးမပေါ့။ သူ့အစ်မစကားဆို သားက မြေဝယ်မကျ နားထောင်ပါတယ်"

"သည်ကိစ္စက ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ရတဲ့ကိစ္စမဟုတ်ဘူး မေမေ။ မေးရင် အမှန်စကားကို မောင် ပြောမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မောင်နဲ့နိုင်က တစ်နှစ်ကြီးတစ်နှစ်ငယ်မဟုတ်ဘူး။ အရွယ်ကွာတော့ သူငယ်ချင်းပုံစံနဲ့ ဘယ်လိုမှပြောလို့ဆိုလို့ရမှာ မဟုတ်ဘူး။ မောင် ခေါင်းကို တွင်တွင်ခါမှာပဲ"



"မိန်းမလည်တွေနဲ့များ တွေ့နေသလား သမီးရယ်"

"မေဆုရည်နဲ့ ရတနာ ပြောပုံအရဆိုရင်တော့ ကောင်မလေးက ရိုးရိုးသားသားပုံစံပဲ မေမေ့။ မမြင်ဘူးပေမယ့် သူတို့ပြောပြတဲ့ရုပ်ရည်ပုံသဏ္ဍာန်ကိုတော့ သမီး ခေါင်းထဲမှာ စွဲထားပါတယ်"

"မဖြစ်ပါဘူး သမီးရယ်။ မဖြစ်ပါဘူး"

"ဘာကိုမဖြစ်တာလဲ မေမေ"

"ကောင်မလေး ရိုးရိုး မရိုးရိုး သည်အရွယ်မှာ မေမေ ဘယ်လိုမှသဘောမတူနိုင်ပါဘူး"

"သမီးဆုံးဖြတ်ချက်ကလည်း ဒီအဲတိုင်းပါပဲ မေမေ။ မောင်ဟာ သူ့စိတ်သူ့ဆန္ဒနဲ့ ဘာကိုမှ ဆုံးဖြတ်ပိုင်ခွင့်မရှိစေရပါဘူး"

မြသက်နိုင်မျက်နှာက တည်ငြိမ်နေ၏။

မောင်နှင့်ပတ်သက်သော ဆုံးဖြတ်ချက်သည် သူမရင်မှာ ခုမှရှိခဲ့တာမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



မောင့်ဘဝ လူလားစမြောက်ကာတည်းက မောင်သည် မိမိ၏ကြိုးဆွဲရုပ်ကလေးသာဖြစ်ရမည်ဟု မိမိရည်ရွယ်ချက်ကြီးခဲ့ပါသည်။

ဒါလည်း တစ်နေ့ဖြစ်လာရပါမည်။

× × ×



[ ၁၃ ]

အနီရောင်ပန်းတစ်ပွင့်၏ ရဲရင့်မှုများကို ပြောတော့ ဒေဝီခင်က မျက်လုံးကလေးထောင့်ကပ်ပြီး...

"ပန်းတစ်ပွင့်က ဘယ်လိုရဲရင့်မှုတွေရှိရမှာလဲ ကိုဘုန်းရဲ့"

"ကိုယ်ပြောတဲ့အနီရောင်ပန်းတစ်ပွင့်ဆိုတာ နှင်းဆီကိုပြောတာ ဒေဝီ။ သူ့မှာ ရန်သူကို ခုခံကာကွယ်ဖို့ ဆူးလက်နက်တွေရှိတယ်။ တုံ့ပြန်ဝံ့တာဟာ ရဲရင့်ခြင်းပဲပေါ့"

"မဆိုးပါဘူး"

"ဘာကို မဆိုးတာလဲ"

"ကိုဘုန်းရဲ့အနီရောင်ပန်းတစ်ပွင့်ကိုပါ။ ဒေဝီကတော့

www.burmeseclassic.com

www.burmeseclassic.com



တည်ကြည်တာတွေ ရဲရင့်တာတွေ မသိဘူး။ အိန္ဒိယပွင့်ဖတ်ရဲ့ အနီရောင်ရဲရဲကို သဘောကျတယ်။ ဒါပေမဲ့ ဆူးခက်တွေကို မုန်းတယ်။ ဘုရားပန်းတင်ဖို့ နှင်းဆီပွင့်တွေ ဈေးက မေမေ ဝယ်လာရင် ဒေဝီက ရေနဲ့သန့်စင်ရတာ။ လက်ကို ခဏ ခဏ ဆူးစူးခံရတယ်"

ကျောင်းအဆင်းမှာ ဘယ်လိုက ဘယ်လိုစကားစပ်မိပြီးဖြစ်ပေါ်လာသည့်အကြောင်း စကားမှန်းမသိ။ နှင်းဆီတစ်ပွင့်၏ သင်္ကေတကို သည်လောက်ထိ သူ ဒေဝီခင်ကို ပြောရန်မလိုဟု သုံးသပ်မိနေဆဲမှာ...

"ကျွီ..."

ကားတစ်စီး၏ ဘရိတ်နင်းမိသံကို စူးစမ်းသည့်အကြည့်ဖြင့် လှည့်အကြည့်မှာ...

"ဟင်...မမ"

မမ၏မျက်နှာမှ အပြုံး၏အဓိပ္ပာယ်ကို သူ ဘယ်လိုမှ ဖော်ဆောင်၍မရ။ ဒေဝီခင်က မျက်လုံးဝိုင်းကလေးနှင့် မမကို ကြည့်နေ၏။

"အလုပ်ကိစ္စတစ်ခုနဲ့ အင်းစိန်ကို သွားတာ။ အပြန်မှာ မောင်တို့ကျောင်းဆင်းချိန်နဲ့ တိုးလိမ့်မယ်လို့ မမ ဘယ်လိုမှ



မထင်ခဲ့ဘူး"

မမသည် အကြည့်မျက်လုံးကို စက္ကန့်ပိုင်းအတွင်းမှာပင် သိပ်သိပ်သည်းသည်း လှုပ်ရှားပစ်လိုက်သည်။

"ကားပေါ်တက်လေ"

"ဒေဝီက ဟိုးရှေ့ကလမ်းမှာနေတာ မမ"

"ဒေဝီတဲ့လား"

"နာမည်အပြည့်အစုံက ဒေဝီခင်ပါ မမ"

"သိရတာ ဝမ်းသာစရာပါပဲလေ။ ဒေဝီလည်း ကားပေါ်တက်ပါ"

ပြောပြီးမမက ကားနောက်ခန်းတံခါးလော့ခ်ကိုအပေါ်သို့ အသာဆွဲတင်ပေးသည်။ သူက နောက်ခန်းမှာ ဒေဝီခင်ကိုထိုင်စေပြီး သူကတော့ မမနံဘေးရှေ့ခန်းမှာ ဝင်ထိုင်လိုက်၏။

ကားဘီးအလိမ့်မှာ ဒေဝီခင်က...

"ဒေဝီ့ကို လမ်းထိပ်မှာချပေးရင် အဆင်ပြေပါတယ် မမ"

"မမနာမည်က မြသက်ခိုင်တဲ့။ အောင်ဘုန်းပြည့်ရဲ့မမပေါ့။ မမတို့က မောင်နှမနှစ်ယောက်တည်းရှိတာ..."

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီ အချိန်ကလေးများ နည်းနည်းပေးနိုင်မလား မသိဘူး"

"ကျောင်းမှာ အချိန်ပိုသင်တန်းတွေရှိတော့ မေမေက စိတ်မပူပါဘူး။ နောက်ပြီး ကိုဘုန်းနဲ့ကျောင်းကို အဝင်သွားအတူလာတာ သိထားတော့ မေမေက ပိုပြီး စိတ်ချပါတယ်"

"ဟုတ်လား . . . မောင်က စောင့်ရှောက်တတ်တဲ့စိတ်ထားရှိပါတယ်"

ကားလေးက ပြည်လမ်းပေါ် တရိပ်ရိပ်ပြေးနေသည်။

ကားမောင်းရင်းမှ မမ၏အကြည့်တွေ ကားနောက်ကြည့်မှန်မှတစ်ဆင့် နောက်ခန်းသို့ ရောက်ရောက်လာသည်ကို သူ သတိပြုမိ၏။

"ဒေဝီနဲ့ပတ်သက်ပြီး မမမှာ ကိစ္စများရှိနေသလား မသိဘူး"

"ဘာဖြစ်လို့"

"ဒေဝီ့ဆီက မမက အချိန်တောင်းနေလို့ပါ"

ဒေဝီခင့်စကားကြောင့် မမ ပြုံးသည်။

ပြုံးရင်းနှင့် ရှေ့မှကားတစ်စီးကို ကျော်တက်၏။

"ကိစ္စအထူးမရှိပါဘူး ဒေဝီ။ မောင့်သူငယ်ချင်းဆို



တော့ မမတို့မိသားစုကလည်း ခင်မင်မှုထားရမယ်လေ။ နောက်ပြီး ဒေဝီ့ကို မမတို့အိမ်ကို ရောက်ဖူးစေချင်လို့ပါ။ မောင်က ဒေဝီ့ကို အိမ်အလည်မခေါ်ဘူးလား"

"လာလည်ပါလို့ တစ်ခါမှ မပြောဖူးဘူး မမ။ မပြောတာလည်း နည်းလမ်းကျပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုဘုန်းနဲ့ ဒေဝီက ကျောင်းမှာအမြဲတွေ့နေကြရတာပဲ"

"ဒါပေမဲ့ ကျောင်းပိတ်ရက်တွေတော့ မဆုံဖြစ်ကြဘူးမို့လား"

ဒေဝီထံမှ အသံပြကြားရ၏။

ဖြေရန်စကားအတွက် ဒေဝီချင့်ချိန်နေပုံရသည်။

သူက ကြားဖြတ်ဝင်ပြီး . . .

"ကျောင်းပိတ်ရက်တွေမှာ ဒေဝီက သူ့မေမေကို ပိုင်းကူနေရတာ မမရ"

တကယ်တန်းကျ သည်စကားကို သူဖြေဖို့မလိုအပ်။ မမ၏ တွန့်ကွေးသွားခဲ့သော နှုတ်ခမ်း၏အပြုံးမှာ သူ့စိတ်မလုံမခြုံဖြစ်သွားရသည်ကိုတော့ အောင်ဘုန်းပြည့် ကိုယ့်ကိုယ်ကိုယ် သိ၏။

ခြံကိုရောက်တော့ ဒေဝီခင်က ကားပေါ်မှ ပေါ့ပါးစွာ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းသည်။ မမက ဒေဝီခင်၏ပခုံးကို ဆုပ်ဖက်ပြီး အိမ်ထဲခေါ်လာ၏။

ဧည့်ခန်းမှာ မေမေ့ကို စိပ်ပုတီးနှင့်တွေ့သည်။

"ဧည့်သည်ပါလာတယ် မေမေ"

"ဟဲ့... သူကလေးက ဘယ်သူလဲ"

"မောင့်ရဲ့သူငယ်ချင်းလေ။ သူတို့ကျောင်းအပြန်မှာ ခိုင်နဲ့တွေ့ပြီး ခေါ်လာတာ။ ဒေဝီ ဒါ မမတို့မေမေ"

မမ၏လှုပ်ရှားမှုများကို သူ အံ့အားသင့်စွာဖြစ်နေရ၏။ မေမေကတော့ မျက်လုံးကို ဝိုင်းစက်စွာပြူးပြီး ဒေဝီကို အကဲခတ်ကြည့်သည်။

သည့်နောက် မမက ဒေဝီကိုခြံထဲခေါ်သွားသည်။ ဒေဝီကို ညနေစာစားဖို့ မဖိတ်ခေါ်သော်လည်း ခြံထဲက အလှဆုံး သစ်ခွပန်းများကို ဒေဝီပြန်တော့ မမက လက်ဆောင်ပေးလိုက်သည်။

အံ့ဩဖွယ်အကောင်းဆုံးတစ်ခုကတော့ ဒေဝီ ပြန်သည်ကို သူလိုက်ပို့ရခြင်းဖြစ်သည်။ မောင် ဒေဝီ့ကိုပြန်လိုက်ပို့လိုက် ဆိုသည့်စကားကို မမသည် တည်ကြည်စွာပြောနိုင်ခဲ့၏။ လမ်းမှာ ဒေဝီက...



"ကိုဘုန်းမမက အရမ်းသဘောကောင်းတယ်နော်"

သူ ငြိမ်နေလိုက်သည်။

သူ့အသက်အရွယ်အလျောက် သူစိမ်းမိန်းကလေးတစ်ယောက်အပေါ် မမ သဘောကောင်းမှုကို သူ သည်တစ်ခါသာ မြင်ဖူးသေး၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



[ ၁၄ ]

"မောင် ပြန်မလာသေးဘူးလား မေမေ"

"လှည်းတန်းက လက်ဖက်ရည်ဆိုင်မှာ မောင်ချိုကြီးနဲ့ ထိုင်မယ်လို့ ပြောသွားတယ်"

"ကားယူသွားလား"

"သမီးပဲ ပေးလိုက်တာပဲ"

"တစ်ခါတလေ ကားကို ဂိုဒေါင်ထဲသွားသွင်းဘတ်လို့ပါ"

"ယူသွားတယ်"

မေမေ့နံဘေးဆိုဖာပေါ်မှာ မြသက်နိုင် ဝင်ထိုင်လိုက်သည်။ မျက်နှာကို မျက်နှာကြက်ဆီ မော့ထားသော်လည်း



အတွေးတွေက ညနေဆီကိုသာ ရောက်နေခဲ့၏။

"သမီး"

မေမေ၏တိုးညှင်းသော ခေါ်သံကြောင့် အကြည့်ကို မေမေ့ဆီ ရွှေ့လိုက်ပြီး...

"ဘာလဲ မေမေ"

"သမီး ဘာတွေစဉ်းစားနေတယ်ဆိုတာ မေမေ သိတယ်"

"ဟုတ်တယ် မေမေ... မောင့်အကြောင်း စဉ်းစားနေတာ"

"သားမရှိတုန်း မေမေနဲ့သမီး သားအကြောင်း ဆွေးနွေးကြရအောင်"

"ဆွေးနွေးစရာမလိုလောက်အောင် သေချာနေတယ် မေမေ"

"မေမေ နားမရှင်းဘူး"

"မောင်နဲ့ဒေဝီ ချစ်သူအဆင့်ရောက်ပြီလို့ သတ်မှတ်လို့ရတယ်"

"ဘုရား...ဘုရား...အရွယ်လေးတွေ ငယ်ကြပါသေးတယ် သမီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အရွယ်ကလေးတွေကြီးလည်း ခိုင် လက်မခံနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မောင့်အတွက် ခိုင်ရည်ရွယ်ထားသူရှိတယ် မေမေ"

ဘယ်သူလဲသမီးဆိုသည့် အမေးစကားကိုတော့ မေမေ မမေး။ မေးလျှင်လည်း စောနေသေးသည့်အချိန်ကြောင့် မြသက်ခိုင် မေမေသိအောင် ဖွင့်ပြောထားမည်လည်း မဟုတ်။

"သူတို့နှစ်ယောက်ကို သမီးကြီး ဘယ်လိုသုံးသပ်မိလို့လဲ။ ရိုးရိုးသားသား ချစ်ခင်နေကြတာများလား သမီးရယ်"

မြသက်ခိုင် ခေါင်းကို ခါယမ်းသည်။

ညဦးလေပြေကြောင့် ခြံထဲမှ ပန်းနံ့များက ပြတင်းပေါက်မှတစ်ဆင့် ဧည့်ခန်းထဲသို့ တိုးဝင်လာ၏။

"ခိုင် ဒေဝီ့ကို ခြံထဲခေါ်သွားတော့ နှင်းဆီပွင့်တွေ မြင်တာနဲ့ ဒေဝီ အရမ်းပျော်သွားတယ် မေမေ။ ခိုင်က နှင်းဆီကို သဘောကျနှစ်သက်လို့လားလို့ မေးတော့ မြတ်နိုးတယ်တဲ့။ ယောဒီအဖြူရောင်မျိုး နှင်းဆီပွင့်ကြီးကို ကိုဘုန်းက သူ့ကို ပေးဖူးတယ်တဲ့။ သူပြောတာ ရိုးရိုးသားသားပါ မေမေ။ ဒါပေမဲ့ အခြေ တစ်ခုကတော့ ပါနေတယ်"

ပန်းတစ်ပွင့်မှ အစပြုသည့် ယောကျ်ားတစ်ယောက်၏



ချစ်ခြင်းမေတ္တာကို မိမိ မသိဘဲနေမလား။

လုပ်ငန်းတစ်လျှောက်မှာ သူစိမ်းအမျိုးသားများ၏ အဖိုးထိုက်တန်သော ပန်းလက်ဆောင်များကို မြသက်ခိုင် ရရှိနေကြ။ ဆက်ဆံရေးမပျက် လက်ခံယူသော်လည်း ချစ်ခြင်းအတွက်တော့ သည်အဖိုးတန်ပန်းများမှာ စိတ်ကို ထွေပြားခြင်း မပြုနိုင်ခဲ့။

လွတ်လပ်သူဘဝနှင့် စီးပွားကို ယောကျ်ားသားကြီးများနှင့် ရင်ဘောင်တန်းပြီး ရှာလိုစိတ်က ထက်သန်စွာရှိသည်။ မိန်းမတစ်ယောက်၏အောင်မြင်ခြင်းကိုလည်း ဂုဏ်တစ်ခုအဖြစ် မြသက်ခိုင် ခံစားလို၏။ သို့အတွက် ကမ်းလှမ်းသည့် လက်များကို သူမသည် ယဉ်ကျေးသိမ်မွေ့စွာဖယ်ရှားနိုင်ခဲ့သည်။

"မျိုးရိုးဇာတိက ဘယ်လိုများလဲကွယ်"

"မေမေ သဘောတူနေလို့လား"

"အို . . . သမီးတို့မောင်နှမကြားမှာ မေမေ ဘာမှ မဆုံးဖြတ်ပါဘူး"

မြသက်ခိုင် မေမေ့ကို သနားသွားသည်။

မိမိစီးပွားရေး အစွမ်းအစ ဘယ်လောက်ပင် ထက်ထက် မိဘ၏လက်ငုတ်လက်ရင်းကြီးမားခဲ့မှုကြောင့်သာ သည်

www.burmeseclassic.com

www.burmeseclassic.com



ဘဝ သည်အခြေအနေ ရောက်ရသည်ကို မြသက်နိုင် မေ့ပျောက်လို့မရပါ။

"နိုင်သိမ်သိမ်မွေ့မွေ့မေးမြန်းကြည့်ပါတယ်။ သူ့ဖေဖေက ဆည်မြောင်းဌာနက အေအီးတစ်ယောက်ပဲ မေမေ။ မျိုးရိုးသန့်ပါတယ်။ နယ်မှာ အဘိုးအဘွားတွေရှိတယ်တဲ့။ ခုနေတဲ့တိုက်က အပိုင်မဟုတ်ဘူးတဲ့။ နှစ်ချုပ်နဲ့ငှားနေတာတဲ့။ သူ့ဖေဖေက နယ်ကို မကြာ မကြာ ပြောင်းရွှေ့ရလို့ အိုးဖွဲ့အိမ်ဖွဲ့ဝယ်ဖို့ကို သူ့မေမေက စိတ်မကူးသေးဘူးတဲ့။ သူ့ဖေမေကလည်း သူ့လို တစ်ဦးတည်းသမီးမို့ အဘိုးအဘွားရဲ့အမွေကလည်း သူ့မေမေအတွက် အံဖိုးသားနားများပြားပါတယ်တဲ့။ သည်စကားကို ဒေဝီကြွားပြောတာ မဟုတ်ပါဘူးတဲ့။ မမမေးလို့ ကိုဘုန်းနဲ့ပတ်သက်ပြီး မမကို ခင်မင်လို့ပြောပြတာပါတဲ့"

"ကလေးမလေးက အသွက်ကလေးပဲ"

အကြည့်တွေ မျက်နှာကြက်အမိုးပြားဆီ ပြန်ရောက်သည်။

အတွေးမှာမောင့်သူငယ်ချင်းချိုကြီးကို ဆွဲထည့်ကြည့်လိုက်မိ၏။

မကြာမီ မောင်ပြန်ရောက်လာသည်။



( ၁၅ )

အိမ်ရှေ့သို့ကားအရပ်မှာပင် အိမ်ရှေ့နံတန်းကလေးမှာ ထိုင်နေသည့် ချိုကြီးနှင့်တန်းတိုးသည်။

"ဟာ…မမနိုင်"

သူမကိုမြင်သည်နှင့် ချိုကြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။

အိမ်ကလေးက နှစ်ခန်းတွဲအိမ်။

အိမ်ငှားအဖြစ် ရပ်တည်နေထိုင်ကြရသည်ကိုလည်း ချိုကြီးအကြောင်း မောင် ပြောဖူး၍ သိထား၏။

"အိမ်ပေါ်တက်ပါ မမနိုင်။ ဒါကျွန်တော်တို့အိမ်ပါ"

"သိတယ်လေ။ မမက မောင့်ဆီကနေ မောင်ချိုကြီး

www.burmeseclassic.com

www.burmeseclassic.com



လိပ်စာကို သိထားတာပဲဟာ"

"အိမ်ပေါ်တက်ပါဦး မမနိုင်"

"မမ အိမ်ပေါ်မတက်တော့ဘူး။ ဒါပေမဲ့ မောင်ချိုကြီးက တော့ ကားပေါ်တက်ဖို့လိုလိမ့်မယ်"

"အထုပ်ကိုစွရှိပြီထင်ပါရဲ့"

"မင်း စဉ်းစားတတ်တာပဲ။ ကဲ ကားပေါ်တက်"

ပြောပြီး မြသက်နိုင်က ကားနောက်ခန်းတံခါးလော့ခ် ကလေးကို ဆွဲတင်လိုက်သည်။ ချိုကြီးက တံခါးဆွဲဖွင့်ပြီး ကား ပေါ်တက်လိုက်၏။

ကားကိုမောင်းအထွက်မှာ ပတ်ဝန်းကျင်၏မျက်လုံး များကို မြသက်နိုင် သတိပြုမိသည်။ ယင်းဖြစ်ရပ်အတွက် ချိုကြီး က မိမိကို အားတုံ့အားနာ ဖြစ်နေပုံရသည်။

ကားပြေးလမ်းတစ်လျှောက်မှာ သူမက ဘာစကားမှ မပြော။ ကားကို ပြည်လမ်းအတိုင်း မောင်းနှင်ပြီး လူရှင်းသည့် အအေးဆိုင်တစ်ခုရှေ့မှာ ကားကို ရပ်လိုက်သည်။

အအေးဆိုင်ထဲဝင်တော့ ချိုကြီး၏ မပွံ့မရဲဟန်ကို ကြည့်ပြီး စိတ်က ရယ်ချင်နေသေး၏။

"မင်းရင်တွေတုန်နေတယ် ထင်တယ်"



"ဟုတ်တယ် မမနိုင်။ ကျွန်တော် မမနိုင်ကို ကြောက် နေတယ်"

"မောင်နဲ့ပတ်သက်ပြီးတော့မဟုတ်လား"

"ဟုတ်ပါတယ်။ ဒါပေမဲ့ အောင်ဘုန်းပြည့် ဘာဖြစ်မှုကို မှ ကျူးလွန်မထားပါဘူး မမနိုင်"

"တကယ့်သူငယ်ချင်းကောင်းပါပဲလား။ ဒါကြောင့် မောင်က မင်းအကြောင်းဆို တဖွဖွပြောတာ။ မင်း သူ့အပေါ် ဘယ်လိုကောင်းတာ၊ သည်းခံတာ အစုံပေါ့ကွာ"

ချိုကြီး၏နေရထိုင်ရ ကျပ်ဟန်ကိုကြည့်ပြီး ထပ်မံ၍ ရယ်ချင်သလိုဖြစ်ရပြန်သည်။

သည့်နောက် မြသက်နိုင်က ချိုကြီးမျက်နှာကို စူးစူး စိုက်စိုက်ကြည့်ပြီး . . .

"မမ မင်းကိုမေးမယ်"

"ဟုတ်ကဲ့"

"လိမ်ညာပြီး မဖြေမိဖို့အတွက်တော့ မင်း စိတ်ဓာတ် တည်ကြည်ရလိမ့်မယ်"

ချိုကြီး၏တွေတွေဝေဝေဖြစ်သွားဟန်ကိုသူမက မျက် စောင်းတဝင့်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းအတွက် လိမ်ညာပြောဖို့ မင်း ကြိုတင်စဉ်းစားနေတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ဘာကွ"

"မ… မဟုတ်ပါဘူး မမနိုင်။ ကျွန်တော် အမှန်အတိုင်း ဖြေပါ့မယ်"

"သေချာတယ်နော်"

"သေချာစေရပါမယ်"

"ကောင်းပြီ မေးမှာက ရှည်ရှည်လျားလျားမဟုတ်ဘူး။ မင်းသူငယ်ချင်း အောင်ဘုန်းပြည့်နဲ့ ဒေဝီခင် ချစ်သူအဆင့် ရောက်နေပြီလားဆိုတာ မမ သိချင်တယ်"

"တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြတာတော့ အမှန်ပဲ မမနိုင်"

"ဟုတ်ပြီ။ ဆက်ပြောပါဦး"

"ဒါပေမဲ့ ချစ်သူဘဝရောက်ဖို့အတွက် ချစ်တယ်ဆိုတဲ့ စကားကို သူတို့မပြောကြသေးဘူး"

"မင်းစကားက ဇဝေလည်လည်ကြီး ဖြစ်မနေဘူးလား" မေးပြီး သူမက အချိုရည်ကို ဖယောင်းပိုက်နှင့်တစ်ငုံ



စုပ်ယူသည်။

"မဇဝေလည်ပါဘူး …နိုင်။ သူတို့တစ်ယောက်နဲ့ တစ်ယောက် စိတ်ထဲက ချစ်နေကြပေမယ့် စာမေးပွဲကြီးဖြေပြီးတဲ့နေ့မှာ ဖွင့်ပြောကြမှာ။ အောင်ဘုန်းပြည့် ဖွင့်ပြောရင် ဒေဝီခင်ကလည်း လိုလိုလားလား ခေါင်းညိတ်မှာပါ"

"စာမေးပွဲမဖြေခင်မှာ ဖွင့်ပြောရင်လည်း ဖြစ်နိုင်တာပဲ မဟုတ်လား"

"မပြောပါဘူး။ စာမေးပွဲကြီးဖြေပြီးတဲ့နေ့မှာ ဖွင့်ပြောမယ်လို့ အောင်ဘုန်းပြည့်က ကျွန်တော့်ကို တိုင်ပင်ပါတယ်။ ခုနေ ဖွင့်ပြောလိုက်ရင် စာမေးပွဲမှာ ဒေဝီခင် စိတ်ထွေသွားနိုင်တယ်တဲ့"

"အဲသလို ဆုံးဖြတ်တာ သေချာတယ်နော်"

"သေချာပါတယ် မမနိုင်။ အောင်ဘုန်းပြည့်က ဘာမဆို ကျွန်တော့်ကို လိုလိုလားလား တိုင်ပင်ပါတယ်"

မြသက်နိုင်က စားပွဲကို လက်ညှိုးလေးနှင့် အသာအယာခေါက်ပြီး စဉ်းစားသည်။ သူမ၏မျက်နှာထားပြောင်းလဲမှုနှင့် လှုပ်ရှားမှုများကို ချိုကြီးက စိတ်လှုပ်ရှားစွာ ကြည့်နေ၏။

အအေးကို လက်စသိမ်းသောက်ပြီး သူမကပင် ဦး

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ထသည်။ ကောင်တာမှာ ကျသင့်ငွေကိုရှင်းပြီး ဆိုင်ထဲမှ ထွက်ခဲ့၏။

"ကျွန်တော့်ကို ပြန်မပို့ပါနဲ့ မမနိုင်။ ကျွန်တော် လိုင်းကားစီးပြီး ပြန်လို့ရပါတယ်"

"မင်းဟာစကားရှည်လျားတတ်တဲ့လူငယ်တစ်ယောက်ပါလား။ ခေါ်လာပြီးရင်ပြန်ပို့ရမယ့်တာဝန် မမမှာရှိတာပေါ့"

ချိုကြီးထံက စကားထပ်တက်မလာ။

မြသက်နိုင်က အိမ်ရှေ့ထိ ပြန်လိုက်ပို့သည်။

ကားမောင်းထွက်ရန်ဂီယာအချိန်းတွင် ...

"မောင်ချိုကြီး"

"ပြောပါ မမနိုင်"

"မှမ မင်းကိုတွေ့ဆုံပြီး စကားပြောတာကို မောင် မသိပါစေနဲ့"

"ဟုတ်ကဲ့"

"အဲဒီဟုတ်ကဲ့က ကတိဖြစ်ရမယ်နော်"

"ဟုတ်ကဲ့ပါ မမနိုင်"

နှစ်လိုစွာပြုံးပြီး မြသက်နိုင်ကားကို မောင်းထွက်ခဲ့သည်။



[ ၁၆ ]

အပျိုကြီးလိုင်း ဝင်ဖို့တော့ စိတ်မကူးနဲ့။ ဆွဲပြီးယောက်မတော်ပစ်လိုက်မယ် ဆိုသည့် သူမ၏စကားကို မေဆုညိက အသံကလေးထွက်အောင် ရယ်၏။

ရယ်ရင်းနှင့် ...

"ငြင်းစရာအကြောင်း မရှိပါဘူး။ ဒါပေမဲ့ ခက်နေတာလေးတစ်ခုတော့ ရှိတယ်"

"ဘာများလဲ မေရဲ"

"စကားမပြောတတ်တာ ခက်တယ်"

"အလိုလေး မေရယ်။ ကိုယ့်မေမေက မောင့်ကို လျှော်မပါကဲ့ကလေး မွေးထားတာ မဟုတ်ပါဘူး။ ညညဆို မောင်

www.burmeseclassic.com



က သူ့သူငယ်ချင်းကို အိမ်ခေါ်ပြီး ဂစ်တာခေါက် သီချင်းတောင် ဆိုလိုက်ပါသေးတယ်"

"ဟုတ်ရဲ့လား နိုင်"

"မေ လာပြီး အကြောင်းမရိုက်နဲ့ကွာ"

"မအူပင်ကို ကီစ္စတစ်ခုရှိလို့ သွားတော့လေ နိုင်ကလည်း မအားဘူး။ နိုင့်အစီအစဉ်နဲ့ ကိုယ့်ရဲ့အဖော်အဖြစ် မောင့်ကို လိုက်ပို့နိုင်းတယ် မဟုတ်လား"

"အင်းလေ"

"အသွားရော အပြန်ရော စကားတစ်လုံးမျှ မပြောဘူး"

"ဟယ် ... မေ ကိုယ့်ကို ဘာမှပြန်မပြောခဲ့ပါလား"

"မောင်လုပ်သူကို နိုင် ဆူနေမှာစိုးလို့ပါ"

"ဟာ ... မဟုတ်သေးပါဘူးကွာ"

"ပြီးခဲ့ပါပြီ။ ပြဿနာလည်း မဟုတ်ပါဘူး။ ကိုယ်ကလည်း ငွေကြေးကိစ္စကို ကားပေါ်မှာ အတွေးတွေကျယ်ခဲ့တယ်လေ။ ဒါပေမဲ့ ရက်စ်တောရင့်မှာထမင်းစားတော့ ကြက်အသည်းလေးတစ်ဖတ်ကို မောင်က ကိုယ့်ပန်းကန်ထဲ ထည့်ပေးခဲ့တယ်"

"ကြည့် ... အဲဒါကိုလည်း မေ ကိုယ့်ကို မပြောဘူး။ ဒါပေမဲ့ ဝမ်းသာစရာပါပဲ"



မေဆုရည်က သူမကို မျက်လုံးကလေး ဝင့်ကြည့်၏။

"ထင်နေလား နိုင်"

"ကိုယ့်မောင်မှာ အရည်ချင်းနည်းနေလို့လား မေ"

"မဟုတ်ဘူး။ ကိုယ်ငြင်းမယ်လို့ နိုင် ထင်နေလို့လား"

စကားအဆုံးမှာ နှစ်ယောက်ပြိုင်တူ ရယ်မောကြသည်။ သည်အရယ်မှာ သူမ၏လှိုက်လှဲစွာသော ရယ်ခြင်း၏ အနက်အဓိပ္ပာယ်ကို မေဆုရည် မသိ။

တလောတုန်းက မိမိ၏မအားလပ်မှုများပေါ် အခြေတည်ပြီး ရည်ရွယ်ချက်များနှင့် မောင့်ကို မေဆုရည်နှင့် ထည့်လိုက်သည်။ ခရီးဝေးတစ်ခုကို နှစ်ယောက်အတူ သွားဖူးပါစေ ဆိုသည့်သဘော။

ပြီးတော့ ...

မေဆုရည်၏ ခေတ်မီသောအလှကို မောင့်ကို အနီးကပ်ခံစားစေချင်သည်။ ခုတော့ ကိုယ်တော်က တောမိလို နေလာခဲ့သည်ပဲ။

"တစ်ခုတော့ရှိပါတယ် မေ"

မေဆုရည်က သူမကို မျက်ခုံးတန်းလေး ကွေးညွှတ်ပြီး လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်က မေ့ကို ကြောက်နေတာလည်း ပါလိမ့်မယ်"

"အလိုတော်... ကျုပ်အဲသလောက်ကြီး အရုပ်ဆိုးနေလို့လား"

"မဟုတ်ပါဘူး။ ကိုယ့်အစ်မရဲ့လုပ်ငန်းမှာ ရှယ်ယာဝင်သူဌေးမ၊ ကိုယ့်အစ်မရဲ့သူငယ်ချင်း၊ ကိုယ့်ထက်လည်း အသက်အရွယ်ကြီးတော့ စကားပြောရင် အမှားပါမှာ ကြောက်ပြီး မပြောဘဲ နေတာဖြစ်လိမ့်မယ် မေ"

"အင်း... ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ် စိတ်မပျက်ပါဘူး နိုင်"

သူမမျက်နှာပေါ် ရိပ်ခနဲ တက်လာသည့် အပြုံးကို မေဆုရည် နားလည်သဘောပေါက်တန်၏။ ညနေဘက် အလုပ်တိုက် ပိတ်တော့ မေဆုရည်ကို အိမ်ခေါ်သွားသည်။

အိမ်ကတစ်ဆင့် မောင့်ကို ကားမောင်းခိုင်းပြီး ဟိုတယ်မှာ ထမင်းသွားစားကြသည်။

မောင့်နံဘေးမှာ မေဆုရည်ကို ထိုင်စေတော့...

မောင် မျက်လုံးဝိုင်းဝိုင်းကလေး ဖြစ်သွားသည်ကို မြသက်နိုင် ရယ်ချင်မိပါသေး၏။

× × ×



[ ၁၇ ]

ကိုဘုန်းက ကားမောင်း သိပ်ကြမ်းတာပဲဆိုသည့်စကားကို ဒေဝီခင်နှင့်အတူ ကားမောင်းတိုင်း ကြားချင်နေခဲ့၏။ ဒေဝီခင်ကလည်း ယင်းစကားကို အမြဲလို ပြောခဲ့သည်။

သည်နေ့တော့ ဒေဝီခင် မပြောဖြစ်နိုင်လောက်အောင်သူ ကားကို ညင်သာစွာ မောင်းနှင်ခဲ့သည်။ ကားကက်ဆက်မှ ယှက်လာသည့် ခံစားမှုသီချင်းလေးတစ်ပုဒ် မဆုံးခင်မှာပင် ဒေဝီခင်က ကက်ဆက်ခလုတ်လေးကို အသာနှိပ်ပိတ်လိုက်သည်။

အဖြူရောင်ဆလွန်းကားကလေးက မရမ်းကုန်းမီးပွိုင့်ကို ကျော်ဖြတ်ပြီး မင်္ဂလာဒုံဘက်သို့ ဦးတည်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သီချင်းက ခံစားလို့မကောင်းလို့လား ဒေဝီ။ မိမိဝင်းဖေရဲ့အသံက အရမ်းအေးမြတာ"

"မခံစားမိဘူး ကိုဘုန်း။ ကိုဘုန်းနံဘေးမှာ ထိုင်လိုက်ပြီး ကိုဘုန်းကို နားမလည်သလိုဖြစ်နေရတာ"

"ဘာလို့"

"သန်ဘက်ခါ စာမေးပွဲကြီးဖြေရတော့မယ်။ သည်အချိန်မှာ ကျောင်းသူပဲဖြစ်ဖြစ်၊ ကျောင်းသားပဲဖြစ်ဖြစ် စာမေးပွဲမှာ အချိန်ပြည့်ထိုင်နေရမှာ"

"မှားတယ်"

"ဘာလိုမှမမှားနိုင်ဘူးကိုဘုန်း။ ခု ဒေဝီ့သဘောတစ်ခုနဲ့သာ အပြင်ထွက်မယ်ဆိုရင် မေမေက ဘယ်လိုမှ လွှတ်မှာ မဟုတ်ဘူး။ ကိုဘုန်းနဲ့မို့ လွှတ်တာ။ ကိုဘုန်းကလည်း အပြောကောင်းတယ်လေ။ ဦးနှောက်ကိုအစာကျွေးရမယ်တဲ့။ မွန်းကျပ်ပိတ်လှောင်တဲ့ အခန်းထဲက ထွက်ပြီး ပြင်ပသဘာဝရဲ့အလှကို ခံစားပြီး စိတ်ကိုလည်း ခွန်အားသစ်ဖြည့်ပေးရမယ်တဲ့။ အဲဒီစကားကို မေမေက သဘောကျသွားတာ"

"ဒါ ဒေဝီ့မေမေရဲ့ မှန်ကန်တဲ့အတွေးပဲ"

မျက်စောင်းဝင့်၏။



သည်မျက်စောင်း တဝင့်သည် ရင်ကို ခုမှခုန်လှုပ်သွားရသည်တော့ မဟုတ်ပါ။ ရင်ခုန်တတ်ခဲ့သည်မှာ ကြာပါပြီ။ ဒါကို ဒေဝီ မသိ။

"ဒေဝီက ကန်တော်ကြီးတစ်ပတ်၊ အင်းလျားတစ်ပတ်လောက်ပဲ ကိုဘုန်းပတ်လိမ့်မယ်ထင်တာ။ မင်္ဂလာဒုံဥယျာဉ်သွားမယ်ဆိုတော့ တော်တော်အံ့သြသွားတယ်"

"သဘာဝရှုခင်းမှာ မင်္ဂလာဒုံဘက်က ပိုပြီးပီပြင်တယ်လို့ ကိုယ်ထင်တယ်လေ"

ဒေဝီခင် ငြိမ်နေ၏။

"ဥယျာဉ်ထဲ လမ်းလျှောက်ရတဲ့ခံစားမှုက ကန်တော်ကြီးနံဘေး၊ အင်းလျားနံဘေးမှာ ထိုင်ရတဲ့ခံစားမှုထက် ပိုတယ်လို့လည်း ကိုယ်ထင်တယ်"

ဒေဝီခင်ထံက စကားသံမထွက်။ စိတ်ကို လျှော့လိုက်ဟန်ဖြင့် ကားနောက်မှီပေါ် ခေါင်းတင်လိုက်သည်။

"နောက်ပြီး ဒေဝီနဲ့ကိုယ်က စာမေးပွဲအတွက် စာတွေကို အသစ်ကျက်နေတာမှ မဟုတ်တာ။ စာတွေအားလုံး ခေါင်းထဲမှာရှိပြီးသား။ သည်တော့ စိတ်ကို စာမေးပွဲအနီးကပ်ဆုံး အချိန်မှာ အနားပေးလိုက်တာဟာ စာမေးပွဲအတွက် အင်အား

www.burmeseclassic.com

www.burmeseclassic.com



သစ်တွေကို စုစည်းလိုက်တာနဲ့ အတူတူပဲ ဒေဝီ"

"မပြောတော့ပါဘူး မှားပါတယ်"

ပြောပြီး ဒေဝီခင်က လဲ့လဲ့ကလေးပြုံး၏။ ငုံ့စောင်းကြည့်တော့ ရင်ညွန့်အရပ်မှာ သူလက်ဆောင်ပေးထားသည့် ရတနာဆွဲကြိုးလေးက အထင်ကရ။

ဥယျာဉ်ဘက်သွားသည့် ကားလမ်းကို ချိုးကွေ့တော့ ဒေဝီခင့်မျက်နှာကို ရွှင်ရွှင်ပျပျနှင့် တွေ့သည်။

ဂိတ်မှာ ကားအပ်ပြီး ဥယျာဉ်မှာ အတူယှဉ်လျှောက်တော့...

"တစ်နာရီလောက်အချိန်ဆို ဒေဝီတို့အတွက် လုံလောက်ပါတယ်နော်"

"ဒေဝီ ဘယ်လိုဖြစ်နေတာလဲ"

"နည်းနည်းနောက်ကျပြီး ပြန်လည်း မေမေက ဘာမှ မပြောပါဘူး။ ဒါပေမဲ့ ဒေဝီစိတ်မလုံသလို ဖြစ်နေလို့ပါ"

"အကျိုးကြောင်းက"

"ကိုဘုန်းကလည်းကွာ အဲဒီအကျိုးကြောင်းကြီးကို ဒေဝီ မပြောတတ်ပါဘူး"

အတူလျှောက်ရင်း ဝါးပင်များအောက်သို့ ရောက်



သောအခါ အရိပ်၏အေးမြခြင်းကို ခံစားရသည်။

ကန်စပ်မှာ အတူထိုင်ဖြစ်တော့...

"စာမေးပွဲနောက်ဆုံးနေ့ကျ လျှောက်လည်ရအောင်နော်"

"ကိုဘုန်းက တွေးပြီး ပျော်နေတာလား"

"ဟုတ်တယ်"

"စာမေးပွဲဖြေနိုင်ဖို့ကို အဓိကထားရမယ်လေ"

"မြင်းကောင်းခွာလိပ်ဆိုတဲ့ စကားပုံကို နားလည်ပါတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်အဝ ရှိနေတယ် ဒေဝီ။ အောင်ကို အောင်ရမယ်"

"ဒေဝီလည်းကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပါတယ်"

"သည်ယုံကြည်မှုဟာ အဖြေတစ်ခုပဲပေါ့ ဒေဝီရယ်။ ကြောင့်ကျစိတ်ရှိတဲ့သူတွေဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိတဲ့သူတွေပဲ"

ဒေဝီခင် နှစ်နှစ်ခြိုက်ခြိုက် ပြုံးတော့ သူ ပျော်လာသည်။ ကန်ရေထဲကို မြေခဲလေးတစ်လုံးပစ်ပေါက်ရင်း စာမေးပွဲနောက်ဆုံးရက်ကို သူ တွေးသည်။

အဲဒီနေ့မှာ ဒေဝီ့ကို သူ ချစ်တယ်ဆိုသည့်စကားနှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူ ချစ်ခွင့်ကို တောင်းခံမည်။ သည်အကြောင်းကို မနေ့ညက လက်ဖက်ရည်ဆိုင် ခဏတဖြုတ်ထိုင်ရင်း ချိုကြီးကို သူ ရင်ဖွင့်စွာ ပြောပြခဲ့သေး၏။

ပြောပြတုန်းက ချိုကြီးမျက်နှာ တစ်မျိုးတစ်ဖုံဖြစ်နေသည်ကိုတော့ သူ သတိပြုမိသည်။

လက်ဖက်ရည်ဆိုင်က ထလမ်းခွဲတော့ ဒေဝီက မင်းအချစ်ကို လက်ခံမှာ အသေအချာပါပဲဆိုသည့်စကားကိုတော့ ပြောသွားခဲ့ပါ၏။

"စာမေးပွဲနောက်ဆုံးနေ့မှာ ကိုဘုန်းက ဘယ်ကိုသွားမှာလဲ"

"ဒေဝီ့ဆန္ဒက"

"ကိုဘုန်းဆန္ဒမှန်သမျှကို လိုက်လျောမှာပါ။ အဲဒီနေ့ကျ ဆံပင်ကို ပန်းရောင်ဖဲပြားကလေး စည်းခဲ့မယ်နော်"

သူ့ဆန္ဒတွေကို ဒေဝီကြိုပြီးသိနေပြီလား။

အဲဒီနေ့ကျရင် အင်းလျားရဲ့အလှကိုလည်း မခံစားချင်ပါဘူး။ ကန်တော်ကြီးရဲ့အပင်စိမ်းတွေအောက်မှာလည်း မနေချင်ပါဘူး။ သည်ဥယျာဉ်ရဲ့ သည်နေရာ သည်သဘာဝလေးမှာ ဒေဝီ့ကို ချစ်တယ်လို့ သူပြောပါမည်။



သူနှင့်ဒေဝီ မင်္ဂလာဒုံဥယျာဉ်က ပြန်လာတော့ လမ်းတစ်လျှောက်မှာ ရင်ခုန်မိသည်ကတော့ အမှန်။

ဩော် ... နက်ဖြန်ခါ ပေါင်း ငါးခု ခြောက်ခုကို ရင်ဆိုင်ပြီးရင် သူနှင့်ဒေဝီချစ်သူဘဝ ရောက်တော့မှာပါလေ။

အဲဒီခါကျ...

အချစ်နဲ့ပတ်သက်တဲ့ ဘဝတစ်ခုကို သူ အလေးအနက် ထားရတော့မှာပေါ့။"

× × ×

www.burmeseclassic.com

www.burmeseclassic.com



## [ ၁၈ ]

"အပြီးပြောင်းရမယ့်နေ့က သမီး စာမေးပွဲဖြေပြီး နောက်နေ့ပါလား အစ်ကို"

"ဟုတ်တယ် လွင်။ တစ်လလောက်ကတည်းက အမိန့်စာ ထွက်နေတာ။ လွင့်ကို ပြောပြထားသားပဲ"

ဒေါ်ခင်မိုးလွင်က ပြက္ခဒိန်ရက်များ လှန်လှောကြည့်သည်။ ပြောင်းရွှေ့ရမည်ကိုလည်း ဒေါ်ခင်မိုးလွင် ကြိုတင်သိခဲ့ပါ၏။ သို့သော်လည်း သမီးဖြစ်သူကိုတော့ လင်မယားနှစ်ယောက်စလုံး အသိမပေးခဲ့။ ကျောင်းကတစ်ဘက်နှင့် စာမေးပွဲရက် ကပ်နေချိန်မှာ သမီးစိတ်အနှောင့်အယှက်ဖြစ်မည်ကို ကြောင့်ကြ၏။

"ခုလဲ လွင် သမီးကို အသိမပေးနဲ့ဦးနော်။ စာမေးပွဲက



နက်ဖြန်ဖြေရမှာ"

"ဘယ်အသိပေးလို့ဖြစ်မလဲ အစ်ကို။ သမီးစာမေးပွဲဖြေပြီးမှ ပြောပြပြီး တစ်ခါတည်း ပြောင်းရွှေ့ကြရမှာ"

"ဌာနက ကားနှစ်စီးပို့ပေးလိမ့်မယ်။ အစ်ကို ရာထူးတိုးမြင့်ပြီး ပြောင်းရမှာဆိုတော့ သမီးလည်း ဝမ်းသာမှာပါ"

ဒေါ်ခင်မိုးလွင် ခေါင်းကို အသာညိတ်သည်။

အစိုးရအရာထမ်းတစ်ယောက်၏ သမီးဘဝတွင် တာဝန်နှင့် နယ်ပြောင်းရွှေ့ရသည်မှာ သမီးအတွက် အဆန်းတော့မဟုတ်။ ရန်ကုန်ပြောင်းရွှေ့ခဲ့စဉ်ကတည်းက သည်လို အပြောင်းအလဲမျိုး ဖြစ်ပေါ်လာမည်ကိုလည်း ဒေါ်ခင်မိုးလွင် နားလည်ပြီးသား။

ဦးမြတ်ထိုက် ရုံးကို ပြန်ထွက်သွားတော့ ဒေဝီခင် ပြန်ရောက်လာသည်။

"လမ်းထိပ်မှာ ဖေဖေ့ကားကို တွေ့လိုက်တယ် မေမေ"

"ဟုတ်တယ် . . . အစည်းအဝေးမှတ်တမ်းတွေ ကျန်ခဲ့လို့ လာယူတာ။ သမီးကို တွေ့သွားသေးလား"

"မတွေ့ဘူး မေမေ"

ဒေဝီခင် စာရေးစားပွဲဝင်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မိုးလွင်က ပြက္ခဒိန်ရက်တွေကို ဘောလ်ပင်နှင့် ရေးမြစ်နေ၏။

"ဘာလုပ်နေတာလဲမေမေ"

"သမီးစာမေးပွဲပြီးမယ့်နေ့ကို မှတ်နေတာပါ"

"အဲဒီနေ့ကျ သမီးအိမ်ပြန်နောက်ကျမယ်နော်"

"ဟင် သမီးက ဘယ်သွားမလို့လဲ"

"ကိုဘုန်းလေ ...စာမေးပွဲနောက်ဆုံးနေ့မှာ လျှောက်လည်မယ်တဲ့။ အကောင်းဆုံး စားသောက်ဆိုင်တစ်ခုမှာ သမီးကို ကျွေးမယ်တဲ့"

"မောင်အောင်ဘုန်းပြည့်က သမီးကို တော်တော်ခင်တာပဲ"

"ခင်တာပေါ့ မေမေရဲ့။ မခင်ဘဲနဲ့ သမီးမွေးနေ့မှာ သည်လို အဖိုးတန်တဲ့ရတနာပစ္စည်းကို ဘယ်သူက ပေးမလဲ"

ဒေဝီခင်က လည်ဆွဲလေးကို ငုံ့ကြည့်ပြီး ပြောသည်။

ဒေါ်ခင်မိုးလွင်က သမီးဖြစ်သူ၏ မျက်နှာကို တစ်ချက်ဝေ့ကြည့်၏။

သည့်နောက် ...

ပင့်သက်ကို ဖြည်းညှင်းစွာချလိုက်သည်။



[ ၁၉ ]

စာမေးပွဲနောက်ဆုံးနေ့၏ နံနက်ဦးကတည်းက မောင့်မျက်နှာ အပျော်တွေ ကဲနေသည်ကို မြသက်နိုင် သတိပြုပြီးသား။ ဖြေဆိုမည့်ကျောင်းကို သူမကိုယ်တိုင်လိုက်ပို့တော့ မောင့်မျက်နှာ ခပ်ပျက်ပျက်ဖြစ်နေသည်။

"ကျွန်တော်က ကားယူထားမလို့ မမ"

"မနက်ပိုင်း မမ ကိစ္စတစ်ခုရှိနေလို့ပါ။ ကားကို လာပို့ပေးထားမယ်လေ"

"ကျေးဇူးပါပဲ မမ။ စာမေးပွဲနောက်ဆုံးနေ့ဆိုတော့ ကျွန်တော်တို့ သူငယ်ချင်းတွေ လျှောက်လည်ကြဖို့ အစီအစဉ်ရှိလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



မြသက်နိုင်က ခေါင်းကို အသာညိတ်ပြီး နှုတ်ခမ်းတွန့်ရှုံ့ပြုံးသည်။ မောင့်ကို ဖြေဆိုမည့်ကျောင်းသို့ပို့ပြီး အစီအစဉ်များကို ဇယ်ဆက်သလို လုပ်ရ၏။

သည်နေ့က မောင် သူ့ဘဝကို အဆုံးအဖြတ်တစ်ခု ပေးရတော့မယ့်နေ့လေ။ သည်အချိန် သည်အခါကို မြသက်နိုင် စောင့်စားခဲ့တာ ကြာပြီပဲ။

× × ×

မောင်ကျောင်းဝင်းထဲက ထွက်လာသည်ကို မြသက်နိုင် မြင်သည်။ သည့်ထက်ပိုကဲသော အမြင်က မောင့်နံဘေးမှာ ပါလာသည့် ဒေဝီခင်။

ကျောင်းဝင်းအပြင်ရောက်သည်နှင့် စီတန်းရပ်ထားသည့် ကားများဆီသို့ မောင်၏အကြည့်ရောက်လာသည်။

မြသက်နိုင်က မောင် မြင်သာအောင် လက်ကိုမြှောက်ပြတော့ မောင် မျက်နှာပျက်ပျက်နှင့် ကားဆီလျှောက်လာ၏။

"မမ ခုမှ ရောက်တာလား ဟင်"

"ဟုတ်တယ် မောင်။ မနက်က မောင့်ကိုပြောတဲ့ အစီအစဉ်ကတော့ ကားထားခဲ့ပြီး မေဆုရည်နဲ့ မော်ဘီကို သွားမလို့



ဘဲ။ ခု အရေးတကြီးကိစ္စပေါ်လာလို့ မမကိုယ်တိုင် မောင့်ကို စောင့်နေတာ"

မြသက်နိုင်၏အကြည့်တစ်ချက် ဒေဝီခင်ဆီ ဝေ့သည်။

သည်နေရာမှာ အလွန်အရေးကြီးသည့် အရေးပေါ်ကိစ္စတစ်ခု ပေါ်လာနေကြောင်းကို ဒေဝီခင်သိသာအောင် ပြရမည်။

"ကိုအေးလွင် လာလေ။ ဒါ နိုင့်မောင်ပါ။ ပြောပြထားသားပဲ"

မောင့်အကြည့်က ကိုအေးလွင်ဆီ ရောက်သွား၏။

တစ်ဆက်တည်းပင် မောင်သည် ကိုအေးလွင်၏ခဲပုပ်ရောင် ကိုရိုလာလီမိတက်ကားကို သတိပြုမိလိမ့်မည်။

"အရေးတကြီးကိစ္စပေါ်လာတယ် မောင်"

"ဘာများလဲ မမ"

"မောင် ကိုအေးလွင်နဲ့အတူ မန္တလေးကို ခရီးထွက်ရမယ်"

"ဘယ်နေ့လဲ မမ"

"ခုပဲ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ငွေကြေးကိစ္စ မောင်။ မန္တလေးက ခုပဲဖုန်းဝင်လာတယ်။ ကိုအေးလွင်က ဦးဆောင်ပြီးလုပ်ငန်းအားလုံးကို လုပ်ပေးလိမ့်မယ်။ ခရီးထွက်ဖို့ကိစ္စအတွက် မောင် အိမ်ကိုပြန်စရာမလိုတော့ဘူး။ မောင့်အဝတ်အစားတွေ အိတ်တစ်လုံးနဲ့ ကိုအေးလွင်ကားထဲမှာ ထည့်လာခဲ့တယ်။ အိတ်ထဲမှာ မှတ်ပုံတင်လည်း ပါတယ်နော်"

မောင်က ခေါင်းကိုလက်နှင့်ကုတ်တော့ ကိုအေးလွင်က သူမကို ပြုံးပြီးကြည့်သည်။

"နက်ဖြန်မနက်စောစော ထွက်ရင် ရိုပြီး အဆင်မပြေဘူးလား မမ"

"မမ စီစဉ်တာတွေကို မောင် ငြင်းပယ်ခဲ့ဖူးသလား။ မင်းကို အပျော်ခရီးသဘောနဲ့ လွှတ်တာ မဟုတ်ဘူး။ ဒါ အလုပ်ကိစ္စကွ။ အစ်မတစ်ယောက်တည်းရှုန်းကန်လုပ်ရှားနေရတာကို မင်း အားနာဦး"

သူမ၏တင်းသွားသည့် မျက်နှာကို မောင်က မဝံ့မရဲကြည့်သည်။ ပြီးတော့ ဒေဝီခင်ဆီ အကြည့်က ဝေ့ဝဲသွား၏။

"ဒေဝီကို မမ အိမ်လိုက်ပို့လိုက်ပါ့မယ် မောင်။ ကဲ… မောင်တို့သွားတော့။ လမ်းမှာကားကိုမောင်နဲ့ကိုအေးလွင် တစ်



လှည့်စီ မောင်းပေါ့"

"ဒေဝီ"

မောင်က ဒေဝီခင်ကို ခေါ်သည်။

"မမနဲ့လိုက်သွားနော်။ ကိုယ် မန္တလေးကပြန်ရောက်ရောက်ချင်း ဒေဝီ့ဆီလာခဲ့မယ်"

ဒေဝီ ခေါင်းကလေးညိတ်သည်ကို မြသက်နိုင် မြင်သည်။

အဖြစ်ကိုကြည့်ပြီး မြသက်နိုင် ရင်ထဲမှာတော့ မကောင်း။

သို့သော်လည်း တောက်လောင်လာတော့မည့် မီးကို သူမ ငြိမ်းသတ်ရပါမည်။

မောင်နှင့်ပတ်သက်လျှင်တော့ အရာအားလုံးကို မြသက်နိုင် ရင်ဆိုင်တိုက်ခိုက်ခဲ့သည်။

မောင့်အတွက် ရည်ရွယ်ချက်တွေ မြသက်နိုင်ရင်မှာ ရှိနေပါသည်လေ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



[ ၂၀ ]

မေမေ့ရှေ့ဆက်တီပေါ်မှာ ထိုင်ချပြီး မြသက်ခိုင် ပင့်သက်ကို ဟူးခနဲ မှုတ်ထုတ်သည်။ လုပ်ခဲ့သည့်လုပ်ရပ်များအားလုံးကိုလည်း မေမေသိပါသည်။

"မောင်အေးလွင်ခမျာ သက်သက်မဲ့ အလုပ်ပျက်ရတာပေါ့"

"မပျက်ပါဘူး။ မန္တလေးက သူ့ကုမ္ပဏီခွဲမှာ အစည်းအဝေးရှိတာကို အခြေတည်ပြီး စီစဉ်ဆောင်ရွက်ရတာ မေမေ"

"သားက ရိပ်များ ရိပ်မိသွားမလား"

"မရိပ်မိနိုင်ပါဘူး။ ကိုအေးလွင်ကို အကျိုးအကြောင်းအားလုံး ဖွင့်ပြောပြီး မောင့်ကို ထည့်လိုက်တာ။ ကိုအေးလွင်က



လိမ္မာပါးနပ်ပါတယ်။ ခိုင့်ကိုလည်း သူ အရမ်းခင်တယ်။ ကျွန်တော်သာ မမြသက်ခိုင်ရဲ့မောင်ဖြစ်ရင်တော့ တကယ်ကို နှလုံးတွဲရမှာလို့တောင် ခိုင့်ကို စသွားသေးတယ်"

မေမေကတော့ စကားကို ခွင်ကျယ်ကျယ် ဝင်မပါ။ သမီးဖြစ်သူကို မေမေက ယုံကြည်ပြီးသား။ သည်ခြံနှင့်တိုက်မှာ မိမိ၏စကားသြဇာသည်သာ အဓိက အကျဆုံးနေရာမှာ ရှိမည်။

"မန္တလေးမှာ ကြာကြာမှာလား"

"တစ်ပတ် ဆယ်ရက်ပေါ့ မေမေ။ လုပ်ငန်းတွေနဲ့ ပတ်သက်လို့ လမ်းမှာ မောင့်ကို ပညာပေးပါလို့လည်း ကိုအေးလွင်ကို မှာလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုအေးလွင်က ဈေးကွက်စီးပွားရေးစနစ်မှာ ထက်မြက်တဲ့ လူတော်တစ်ယောက်ပဲ မေမေ။ ခိုင်တောင် သူ့ဆီက အကြံဉာဏ်တွေ ယူရတဲ့အခါမျိုးရှိတယ်"

ဂိုးလ်စတားကုမ္ပဏီ၏ သူဌေးတစ်ယောက်။

ရိုးသားသော စိတ်ဓာတ်အင်အားရှိပြီး၊ စီးပွားရေးစွမ်းထက်မှုများကြောင့် မြသက်ခိုင်က ခင်မင်လေးစားခဲ့သည်။ နိုင်ငံခြားသွင်းကုန်များနှင့် ပတ်သက်လျှင် ကိုအေးလွင်၏ အကူအညီကို သူမ အများကြီးယူခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့သားက ဒေဝီခင်ကို ဒီနေ့ ချစ်တယ်ဆိုတဲ့ စကား ပြောတော့မှာ"

"ကောင်မလေးကလည်း လက်ခံချင်မှ လက်ခံမှာပါ ကွယ်"

"မောင်ချိုကြီးဆီက စကား အကုန်သိထားခဲ့တာ မေမေ"

"ကဲ…မေမေ တစ်ခုမေးမယ်"

မြသက်နိုင်က မေမေ့မျက်နှာကို ခပ်စိုက်စိုက်လေး ကြည့်လိုက်၏။

"သား မန္တလေးက ပြန်လာရင် သူတို့မတွေ့နိုင်ကြတော့ဘူးတဲ့လား။ အဲဒီကိုလည်း သားက အခင်အတွက်ရှိနေတာ မဟုတ်လား"

"အဲဒါကို နိုင် စဉ်းစားမိပါတယ် မေမေ။ ခုကိစ္စက လတ်တလော ဖြေရှင်းရတဲ့ကိစ္စ။ မောင် ပြန်ရောက်မလာခင်မှာ နိုင် ညက်နီညက်နက်တွေ ထုတ်ရဦးမယ်။ မေမေ့သားအတွက်တော့ တကယ်စိတ်မောပါတယ်"

"သားကို အကျိုးအကြောင်း ပြောပြပြီး ဒီကလေးမနဲ့ ခရီးမရှည်ဖို့ ဆုံးမ ပြောဆိုရင် မကောင်းဘူးလား"



မြသက်နိုင် ပင့်သက်ကို ဟူးခနဲ မှုတ်ထုတ်သည်။

လတ်တလောကိစ္စ ဆောင်ရွက်နိုင်သော်လည်း ဆုံတွေ့လာရဦးမည့် နက်ဖြန်ပေါင်းများစွာတွေ…

အတွေးတွေ ဝေရင်း မျက်စိကို စုံမှိတ်အထားမှာ ဖုန်းခွက်မှာ ဖုန်းမြည်သံက နားဆီသို့ ရောက်လာ၏။

ထိုင်ရာမှ ထပြီးဖုန်းစင်ရှိရာသို့ သွား၍ ဖုန်းခွက်ကို မ.ယူသည်။

"ပြောပါရှင်"

"ဒေါ်မြသက်နိုင်နဲ့ စကားပြောချင်လို့ပါ"

"ဟုတ်ကဲ့ ကျွန်မ မြသက်နိုင်ပါ"

"မမနိုင်လားဟင်။ ဒေဝီပါ မမနိုင် ဒေဝီပါ"

ဒေဝီခင်ပါလား။

သတ္တုပြားကလေးထဲမှ တုန်ခတ်နေသည့် ဒေဝီခင်၏ အသံကိုတော့ မြသက်နိုင် သတိပြုမိပါ၏။

"ပြောလေ ဒေဝီ"

"မမနိုင်ရယ် ဒေဝီ ကိုဘုန်းနဲ့ အရမ်းတွေ့ချင်တာပါပဲ"

"မောင် မန္တလေးတက်သွားတယ်လေ။ ဒေဝီ့ရှေ့မှာပဲ မောင် ကားနဲ့ထွက်သွားတာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မမနိုင်။ ကိုဘုန်းကို တွေ့ချင်တယ်ဆိုတာက ဒေဝီ စကားပြောချင်တဲ့ဆန္ဒပါ"

"မမနိုင်ကို ပြောလည်း ဖြစ်ပါတယ်ကွ"

"ဟုတ်ကဲ့။ ပြောမှာပါ မမနိုင်။ မမနိုင်ကို ဒေဝီပြောခဲ့ရမှာပါ"

အသံတိတ်သွားသည်။

ပင့်သက်ချသံလား၊ ရှိုက်သံလား ခန့်မှန်းမရသည့် တိုးညှင်းသောအသံတစ်ခုကိုတော့ ဖုန်းခွက်ထဲမှနေ၍ မြသက်နိုင် ကြားနေရ၏။

"မမနိုင်"

"ပြောလေ ဒေဝီ။ မမနိုင် နားထောင်နေတယ်"

"ဒေဝီတို့မိသားစု နက်ဖြန် နယ်ပြောင်းရတော့မယ် မမနိုင်"

"ဟယ် ... မြန်ဆန်လိုက်တာ"

အသံမှာကျေနပ်မှုတွေပါမနေအောင်ထိန်းထားရသည်။

ဒေဝီခင်တို့နယ်ပြောင်းရမည်တဲ့။

ဘယ်လိုမှမျှော်လင့်မထားသည့်အကြောင်းရာအခြေနေတစ်ခု။



ခုတော့ အရာအားလုံးချောမွေ့ပြီးဆုံးတော့မည်ဟု မြသက်နိုင် အပိုင်တွက်ချလိုက်၏။

"ဒေဝီတို့ စာမေးပွဲမဖြေခင် တစ်လလောက်ကတည်းက အမိန့်ထွက်တာ မမနိုင်။ ဒေဝီ စာမေးပွဲဖြေရင် စိတ်မဖြောင့်မှာစိုးလို့ ဖေဖေနဲ့မေမေက ဒေဝီ့ကို ကြိုပြောမထားတာ"

"ဒေဝီ့ဖေဖေ ရာထူးတက်ပြီး ပြောင်းရတာ ထင်ပါရဲ့"

"ဟုတ်ပါတယ် မမနိုင်။ ဒါပေမဲ့ ဒေဝီ နယ်ကိုမပြောင်းချင်ပါဘူး မမနိုင်ရယ်"

"မင်းမှုထမ်းရဲ့သားသမီးဆိုတာ ဒီလိုပဲပေါ့ ညီမရယ်။ ခင်မင်ပြီးမှ ဒေဝီတို့ ပြောင်းရမယ်ဆိုတော့ မမနိုင် စိတ်မကောင်းပါဘူး"

"ဒေဝီ့ကို မမနိုင် တစ်ခုကူညီပါလားဟင်"

"ပြောလေ"

"ဒေဝီ လိပ်စာပြောပြမယ်နော်။ မမနိုင် ရေးမှတ်ပြီး ကိုဘုန်းကို ပေးပေးပါနော်"

"သည်လောက်တော့ မမနိုင် ကူညီနိုင်ပါတယ်"

ဒေဝီခင်က ဖုန်းထဲမှနေ၍ ပြောင်းရွှေ့မည့် နေရပ်လိပ်စာ ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြသက်ခိုင်က ရေးမှတ်ရင်း ပြုံးနေပါ၏။

"ဒေဝီ ကိုဘုန်းကို နှုတ်ဆက်ခဲ့တယ်လို့ ပြောပေးပါနော်"

"ကောင်းပြီ ဒေဝီ"

"မမခိုင်နဲ့အန်တီကိုလည်း ဒေဝီနှုတ်ဆက်ခဲ့ပါတယ်။ ညမိုးချုပ်လို့ ဒေဝီကိုယ်တိုင် မလာနိုင်တာကို ခွင့်လွှတ်ပါနော်"

"ခွင့်လွှတ်ပါတယ် ဒေဝီ"

"ကိုဘုန်းပြန်လာမယ့်အချိန်ကို မှန်းပြီး ဒေဝီ ညဘက်ကို ဖုန်းဆက်မယ်နော်"

"မောင့်ကို ပြောလိုက်ပါ့မယ်"

"ဒေဝီ စာလည်း ရေးပါ့မယ်လို့ ပြောပေးပါနော်"

"ကောင်းပြီ"

"ဒေဝီ ဖုန်းချလိုက်တော့မယ်နော်။ ဂွတ်နိုက် မမခိုင်"

"ဂွတ် နိုက်"

တစ်ဘက်မှဖုန်းချသံနှင့်အတူမြသက်ခိုင် ဖုန်းခွက်ကို ပြန်ချလိုက်သည်။ မေမေက လှမ်းကြည့်တော့ မေမေ့ကို နှစ်ခြိုက်စွာ ပြုံးပြလိုက်သည်။

ရင်ထဲမှာလည်း အရမ်းပေါ့ပါးသွားခဲ့၏။



[ ၂၁ ]

ဒေဝီခင်တို့မိသားစု ပြောင်းရွှေ့သွားပြီး လေးရက်မြောက်နေ့တွင်မြသက်ခိုင် မိမိတို့မြို့နယ်အပိုင် စာတိုက်ဌာနသို့ ရောက်ခဲ့သည်။

"မောင်သန်းဆွေကို တွေ့ချင်လို့ပါ"

"ကိုသန်းဆွေ နှစ်ယောက်ရှိတယ် အစ်မ။ စာရေး ကိုသန်းဆွေလား။ စာပို့ကိုသန်းဆွေလား"

"စာပို့တဲ့ မောင်သန်းဆွေပါ"

"ခဏလေး စောင့်ပါလား အစ်မ။ သူ စာတွေရွေးပြီး လက်ဖက်ရည်သွားသောက်တယ်"

တံဆိပ်ခေါင်းအရောင်းဌာနမှ ကောင်လေးက စကား

www.burmeseclassic.com

www.burmeseclassic.com



ချိုချိုသာသာ။

မြသက်နိုင်က လက်မှနာရီကို အသာငုံ့ကြည့်ပြီး...

"သူ သွားသောက်တဲ့လက်ဖက်ရည်ဆိုင်က အတော်ဝေးသလားကွယ်"

"လမ်းထိပ် လမ်းမတန်းက အရိပ် လက်ဖက်ရည်ဆိုင်လေ။ အဲဒီမှာ သူထိုင်တယ်"

"ဒါဆို အစ်မလိုက်သွားလိုက်မယ်"

ကောင်လေး ခေါင်းအညိတ်မှာ မြသက်နိုင်က ရပ်ထားသည့်ကားဆီသို့ ခပ်သွက်သွက်ကလေး လျှောက်ခဲ့သည်။

လမ်းထိပ်သို့ကားကိုမောင်းထွက်ခဲ့ပြီး လက်ဖက်ရည်ဆိုင်မှာ မောင်သန်းဆွေကို လွယ်လွယ်ကူကူ ရှာဖွေတွေ့သည်။

"ဟာ...အစ်မ ဘယ်ကိုလာတာလဲ"

"မင်းဆီကိုလာတာ။ မင်း လက်ဖက်ရည်ဆိုင်မှာ ရှိတယ် ညွှန်လိုက်လို့ လိုက်လာတာ"

"ထိုင်လေ အစ်မ။ ကိစ္စတစ်ခုခုတော့ ပါလာပြီ ထင်တယ်"

"အမှန်ပဲ မောင်သန်းဆွေ"

မြသက်နိုင်က ထိုင်ခုံမှာဝင်ထိုင်သည်။ မောင်သန်း



ဆွေက လက်ဖက်ရည်တစ်ခွက်ကို ခပ်ပျာပျာလေးမှာသည်။

သည်လို မောင်သန်းဆွေဟု စကားချီပြီး မြသက်နိုင်က လိုရင်းစကားကို ပြောသည်။

"အဲဒါများအစ်မရယ် ဖုန်းလှမ်းဆက်ပြီး ပြောလိုက်ရင်ပြီးရော"

"မင်းက အပြင်ထွက်နေရတာမို့လား"

"မနက်ပိုင်းလောက်ဆို ရှိပါတယ် အစ်မရဲ့"

"အဲဒါကွာ မောင်သန်းဆွေ မေ့မေ့လျော့လျော့တော့ မဖြစ်ပါနဲ့။ အောင်ဘုန်းပြည့် နာမည်နဲ့လာတဲ့စာမှန်သမျှကို စုပြီးတော့ သိမ်းထား ဟုတ်လား။ တစ်ပတ်တစ်ခါလောက် အစ်မလာယူမယ်။ အိမ်ကိုလည်း လာမပေးနဲ့"

"စိတ်ချပါ အစ်မ"

"ကဲ ဒါဖြင့် အစ်မသွားမယ်"

မြသက်နိုင် ကောင်တာမှငွေရှင်းတော့ မောင်သန်းဆွေက ထံပါးသို့အပြေးကလေး ရောက်လာ၏။

"ဟာ... မလုပ်ပါနဲ့အစ်မ"

"နေပါကွာ... အစ်မရှင်းပါ့မယ်"

တစ်ထောင်တန်တစ်ရွက် ထုတ်ပေးပြီး လန်ဒန်စီးက

www.burmeseclassic.com

www.burmeseclassic.com



ရက်တစ်ဘူး လှမ်းယူပြီး မောင်သန်းဆွေအိတ်ထဲသို့ စီးကရက်ဘူးကို ထည့်ပေးသည်။

"အစ်မကတော့ လုပ်ပြန်ပြီဗျာ"

"ဟဲ့ … စီးကရက်ဆိုတာ သောက်လို့ကောင်းတဲ့အရာပဲဟာ"

မောင်သန်းဆွေကို နှုတ်ဆက်ပြီး အလုပ်တိုက်သို့တန်းလာခဲ့သည်။ စားပွဲထိုင်ဖြစ်မှ ပင့်သက်မောများကို ချရ၏။ ဒါကိုမြင်သည့် မေဆုရည်က …

"သက်ပြင်းကြီးချလို့ပါလား နိုင်"

ပြောမည်လုပ်ပြီးမှ မြသက်နိုင် နှုတ်ကို ချုပ်ထိန်းလိုက်သည်။

သည်အရေးကိစ္စတွေက မိမိနှင့်သက်ဆိုင်သည့်အရေးကိစ္စ။ မေဆုရည်ကိုလည်း မသိစေချင်။

သည့်နောက် …

မောင်ပြန်လာရင်ဆိုသည့် အတွေးတွေးရင်း …

အချိန်မရွေး ရောက်လာနိုင်သည့် ဒေဝီခင်၏ဖုန်းကိုလည်း စိုးကြောက်နေမိသေးသည်။

× × ×



[၂၂]

ခရီးရောက်မဆိုက်ပင် အားလုံး အဆင်ပြေတယ် မမဆိုသည့် မောင်၏တက်ကြွသောအသံကို ကြားရသည်။

မောင့်ကို ပြန်ပို့ပြီး ကိုအေးလွင်က ကားမောင်းပြန်အထွက်မှာ ရယ်ပြုံးတို့ လုပ်သွားသည့်အဓိပ္ပာယ်ကို မောင်ကတော့ မသိ။

"ဆယ်ရက်လောက်ကြာသွားတာက ပြင်ဦးလွင်နဲ့လားရှိုးကို တက်သွားသေးတာ မမ။ ကိုအေးလွင်ကတော့ လူတော်တစ်ယောက်ပါပဲ။ ကျွန်တော့်ကို သင်ပြရင်း လုပ်ငန်းအားလုံးကို သူ ဦးဆောင်သွားတယ်"

မောင်၏တက်ကြွနေမှုက ဒေဝီခင်နှင့်တွေ့ရတော့

www.burmeseclassic.com

www.burmeseclassic.com



မည် ဆိုသည့် ပျော်ရွှင်မှုမျိုးပါနေသည်ကိုလည်း မြသက်ခိုင် သိ၏။

မောင်သည် ခေတ္တခဏ အနားယူပြီး ဒေဝီခင်ထံ သွားရန် ကြံရွယ်လိမ့်မည်။ မောင်မသွားခင်မှာ ဒေဝီခင်တို့ တစ်နယ်တကျေးပြောင်းရွှေ့သွားသည်ကိုတော့ မောင့်ကို ပြောထားဖို့လိုသည်။

မောင် အနားယူ ရေချိုး အဝတ်အစားလဲပြီးချိန်မှာ မြသက်ခိုင် မောင့်ကို စကားပြောရသည်။ ပြောမည့်စကားကိုလည်း သိပ်အရေးကြီးဟန် ပုံစံမပြဘဲ ပြောရန်လည်း မျက်နှာကို သာမန်အနေထားလောက်မှာ တည်တည်ငြိမ်ငြိမ်ပင် ထားရ၏။

"မောင်ကတော့ ကိုယ့်မိတ်ဆွေ သူငယ်ချင်းကို မနှုတ်ဆက်လိုက်ရလို့ စိတ်မကောင်းဖြစ်မှာ အမှန်ပါပဲ"

"ဘာကိုလဲ မမ"

"မောင်တို့စာမေးပွဲဖြေပြီး နောက်တစ်နေ့မှာ ဒေဝီတို့ သူ့အဖေ အလုပ်တာဝန်နဲ့ နယ်ပြောင်းသွားကြတယ်လေ"

"ဟင်..."

"သိတယ်... သိတယ်... မောင်အံ့ဩသွားမယ်ဆိုတာ။ မမတို့ကိုတောင် သူ့ခများ လူကိုယ်တိုင် လာမနှုတ်ဆက်နိုင်



ရှာပါဘူး။ ဖုန်းဆက်ပြီး အကြောင်းကြားတာ"

"ဒေဝီတို့ ဘယ်ကိုပြောင်းသွားတာလဲဟင်။ မမကို လိပ်စာပေးထားခဲ့မှာပါနော်"

"အဲ... မမလည်း အံ့အားတသင့်ဖြစ်နေရတာနဲ့ ဘယ်မြို့ ဘယ်နယ်ဆိုတာ မမေးလိုက်မိဘူး မောင်။ ဒေဝီကတော့ ပြောပါတယ်။ သူ မောင့်ဆီကို စာရေးလိုက်မယ်တဲ့"

"နောက် ဘာမှာသွားသေးလဲ မမ"

"အဲဒါပါပဲ မောင်"

အလုပ်တိုက်သွားရမည့်အချိန်ကလည်း နီးပြီ။

စကားဖြတ်ပြီး ကားသော့ကို ယူ၍ ကားဆီသို့ မြသက်ခိုင် လျှောက်ခဲ့သည်။

ညနေအလုပ်တိုက်က ပြန်လာ ရေမိုးချိုးပြီး မိသားစု ထမင်းဝိုင်းမှာ မောင်က...

"နောက်တစ်ခေါက် မန္တလေးတက်ရဦးမယ်လို့ ကိုအေးလွင်က ပြောတယ် မမ"

"ဟုတ်တယ်... မမကို သူ ဖုန်းဆက်တယ်"

"ကျွန်တော့်ကို လုပ်ငန်းခွင်ဝင်ပြီး စာမေးပွဲကို အဖြေက မြေပါလားတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဘယ်ဖြစ်မလဲ။ မမက မောင့်ကို ဘွဲ့တစ်ခု တည်းမဟုတ်ဘူး။ အခုနှစ်ဆယ်လောက်ရတဲ့ထိ ထားနိုင်တာ ပဲဟာ"

"ကိုအေးလွင်ပြောတဲ့သဘောက စီးပွားရေးလုပ်ငန်း ကို ပိုပြီးကျွမ်းကျင်သွားအောင် ပြောတဲ့ စေတနာစကားပါ"

"ဘာပဲဖြစ်ဖြစ်လေ မောင့်စိတ်ကို မမက မများစေချင် ဘူး။ ကျောင်းပြီးတာနဲ့ မမရဲ့ကုမ္ပဏီလုပ်ငန်းတွေကို မောင်ပဲ ကိုင်တွယ်ရမှာပဲဟာ"

ဟင်းခပ်နေတုန်း ညှော်ခန်းမှ ဖုန်းမြည်သံပေါ်လာ သည်။ သူမ ထမည်အပြုတွင် မောင်က ခပ်သွက်သွက်ကလေး ထပြီး…

"နေ…နေ မမ…ကျွန်တော်သွားကိုင်လိုက်မယ်"

မောင် ခပ်သွက်သွက်ကလေးထအသွားတွင် မြသက် နိုင် ရင်မှာ ဒိန်းခနဲဖြစ်သွားရပါ၏။

ဒေဝီခင်ရဲ့ဖုန်းများလား။

မောင်နှင့်ဒေဝီခင် ထိပ်တိုက်စကားပြောဖြစ်လျှင်…

မြသက်နိုင် ဘုရားတနေချိန်မှာ မောင့်ထံမှ အသံပြေး ကပ်လာ၏။



"မမ"

"ဘာလဲ မောင်"

"မမ မေဆုရည်က မမနဲ့စကားပြောချင်လို့တဲ့"

ဟူး…

တော်ပါသေးရဲ့။

ခုမှ ရင်ကအလုံးကြီး ကျရသည်။

ဖုန်းခွက်ကို သွားကိုင်သည်ထိ ရင်အခုန်က မရပ်သေး။ ပစ္စည်းများရောက်နေသည့်ကိစ္စ။ နက်ဖြန်လာပို့မည့်ကိစ္စများ ပြောပြီးသည်ထိ ရင်က တဒိတ်ဒိတ်နှင့်ဖြစ်နေဆဲ။

ညနေနှောင်းအချိန်လောက်မှာ မောင်က ကားယူပြီး အပြင်ထွက်သွားသည်။ ထိုးမုန့်နှစ်ဘူး ယူသွားကတည်းက မောင်ချိုကြီးဆီ မောင်သွားမည်မှန်း တန်းသိ၏။

မောင်ထွက်သွားပြီး နာရီဝက်ခန့်သာကြာမည်။

ဖုန်းထပ်မြည်လာ၏။

မြသက်နိုင် ဖုန်းခွက်ကို မ,ယူလိုက်ပြီး…

"ပြောပါရှင်"

"မမနိုင်လားဟင်"

"ဟဲ့ ဒေဝီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မမနိုင်"

မြသက်နိုင် ရင်ထိတ်ခနဲဖြစ်သွားသည်။

သို့သော်လည်း ဒေဝီခင်အတွက် စကားတွေက မိမိရင်မှာရှိပြီးသား။ ကံကောင်းသည်ကတော့ ဒေဝီခင်ထံမှ ဖုန်းဝင်လာချိန်တွင် မောင် မရှိခြင်းပင်။

"မမနိုင်"

"ပြောပါ ဒေဝီ"

"ကိုဘုန်း ပြန်ရောက်ပြီလားဟင်"

"ခရီးတွေလွန်နေတယ် ထင်တယ် ဒေဝီ။ ခုထိ မောင် ပြန်မရောက်သေးဘူး"

သတ္တုပြားလေးထဲမှ ဒေဝီခင်၏ ပင့်သက်ချသံ မျှင်းမျှင်းကို ကြားရသည်။

"ကိုဘုန်းက မမဆီကို ဖုန်းဆက်ဘူးလားဟင်"

"မဆက်ဘူး ဒေဝီ။ ဒါပေမဲ့ စိုးရိမ်ကြောင့်ကျစရာ မရှိပါဘူး။ လုပ်ငန်းကိစ္စတွေကများတော့ မောင် တော်တော်နဲ့ ရန်ကုန်ကို ပြန်ဆင်းနိုင်မယ် မထင်ဘူး"

"သြော်"

"နောက်ပြီး ဒေဝီ့ကို ပြောရဦးမယ်"



"ဘာများလဲ မမနိုင်"

"မောင့်ကို စင်္ကာပူပို့ဖို့ မမ စီစဉ်ထားတယ်။ မောင် ရန်ကုန် ပြန်ရောက်ပြီး မကြာခင်မှာ သွားရလိမ့်မယ်"

"ကိုဘုန်း ဒေဝီ့ကို ဒီအကြောင်းတွေ ဘာမှမပြောဘူး မမနိုင်"

"မမစီစဉ်ထားတာ ကြာပါပြီ။ မောင် စကားမစပ်မိလို့ ဒေဝီကို မပြောတာထင်ပါတယ်"

"ကြာမှာပေါ့နော်"

"ကြာမယ် ဒေဝီ။ ဟိုမှာ အလုပ်လုပ်ရင်း ကုန်သွယ်မှုပညာကိုပါ သင်ရမှာ"

"ကိုဘုန်း ကျောင်းဆက်မတက်တော့ဘူးပေါ့နော်"

"အချိန်တန်တော့လည်း မောင် ဘွဲ့တစ်ခုရသွားမှာပါကွယ်။ မမက လုပ်ငန်းတွေ ကြီးကြီးကျယ်ကျယ် လုပ်တော့ မောင့်ကိုလည်း အမြင်ကျယ်စေချင်တယ်လေ။ ဒါကြောင့် နိုင်ငံရပ်ခြားလွှတ်ရတာ။ နောက်ပြီး ခု သုံးလေးရက်အတွင်း မမတို့ အင်းလျားလမ်းကို ပြောင်းကြတော့မလို့"

"ရှင်"

"ခုနေရာကို ဈေးကောင်းရလို့ ရောင်းလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်မှ အသံတိတ်ဆိတ်သွားသည်။

အတန်ကြာမှ…

"မမနိုင်"

"ပြောလေ ဒေဝီ"

"ကိုဘုန်းပြန်လာရင်တော့ ဒေဝီ့လိပ်စာနဲ့ ဖုန်းနံပါတ်ကို ပေးလိုက်ပါနော်"

"စိတ်ချ ဒေဝီ။ မမတို့ပြောင်းရွှေ့မယ့်နေရာသစ်ရဲ့ လိပ်စာကိုလည်းဒေဝီ့ကို အကြောင်းကြားလိုက်ပါ့မယ်။ ကဲ ဂွတ်နိုက် ဒေဝီ။ မမှာ အလုပ်တွေရှိနေတယ်"

တစ်ဘက်မှ စကားအသံကိုပင် မစောင့်တော့ဘဲ မြသက်နိုင် ဖုန်းခွက်ကို ချလိုက်သည်။

သည်အတိုင်းဆိုလျှင် မောင်နှင့်ဒေဝီခင် တစ်စခန်းရပ်သွားပြီဟု သူမ နားလည်လိုက်၏။

× × ×



[ အပိုင်း - နှစ် ]

www.burmeseclassic.com

www.burmeseclassic.com



[ ၂၃ ]

ပြောင်းလဲလာခဲ့သည့် နှစ်ကာလများကို မကျေနပ်မှုများနှင့် ဖြတ်သန်းလာရသည်။ ရာသီစက်ဝန်းဝယ် နှလုံးသားကျွမ်းမတတ် ခံစားလာရသည်ကို မိမိကိုယ်သာ မိမိ သိသည်။

နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးချိန်မှာ ဒေဝီ့ကို ထူးထူးခြားခြား သတိရနိုက်မှာ ချိုကြီးက လက်ဖက်ရည်ဆိုင်က သတင်းစာကို ကောက်ယူပြသည်။

"ဘာလဲ ချိုကြီး"

"မင်း စိတ်ကိုထိန်းပြီး သတင်းစာကို ဖတ်"

မျက်မှောင်ကြုတ်ရင်း သူ့ သတင်းစာကို ဆွဲယူသည်။

သတင်းစာ နောက်ကျောဘက်ကို သူ့မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေ ပြေးလွှားနေခိုက် ချိုကြီးက စေ့စပ်ကြောင်းလမ်းခြင်းဆိုသည့်နေရာစာပိုဒ်ကို လက်ညှိုးထောက်ပြ၏။

"သြော်...ဒေဝီခင် စေ့စပ်လိုက်ပြီပဲ"

"အေးကွာ... ကျန်ခဲ့တဲ့နှစ်ကာလတွေမှာ မင်းတို့ဘယ်လိုမှ အဆက်အသွယ်မရကြတာ ငါအံ့သြတယ်"

"ငါသည်မြို့သည်ရပ်မှာနေတယ်ဆိုတာဒေဝီ သိသားပဲကွာ။ အိမ်ကို ဖုန်းဆက်လို့လည်းရတယ်။ စာထည့်လို့လဲ ရတယ်။ ခုတော့ ကျေးမစေ စာမပါးဘဲ"

"စဉ်းစားတယ်"

"ဘာကိုလဲ"

"ဟို့ဆယ်တန်းဖြေခဲ့တဲ့ နောက်ဆုံးနေ့မှာဒေဝီခင်မင်းကို မျှော်လင့်နေမှာ အမှန်ပဲ"

သူ ခေါင်းကိုယမ်းသည်။

ချိုကြီးက စီးကရက်တစ်လိပ်ကို ကော်ခွက်လေးထဲမှ ဆွဲယူပြီး နှုတ်ခမ်းမှာ တပ်လိုက်၏။

"ငါ သူ့ကို တစ်နေ့ချစ်တယ်လို့ ပြောမယ်ဆိုတာကိုတော့ဒေဝီ ယုံကြည်ထားတယ်။ ဒါပေမဲ့ဆယ်တန်းဖြေပြီးတဲ့နေ့မှာ ပြောလာလိမ့်မယ်လို့တော့ မျှော်လင့်မထားဘူး။ ဘာဖြစ်လို့



လဲဆိုတော့ စာမေးပွဲပြီးတဲ့နေ့မှာ ဒေဝီ့ကို ကိုယ်စကားတစ်ခွန်းပြောမယ်ဆိုတဲ့စကားကိုမှ ငါ ပြောမထားဘဲ"

သည်အကြောင်းအရာတွေကို ၁၄ နှင့် ချိုကြီး တက္ကသိုလ် စတက်သည့်နှစ်ကတည်းက ဆွေးနွေးခဲ့ကြသည်။ ယခုတိုင် ဒေဝီခင်၏အကြောင်းရာသည် ဆုံးခန်းတိုင် မသွားနိုင်သေး။

သို့သော်လည်း သည်နေ့ သည်အချိန်ကစပြီးတော့ သူနှင့် ဒေဝီခင် လမ်းစဖြတ်ပြီး လမ်းဆုံးရောက်သွားပြီဟု သူ ထင်ပါသည်။

ဒေဝီခင်နှင့် ကြောင်းလမ်းထားတဲ့သူက ထွန်းသန့်ကိုတဲ့။

နိုင်ငံရပ်ခြားလုပ်ငန်းကုမ္ပဏီအမည်ရေးထားတော့ မြန်မာပြည်ပြန်ရောက်ခိုက်မှာ စေ့စပ်လိုက်ကြသည် ထင်ပါရဲ့။

"ဒေဝီတို့ မိတ္ထီလာကို ပြောင်းသွားတာပဲ"

"ခုမှ သိရတာလေ"

"တို့တက်လိုက်သွားမလား"

"ချိုကြီးရယ် ငါနဲ့ဒေဝီက ချစ်သူအတိအလင်းဖြစ်ခဲ့ကြတာမှ မဟုတ်ဘဲ။ လိုက်သွားရင် အကျိုးတရားရလာမှာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အဆိုးတွေနဲ့သာ ရင်ဆိုင်တိုးရမှာ။ နောက်ပြီး နှစ်တွေကြာခဲ့ပြီပဲကွာ။ တွေ့ရင်တော့ ငယ်သံယောဇဉ်နဲ့ ဝမ်းပမ်းတသာရှိမှာပေါ့။ ဘဝချင်းပေါင်းစပ်ဖို့အတွက်ကိုတော့ ဒေဝီလည်း စိတ်ကူးမှာမဟုတ်ဘူး။ ငါ့ဘက်ကလည်း သူ စေ့စပ်တဲ့သတင်းဖတ်ပြီးမှ အသည်းအသန်သွားပြီး ချစ်တယ်လို့ ရင်မဖွင့်ချင်တော့ပါဘူး"

"စေ့စပ်ထားရုံရှိတာပဲကွာ။ ဒေဝီသဘောထားလည်း ရှိသေးတာပဲဟာ"

"မင်းနားဝေးလွန်းတယ် ချိုကြီး။ သူနဲ့ငါ ချစ်သူဖြစ်ခဲ့ပြီး အကြောင်းမသင့်လို့ ခွဲခွာရတဲ့အခြေအနေဆိုရင် မင်းလက်ကိုဆွဲပြီး ငါ မိတ္တီလာကို အပြေးတက်တာပေါ့။ ခုသူနဲ့ငါက စောစောက ပြောသလို တရားဝင်ချစ်သူအဆင့်မရောက်ခဲ့ဘူးလေ။ ဒေဝီ့ဘဝ ငြိမ်းချမ်းမှာပါကွာ။ ထွန်းသန့်ကိုဆိုတဲ့ ပုဂ္ဂိုလ်ကလည်း အလုပ်ကြီးအကိုင်ကြီးသမားပဲဟာ။ စေ့စပ်ပြီးရင် မကြာခင် လက်ထပ်ကြတော့မှာပါ။ သူတို့ဘဝနဲ့ သူတို့ရှိပါစေတော့"

ချိုကြီး ဘာမှမပြောတော့။

ချိုကြီးကို အိမ်ဝင်ပို့ပြီး သူ အိမ်ကိုပြန်ရောက်ချိန်ထိ နှလုံးအိမ်က မငြိမ်။

အိမ်မှာ မမကိုတွေ့တော့ ဒေဝီခင် စေ့စပ်သည့်သတင်း



ကို ပြောပြသည်။

မမမျက်နှာ ဝင်းလက်လက်ကလေး ဖြစ်သွားသည်ကို တော့ အံ့ဩစွာ တွေ့ရသည်။

ဒေဝီခင် စေ့စပ်တာကို မမ ပျော်နေပုံပါပဲ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



[ ၂၄ ]

အရောင်းဌာနတွေ တိုးချဲ့လေ လေ့ရှုပေါက်ကို ခက်ခက်ခဲခဲ ရှုရလေဖြစ်သည်။ ခုဆို ပြင်ပဆက်သွယ်ရေးကိစ္စရပ်များသည် မိမိ၏တာဝန်လုံးလုံးလျားလျား ဖြစ်လာ၏။

မမနှင့်မေဆုရည်ကတော့ ကုမ္ပဏီမှာ ညွှန်ကြားမှုအဆင့်လောက်သာ လုပ်သည်။ ရံဖန်ရံခါတွင် ဖွင့်ထားသည့် အရောင်းဆိုင်များသို့ မမမေဆုရည်သည် မိမိနှင့်အတူ လိုက်ပါသည်။

နှစ်ယောက်အတူ သွားရချိန်များတွင် မမြသက်နိုင်၏ ပြုံးစစနှင့် ကြည့်သည့်အမူအရာများကို သူ မမြင်ဘူးအထင်နှင့် မမမေဆုရည်က မမကို လက်သီးဆုပ်ကလေး ထောင်ပြ



တတ်သည်။ သည်လက်သီးဆုပ်ကလေး၏ လျှို့ဝှက်သိပ်သည်းမှုကိုတော့ သူ ဘယ်လိုမှ မသိပါ။

ခုအလုပ်တိုက်ကိုပြန်ရောက်ပြီး ခြေပစ်လက်ပစ်ထိုင်အချမှာ မမမေဆုရည်က သူ့အတွက် နက်စ်တစ်ခွက် ဖျော်လာသည်။

"ဟာ...အားနာစရာကြီး မမမေရာ"

"မောင် ခြေကုန်လက်ပန်းကျသလို ဖြစ်နေတာကို မကြည့်ရက်လို့ပါကွ"

မေဆုရည်က သူ့ကို မမနည်းတူ မောင်ဟုခေါ်သည်။

ခေါ်စက ရင်တွေတုန်ခဲ့ရပါသေးသည်။ မမကို ပြောပြတော့ မေခေါ်တာ နားထောင်မကောင်းလို့လားဟု မေးတော့ မမမေဆုရည်ရှေ့တွင် မေးခြင်းမဟုတ်သော်လည်း မမမေဆုရည်ကို စိတ်က အားနာသွားခဲ့ရသေးသည်။

နောက်တော့လည်း မောင်ဆိုသည့်အခေါ်အဝေါ်ကို သီးခြားမခံစားကြည့်မိတော့ပေ။

"မမမေကို ကျွန်တော် ညှင်းပန်းသလိုဖြစ်နေပြီလားလို့ ကောင် ကိုယ့်ကိုယ်ကို တွေးမိတယ်"

"ဘာဖြစ်လို့လဲ မောင်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တာဝန်ပိုင်းတွေယူပြီး အပြင်ကပြန်လာတိုင်း အအေး ဒါမှမဟုတ် အပူတစ်ခုခုကို မမမေ ကျွန်တော့်အတွက် လုပ်ပေးနေရလို့ပါ"

"ဒါများ မောင်ရယ်။ မမမေ့ မပင်ပန်းပါဘူး။ မောင် ခုလိုပြင်ပတာဝန်တွေယူတော့ နိုင်နဲ့မမမေ ဘယ်လောက် ငြိမ်းချမ်းရသလဲ။ ခန့်ခွဲမှုတွေကိုလည်း စားပွဲမှာထိုင်ပြီး အသေးစိတ်ညွှန်ကြားနိုင်တာပေါ့"

သူနှင့်ပတ်သက်လျှင် မမဆုရည်သည် စဉ်ထာဝရ တက်ကြွနေတတ်သည်။ ညညများတွင် မမက အိမ်ကိုပြန်နှင့်ပြီး သူနှင့် မမမေဆုရည်စာရင်းများ ရေးဆွဲသည့်အခါတွင်တော့...

စိတ်မှာ ဘယ်လိုမှခံစားမိခြင်းမရှိသော်လည်း ညဘက် အပြင်ထွက်ပြီး နှစ်ယောက်အတူ ကြေးအိုးသောက်ကြသည်ကိုတော့ သူ ကျေနပ်ပျော်ရွှင်ခဲ့ရသည်။

ညမိုးချုပ်လွန်လျှင်တော့ မမမေဆုရည်က သူ့ကို ကားနှင့်ပြန်မပို့တော့။ အလုပ်တိုက်မှာ အိပ်နိုင်းပြီး ညတစ်ဝက်ကျော်သည်ထိ လက်ဖက်ရည်ကျကျသောက်ပြီး စကားပြောရသည့် ကျေနပ်မှုမျိုးကိုလည်း သူ ခံစားရသည်။

"မမမေကို စိုက်ကြည့်ပြီး ဘာတွေစဉ်းစားနေတာလဲ မောင်"



"သတိရလို့ပါ"

"ဟဲ့...ဘာကိုသတိရတာလဲ"

"ညဘက်စာရင်းတွေဝိတ်ရင် မမမေနဲ့ ကျွန်တော် ဗိုလ်တထောင်ဘုရားသွားတာလေ"

"မမမေ မှတ်မိပါတယ်"

"ဘောတံတားဘက်လျှောက်တော့ မမမေ ခလုတ်တိုက်ပြီး မှောက်လျက်ကြီး..."

သူ့စကားမဆုံးမီ မမမေဆုရည်က...

"လဲလို့လား"

"ကျွန်တော် အဆွဲမြန်လို့လေ"

"ဟော့...တော်ကွာ။ စကားကိုမဆက်နဲ့တော့"

မမမေဆုရည် မျက်နှာမှာ အပြုံးနှင့်အတူ ရှက်ရိပ်ထင်သည်။

သည်တုန်းက မမမေဆုရည် ရှက်နေခဲ့သည်ကလည်း အမှန်။ လဲကျမသွားအောင် ဆွဲဖက်ရင်း လက်၏အမှားမှား အယွင်းယွင်းဖြစ်ခဲ့မှုများကို တွေးမိတိုင်း သူ ယခုတိုင် ရင်တုန်ပြီး မမမေဆုရည်ကို အားနာနေရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းကမှပဲ မိန်းမတစ်ယောက်၏ ဖွံ့ဖြိုးတင့်တယ်ခြင်းကိုလည်း သူ နားလည်သဘောပေါက်ခဲ့ရ၏။

သူ နှုတ်ခမ်းကလေးလှုပ်ခတ်ပြီး စကားကို ဆက်မည်အလုပ်မှာ ဖုန်းခွက်မှအသံကို ကြားရသည်။

ဖုန်းခွက်အနားမှာရှိနေသဖြင့် မမမေဆုရည်က ဖုန်းခွက်ကို မ.ယူပြီး နားမှာကပ်ရင်း...

"အမိန့်ရှိပါရှင်"

".........."

"ရှိပါတယ်"

".........."

"ခဏလေးကိုင်ထားနော်"

မမမေဆုရည်က ဖုန်းခွက်ကို လက်နှင့်အသာဖိကပ်ထားပြီး...

"ဖုန်းလာတယ် မောင်"

သူထိုင်ရာမှထပြီး မမမေဆုရည် ကမ်းပေးသည့် ဖုန်းခွက်ကို လှမ်းယူ၍ နားမှာကပ်လိုက်၏။

"အောင်ဘုန်းပြည့်ပါ"

"ဖိုးပြည့်...ငါပါကွ...ချိုကြီး"



တက္ကသိုလ် စတက်သည့်နှစ်ကစပြီး ချိုကြီးက သူ့ကို ချစ်ခင်စွာ ဖိုးပြည့်ဟု ခေါ်ခဲ့သည်။

"ဟော့ကောင်...မတွေ့တာတောင်ကြာပြီ"

"မတွေ့ဆုံတဲ့ ရက်သုံးဆယ်ဆိုတာ တို့နှစ်ယောက်အတွက် အရမ်းကြာတာပေါ့ကွာ"

"ငါ တွေ့ချင်တယ်"

"ငါလည်း မင်းကိုတွေ့ချင်တယ်။ သတိရတာလည်း ပါတယ်။ အပူကပ်ချင်တာလည်း ပါတယ်"

"ပြောစမ်း...မင်းကပ်ချင်တဲ့အပူ"

"တွေ့မှပြောမယ်ကွာ။ ခု ငါ မင်းကို မြို့ထဲကဆက်နေတာ"

"ငပေါရယ်။ အလုပ်တိုက်ကိုလာခဲ့တော့ ဘာဖြစ်မှာမို့လဲ"

"မင်းရှိ.မရှိ မေးရသေးတာ။ မင်း ခု အားတယ်မဟုတ်လား"

"အားပါတယ်"

"ငါ ပန်းဆိုးတန်းက တို့ထိုင်နေကျလက်ဖက်ရည်ဆိုင်မှာ စောင့်နေမယ်။ မင်းလာခဲ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ချိုကြီး။ ငါ အခုပဲထွက်လာခဲ့မယ်"

သူ ဖုန်းခွက်ကိုပြန်ချပြီးမမမေဆုရည်ကို အသိပေးခွင့်ပန်ပြီး ထွက်လာခဲ့သည်။

သူလည်း ချိုကြီးနှင့်တွေ့ချင်နေ၏။

× × ×



[ ၂၅ ]

သူ ချိုကြီးပြောသည်များကို အာရုံစိုက်နားထောင်၏။

"ငါဒုက္ခကို မညည်းညူတတ်ဘူးဆိုတာ မင်းလည်း သိသားပဲ။ ငါ့ကို တက္ကသိုလ်ပညာသင်ပေးလိုက်ရတာ မားသားကြီးစုထားဆောင်းထားတာလေးတွေ ကုန်ရော။ အစ်မတွေက ငါ့ကို သဒ္ဓါကြည်ဖြူပေးမယ့် ယောက်ဖများနာကို ကြည့်ရသေးတယ်လေ။ ငါ သူတို့လုပ်စာကို မစားချင်ဘူး။ ဒါကြောင့် ငါအလုပ်လုပ်ချင်နေတာ"

"ကျောင်းပြီးကတည်းက မင်း ငါ့ကို ဘာလို့မပြောတာလဲ"

"အားနာလို့သူငယ်ချင်း။ ငါ့ရဲ့ဝန် မင်းကို ပိမှာလည်းစိုး

www.burmeseclassic.com

www.burmeseclassic.com



တယ်"

ချိုကြီးမှာ အဖေမရှိ။ ဖခင်၏ကျန်ရှိသည့် ပင်စင်ကလေးနှင့်မိခင်ဖြစ်သူက တက္ကသိုလ်ဆက်ထားသည်ကိုတော့ သူသိသည်။

"သည်လိုလုပ်"

ချိုကြီးက မျှော်လင့်ချက်များနှင့် သူ့မျက်နှာကို ကြည့်၏။

"ကုမ္ပဏီမှာ အလုပ်ပေးနိုင်တာ မမမေဆုရည်နဲ့ မမရုံးဖြတ်မှုပဲ။ မမမေကတော့ ငါ့မပြီးရင် ပြီးတာပဲ။ ဒီတော့ မင်းမမနဲ့လိုက်တွေ့"

"ငါ ကြောက်တယ်ကွာ။ မမခိုင်မျက်နှာကြီးက သိပ်ထန်တာ"

"ငါ့မှာ မင်းကို အလုပ်ခန့်ပိုင်ခွင့်မရှိဘူးလေ။ ငါနဲ့သာ လိုက်ခဲ့စမ်းပါ။ မမစိတ်သဘောက မကြမ်းတမ်းပါဘူး"

"နေရာကောရှိလို့လားကွာ"

"ကုမ္ပဏီလုပ်ငန်းကွာ။ နေရာဆိုတာ ပေးချင်ရင် ရှိတယ်။ မပေးချင်ရင် မရှိဘူး"

သူ ချိုကြီးကိုဆွဲခေါ်ခဲ့သည်။



ကားပေါ်မှာ မမခိုင်ကို ငါ ကြောက်တယ်ကွဆိုသည့် အခြေအမြစ်မရှိသော စကားကိုလည်း ပြောသေး၏။

အလုပ်တိုက်ကိုရောက်တော့ ...

"မင်း အနားမှာနေနော်"

"အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ဘာစကားပဲပြောပြော မမက အနားမှာလူရှိတာကို မကြိုက်ဘူး။ မင်းကို မမရုံးခန်းတံခါးဝထိ ပို့ပေးမယ်။ မင်းကိစ္စကို မင်းပြောတာ အကောင်းဆုံးပဲ"

အညိုရောင်မှန်တံခါးတွန်းဖွင့်ပြီး အခန်းထဲ ဝင်ခဲ့သည်။ မမမေဆုရည်နှင့် မမ အခန်းကာကပ်လျက်။ မမအခန်းရှေ့မှာ ရပ်ပြီး ဝင်သွားဟု မေးငေ့ါပြောတော့ ချိုကြီး မဝံ့မရဲနှင့် မမအခန်းထဲ ဝင်သွားပါ၏။ သူကတော့ သူ့စားပွဲမှာထိုင်ကျန်နေခဲ့သည်။

× × ×

မမမြသက်ခိုင်၏ မျက်လုံးတဝင့်အကြည့်က သူ့မျက်နှာပေါ် ကျရောက်လာသည်။

သူ ခြေစုံတန့်အရပ်တွင် ...

"မောင်ချိုကြီးပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမနိုင်"

"မမဆီ တန်းဝင်လာတာ အထူးကိစ္စရှိတယ် ထင်ပါရဲ့"

"ဟုတ်ကဲ့ရှင်ဗျ"

"ကဲ... ထိုင်ပါဦး"

မမြသက်နိုင်က သူမစားပွဲရှေ့မှထိုင်ခုံကို မျက်လုံးနှင့် ညွှန်ပြသည်။

သူက မငံ့မရဲ ဝင်ထိုင်ရင်း ခေါင်းကိုအသာငုံ့ထား၏။

"ဟ... မင်းမမဆီလာတာ ကိစ္စရှိလို့လာတာ မဟုတ်လား။ ခေါင်းကြီးငုံ့ထားတာနဲ့ မင်းလာရင်းကိစ္စ ပြီးပြတ်သွားမှာလားကွ"

"မ... မဟုတ်ပါဘူး။ ကျွန် ... ကျွန်တော် မမနိုင်ကို ကြောက်နေလို့ပါ"

"ဟင်း...ဟင်း...ဒီစကားကို လွန်ခဲ့တဲ့လေးနှစ်ကျော် ကျော်တုန်းကလည်း မင်း မမကို ပြောဖူးပါတယ်။ ကဲ...လိုရင်း ကိစ္စပြောစမ်း။ လူချင်းဘာမှကြောက်နေစရာမလိုဘူး။ လေးစား တတ်ဖို့ပဲလိုတယ်"

"အို... ဟိုလေ။ လိုရင်းကိစ္စက ကျွန်တော် မမနိုင်တို့ ကုမ္ပဏီမှာ အလုပ်လုပ်ချင်လို့ပါ"



"အလုပ်လုပ်ချင်တယ် ဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျ"

"အင်း... မင်းက မောင်နဲ့မမကြားမှာ စကားတည်ပေး ထားတဲ့သူပဲ။ စကားမဖွာတတ်တဲ့၊ နှုတ်လုံတဲ့ မင်းရဲ့တည်ကြည် တဲ့စိတ်ဓာတ်ကို မမ သဘောကျပါတယ်။ ပြောစမ်း မင်း လစာ ဘယ်လောက်လိုချင်လဲ"

"ဗျာ"

"မင်းနဲ့စကားပြောရတာ ဖြူးတီပြူးကြောင်နဲ့ပါလား မောင်ရိုကြီးရယ်"

"ကျွန်... ကျွန်တော့် စိတ်တွေအရမ်းလှုပ်ရှားနေလို့ပါ မမနိုင်။ မမနိုင် ကျွန်တော့်ကို အလုပ်ခန့်ပြီလားဗျာ"

"ငါမေးတာကို မင်းဖြေပါ။ လစာ ဘယ်လောက်လိုချင် လဲ"

"ကျွန်တော် ဘယ်လိုဖြေရမှာလဲ မမနိုင်ရယ်။ မမနိုင်ရဲ့ အဆုံးအဖြတ်ကို ကျွန်တော် သဘောတူပါတယ်"

မမြသက်နိုင်က သူ့မျက်နှာကို ခပ်စိုက်စိုက်ကြည့်ပြီး အကြောင်းရာတစ်ခုကို စဉ်းစားဟန်ပြုသည်။ အတန်ကြာတော့ မှ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို လစာ သုံးသောင်းပေးမယ်"

"ဝမ်းသာလိုက်တာ မမနိုင်ရာ။ ကျွန်တော် ဘယ်လို ဝမ်းသာမှန်းမသိပါဘူးဗျာ။ ကျွန်တော့်တာဝန်ပိုင်းတွေကိုလည်း မမနိုင် ညွှန်ကြားပါဗျာ"

"လုပ်ငန်းပိုင်းဆိုင်ရာတွေကို မောင်က မင်းကို သင်ပေးလိမ့်မယ်။ မောင်နဲ့တွက်ဖက်ပြီးတော့ လုပ်။ မမတို့ ကုမ္ပဏီက လစာကို ကောင်းကောင်းပေးတယ်။ အလုပ်ကိုလည်း ကောင်းကောင်းခိုင်းတယ်"

"သဘောပေါက်ပါတယ် မမနိုင်"

"ကဲ... မောင်ချိုကြီးသွားတော့။ မမ မောင်ကတစ်ဆင့် မင်းကို ညွှန်ကြားမယ်"

သူ မမမြသက်နိုင်ကို အရိုအသေပေးပြီး အခန်းထဲမှ ထွက်ခဲ့သည်။ အခန်းအပြင်ရောက်တော့ အောင်ဘုန်းပြည့်က သူ့ကို လှမ်းကြည့်၏။

သူက ဝမ်းသာအားရနှင့် လက်မထောင်ပြသည်။

အောင်ဘုန်းပြည့်က သူ့ထံပါးသို့လာပြီး သူ့လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်၏။ သူ့အတွက် အောင်ဘုန်းပြည့် ဝမ်းသာ ကျေနပ်နေသည်ကို သူ သိသည်။



[ ၂၆ ]

မမမေဆုရည်က သူ့ကို ကားအသစ်တစ်စီး ဝယ်ပေးသည်။ ကုမ္ပဏီမှာ လက်ရှိ သူသုံးနေသည့်ကားကို သူက ချိုကြီး အတွက် စီစဉ်ပေးလိုက်၏။

လုပ်ငန်းကျွမ်းကျင်မှုများနှင့် ကုန်သွယ်ခြင်းအတတ် ပညာကို ချိုကြီး ကျွမ်းကျွမ်းကျင်ကျင်ရှိတော့ မမကိုယ်တိုင်ပင် လစာကို တိုးမြှင့်ပေးခဲ့သည်။ မမနှင့်မမမေဆုရည်မှာ ဆောင်ပုဒ်တစ်ခုရှိသည်။ လစာကောင်းကောင်းပေးမည်။ အလုပ်ကိုလည်း ကောင်းကောင်းခိုင်းမည်။

ကုမ္ပဏီမှာ ဝန်ထမ်းတွေ နှစ်ဆယ်ကျော်ပါ၏။ စည်းချဉ်းစည်းကမ်းနှင့်ပတ်သက်လို့ကတော့ မမတို့က ကျောသား

www.burmeseclassic.com

www.burmeseclassic.com



ရင်သားမခွဲခြား။

တစ်ခါက အလုပ်မှာ သူ ငိုက်ဖူးသည်။

မမက နားသယ်စပ်မွှေးကို ဆတ်ခနဲဆွဲပြီး...

"မင်းကိုယ်တိုင်က တွေဝေ ငိုက်မြည်းတတ်နေရင် အလုပ်သမားနှစ်ဆယ်ကျော်ကို စည်းကမ်းရှိအောင် သေသေ ရှာ နေတတ်အောင် မင်း ဘယ်လိုအုပ်ချုပ်မလဲ မောင်"

ဟု သူ့ကို ပြောခဲ့ဖူးသည်။

အဲဒီကစပြီး သူ မမနှင့်တကွ ဝန်ထမ်းအားလုံးကို ရှ ခဲ့ရပါ၏။

မမမေဆုရည်ကတော့ သူ့အပေါ် မမထက်ညှာတ သည်။ မမစကားထန်နေလျှင် ပျော့ပျောင်းပြေပြစ်အောင် မေဆုရည်က လိုက်လံထိန်းသိမ်းသည်။ သည်တုန်းက မမက

"မေ... မင်း မောင့်ကို ကြပ်ကြပ်အလိုလိုက်။ တစ် မင်းခေါင်းကို မောင်က တက်နင်းလိမ့်မယ်"

မမမေဆုရည်က စကားမတုံ့ပြန်။

ပြုံးရယ်နေတတ်ပြီး သူ အသုံးကြမ်းသည့်လများ မမ မသိအောင် သိန်းဂဏန်းထိ သူ့ပိုက်ဆံအိတ်ထဲ ထည့် တတ်၏။



အဲဒါကို မမသိတော့...

"မေကတော့ ပြောလို့ကို မရတော့ပါလား။ မေ လုပ်တာနဲ့ မောင် ဖြုန်းတတ်နေလိမ့်မယ်နော်"

သည်တော့ မမ မေဆုရည်က...

"လုပ်ငန်းထဲက ငွေကို မောင့်ကိုသုံးဖို့ပေးတာ မဟုတ်ပါဘူး နိုင်ရ။ မေ့ပိုက်ဆံထဲက ပေးတာပါ"

"သိပါတယ်။ မေ့အပေါ်မောင်က ဆိုးလို့ရတိုင်း ဆိုးနေမှာ စိုးလို့ပြောတာ"

သည်စကားများကို မမနှင့် မမမေဆုရည် သူ့ရှေ့မှာ ပြောခဲ့ပါ၏။ သည်တုန်းက သူ မျက်နှာမထားတတ်အောင် ဖြစ်ခဲ့ရသည်။ မမမေဆုရည်က မမကို ဝင့်ကြည့်လိုက်သည့်မျက်လုံးအကြည့်မှာလည်း ဘယ်လိုအဓိပ္ပာယ်မျိုးတွေ ရှိနေသည် မသိ။ မမက သူ မမြင်ဘူးအထင်နှင့် ပြုံးလိုက်သည့်အပြုံးကို ပို၍ပင် နားလည်ခက်သွားရ၏။

မမမေဆုရည်နှင့် စိတ်သက်သည်များကို တွေးရင်း ပင့်သက်ကို ဖွဖွကလေးချလိုက်မှာ...

ဖုန်းမြည်သံကို သူကြားသည်။

အလုပ်မကွာနေသဖြင့် ဝန်ထမ်းအမျိုးသမီး တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က ဖုန်းခွက်ကို မ.ယူနားထောင်ပြီး...

"အစ်ကို...ဖုန်း"

သူဖုန်းဆီ လျှောက်ခဲ့ပြီးဖုန်းခွက်ကို မ.ယူလိုက်သည်။

"အမိန့်ရှိပါ"

"ဖိုးပြည့် ငါပါ"

ချို့ကြီး၏အသံကိုတော့ သူ အလွတ်ကျက်မိနေ၏။

"အေး...ပြောလေ"

"မစ္စတာကာဒီဆမ်နန် လေယာဉ်နဲ့ပါမလာဘူး"

"ဟုတ်တယ်...စင်ကာပူကနေ ဖုန်းဝင်လာတယ်။ သူ ရှေ့လမှလာဖြစ်မယ်တဲ့။ မမကတောင် ချို့ကြီးအတွက် အချိန်တွေ အလဟဿဖြစ်နေပြီ။ မောင် သွားခေါ်လို့ ပြောသေးတယ်။ နာရီကြည့်တော့ လေယာဉ်ဆိုက်ချိန် သိပ်မလိုတော့တာနဲ့ ငါ လာမခေါ်တာ"

"ဖိုးပြည့်"

"ဘာလဲကွ တစ်ပြည့်တည်း ပြည့်နေတာပဲ"

"ငါ မင်းနဲ့ ပြောစရာစကားတွေ ရှိနေတယ်"

"ဘာလဲ...ဖုန်းထဲက လှမ်းပြောနေတာ မင်း အလုပ်တိုက်ကို ပြန်မလာတော့ဘူးလား"



"အိုအေစစ်ကို ဖိုးပြည့်လာခဲ့ကွာ။ ဘီယာသောက်ရင်း စကားပြောရအောင်။ မမနိုင်ကိုတော့ မင်း အဆင်ပြေသလို ပြောခဲ့"

"ဟော့ကောင် ဘီယာသောက်မှာကို အိုအေစစ်ထိ လာရဦးမှာလားကွ"

"အေးအေးဆေးဆေး စကားပြောရအောင်ကွာ။ အပြန်မှာ မင်းစိတ်ကူးကလေးယာဉ်ပြီး ကားမောင်းရင်း အတွေး နယ်ချဲ့နိုင်အောင်လို့ပါ"

"ကောင်းပြီ...ငါလာခဲ့မယ်"

ဖုန်းခွက်ကို ချလိုက်သည်။

ကားသော့ကို ယူပြီး အပြင်ထွက်မည်ပြုတော့ မမမေ ဆုရည်က သူမ အခန်းထဲကထွက်လာပြီး...

"မောင် ဘယ်သွားမလို့လဲ"

"မင်္ဂလာဒုံဘက် မမမေ"

"ညနေစာကို မောင်နဲ့အတူစားဖို့ မမမေ စီစဉ်ထား တယ်"

"ဆောရီး မမမေရာ။ ကိစ္စကလေးတစ်ခုပေါ်လာလို့ပါ"

"ကြာမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"မိုးမချုပ်ပေမယ့် ညည့်ဦးပိုင်းလောက်မှ ပြန်ရောက်မှာ"

"ဒါဖြင့် ညစာပေါ့ကွာ။ မမမေ စောင့်နေမယ်"

သူ မမမေဆုရည်ကို အားနာသွားသည်။

သို့သော်လည်း မမမေဆုရည်မျက်နှာမှာ ခွင့်လွှတ်ပြုံးတွေ ဝေနေ၏။

နောက်ပြီး…

အကြင်နာရိပ်တွေကလည်း ဖြာနေသည်။

× × ×



[ ၂၇ ]

ထွန်းညိုထားသည့် ရောင်စုံမီးပွင့်များဆီသို့ အကြည့်ရောက်သည်။ လေအေးတစ်ချက် တဝေ့တွင် စတုဗ္ဗမြောက်ဘီယာပုလင်းကို ဖွင့်ပြီး ဖန်ခွက်ထဲသို့ ငှဲ့ထည့်သည်။

ရင်မှာမောကြပ်ခြင်း မရှိသော်လည်း စိတ်တစ်ခုလုံးပေါ့ပါးလန်းဆန်းခြင်းလည်း မရှိ။ ချိုကြီးထဲမှ မျှော်လင့်ထားသော စကားမဟုတ်သော်လည်း သည်စကားအပေါ်မှာ အံ့သြခြင်းလည်း မရှိ။

"မမခိုင်က ငါ့ကို သူ့ရုံးခန်းထဲခေါ်ပြီးတော့ မေးတာ။ မင်း သိတဲ့အတိုင်းပဲ။ မမခိုင် ငါ့ကိုခေါ်ပြီဆိုရင် ငါ ခြေဖျား လက်ဖျားတွေ အေးစက်ပြီးတော့ကို လာတာ"

www.burmeseclassic.com

www.burmeseclassic.com



စကားကို သူဝင်မထောက်။

ငြိမ်သက်စွာနှင့် အကြောင်းအရာများကို စဉ်းစား သည်။ ယင်းစကားကို ချိုကြီးက နှစ်ကြိမ်မြောက် ပြန်ပြော ခြင်းလည်း ဖြစ်၏။

"မောင်ချိုကြီးက မောင်နဲ့အတွဲများတာ။ မောင်နဲ့တ စိတ်တစ်ဝမ်းတည်းဆိုရင်လည်း မမှားဘူးပေါ့။ မောင့်မှာ ရည် စားသနာများ ရှိနေပြီလားဆိုတဲ့ အမေးစကားကွာ။ ငါ ဘယ် လောက် ရင်တုန်ရသလဲ"

"မင်းကလည်း ငါ့ကို မေးတဲ့ဟာ။ မင်းကို မေးတာ မဟုတ်တာ"

"ငါ့ကို မေးရင် သည်လောက်ရင်တုန်မိမှာ မဟုတ် ကိုယ့်လူ။ မင်းကို မေးလို့ ရင်တုန်ရတာ"

"မင်းက ဘာပြန်ပြောလိုက်လဲ"

"ရည်းစားသနာမရှိတာ အရမ်းသေချာပါတယ်လို့ ပြည့်က စီးပွားရေးကလွဲပြီး ဘာကိုမှ စိတ်မဝင်စားပါဘူးလို့"

"မယုံကြည်ပုံရရဲ့လား"

"အဲဒါတော့ မသိဘူး။ စူးစမ်းတဲ့အကြည့်နဲ့တော့ ကြည့်တယ်။ ဒါပေမဲ့ ငါ မလိမ်တတ်ဘူးဆိုတာကို မမခိုင်က



ကြည်ထားတယ်"

"ဟုတ်တယ် . . . မင်းကွယ်ရာမှာဆို မမက မင်းကို အရမ်းချီးမွမ်းတယ်"

ချိုကြီးက ဘီယာပုလင်းထပ်ဖွင့်သည်။

သူက ဂဏန်းလက်မတစ်ပွဲထပ်မှာလိုက်၏။

"နောက်တစ်ခုကတော့ မင်းဘက်က အရမ်းစဉ်းစားရ မယ့် အကြောင်းအရာတစ်ခုပဲ ဖိုးပြည့်"

သူ မျက်မှောင်ကြုတ်လိုက်သည်။

ယစ်ဝေသီသော်လည်း အသိတရားအားလုံး ဦး နှောက်မှာရှိနေ၏။

"မောင်က မေဆုရည်ကို စိတ်ဝင်စားမှုရှိရဲ့လားတဲ့"

"ဟာကွာ..."

"မဟာကွာနဲ့။ မမခိုင် အဲဒီအမေးစကားမေးနေချိန်မှာ မျှော်လင့်ထားမှုတွေ အရမ်းပါတယ်။ ငါက ဖိုးပြည့် အဲဒီ အကြောင်းအရာနဲ့ပတ်သက်လို့ ကျွန်တော့်ကို တစ်ခါမှ မဆွေး နွေးဖူးဘူးလို့ ပြောတော့ မမခိုင်က ပြုံးတယ်"

"အဲဒါ အမှန်စကားပဲလေ"

"ငါ့အထင်ပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

"မမနိုင်က မင်းကို မမမေနဲ့အရှမ်းနီးစပ်စေချင်တယ်။ မင်း သတိထားမိမလား။ မင်းနဲ့မမမေအလုပ်ကိစ္စနဲ့ နှစ်ယောက်အတူ အပြင်ထွက်တာလေ။ မမမေပါအောင် မမနိုင်က တမင်စီစဉ်ပြီးလွှတ်လိုက်တာ"

သတိထားမိသော်လည်း သာမန်မျှ ထင်ခဲ့သည်။

တစ်ခါကလည်း ရုပ်ရှင်လက်မှတ်ဝယ်လာပြီး . . .

"မေဆုရည်နဲ့သမ္မတမှာ ရုပ်ရှင်ကြည့်ဖို့ ဝယ်ထားပြီးမှ ညနေ·မေမေ့ကို ဆေးခန်းပို့စရာရှိတာ သတိရတယ် မောင်ရာ။ မေဆုရည်က သမ္မတကားကို သိပ်ကြည့်ချင်နေတာ။ သူ့ဆန္ဒမပြည့်ရင်တော့ စိတ်ဆိုးတော့မှာပဲ။ သည်လိုလုပ်ကွာ မောင် မေဆုရည်နဲ့အဖော်လိုက်သွားဟုတ်လား။ ဒါဆို သူ မမကို စိတ်ဆိုးမှာ မဟုတ်တော့ဘူး"

သည်သို့ သူနှင့်မမမေဆုရည်ကို အတူသွားစေသည့် အကြောင်းအရာများကို သတိရသည်။ မမမေဆုရည်ကလည်း သူနှင့်အတူသွားရလျှင် ပျော်နေသည်ကိုပါ ထပ်ဆင့်သတိထားမိခဲ့ရသည်။

"မင်းကို ငါ မေးချင်နေတယ် ဖိုးပြည့်"



"မေးကွာ"

"မင်း မမမေကို စိတ်မဝင်စားဘူးလား"

သူ ခေါင်းကိုခါယမ်းသည်။

"ဟုတ်ရဲ့လားကွာ"

"သေချာပါတယ်"

"သည်လိုလေ မင်း မမမေနဲ့ အလုပ်ကိစ္စဖြစ်ဖြစ်၊ ပြင်ပကိစ္စဖြစ်ဖြစ် အတူသွား အတူလာရတာကို စိတ်မသာယာဘူးလား"

"မင်းပြောသလို သာယာမှုတော့ မဖြစ်ဘူး ချိုကြီး။ ဒါပေမဲ့ မမမေပျော်နေရှင်နေတာကို ကြည့်ပြီး ငါ ကျေနပ်ဝမ်းသာနေတာတော့ အမှန်ပဲ"

သူ့စကားကို ချိုကြီးက ခေါင်းတညိတ်ညိတ်။

သည်ညနေ ဘီယာသောက်ရင်း မမမေဆုရည်နှင့်ပတ်သက်သည့်စကားတွေကို သူ စိတ်မရှည်နိုင်လောက်အောင် ချိုကြီး ပြောသည်။

အိုအေစစ်ကပြန်တော့ညအတော်ရင့်နေပြီ။ လေဆိပ်လမ်းဆုံသို့ရောက်သောအခါ ချိုကြီးက ကားကို ရပ်သည်။ ချိုကြီး ကားရပ်သဖြင့် သူပါ ဘေးတိုက်အနေအထားနှင့် ယှဉ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ကားဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး။ မင်းကို ပြောစရာ စကားတစ်ခုရှိလို့"

"မင်းစကားတွေကလည်း ပြောလို့ကို မပြီးနိုင်ဘူး"

"တခြားအဟုတ်ဘူး ဖိုးပြည့်။ မမနိုင်မှာ မင်းနဲ့မမ

အတွက် ပတ်သက်စရာအကြောင်းစကား၊ အကြောင်းတရား

တွေ အများကြီးရှိနေတယ်"

"ဘယ်လိုသုံးသပ်လဲ"

"မင်းနဲ့မမမေ နေ့လယ်ဘက်အပြင်ထွက်ပြီး လ

ဖက်ရည်သောက်က ပြန်လာရင် မင်းတို့နှစ်ယောက်ကို ကြ

တဲ့ မမနိုင်ရဲ့မျက်လုံးအကြည့်ထဲမှာအကြောင်းအရာတွေ အမ

ကြီးရှိနေမယ်"

"အရှူး"

"အေးပါ. . . မင်းစောင့်ကြည့်"

ချိုကြီးက ကားကို အရင်မောင်းထွက်သည်။ ချို

ကားနောက်မှ ကပ်ပြီး သူမောင်းလိုက်ခဲ့၏။

ကားမောင်းရင်း သူ့အတွေးမှာ မမမေဆုရှည်က

ထူးခြားခြား ရောက်ရှိလာရသည်။



( ၂၈ )

မမမျက်နှာမှာ အနိုင်အမာ ယုံကြည်ထားဟန်များကို သူ တွေ့သည်။ မောင့်မှာ ခုချိန်ထိ ချစ်သူရည်းစားမရှိဘူးဆိုတာ မမ သိထားတယ်ဆိုသည့် စကားက မမ၏ဆုံးဖြတ်ထားမှုများကို ပိုမိုခိုင်ခန့်ထားဟန်ရှိသည်။

စာဖတ်ခန်းထဲမှာ တို့မောင်နှမနှစ်ယောက် စကားပြောကြရအောင်ဆိုလာကတည်းက ချိုကြီး ပြောခဲ့သည့်စကားများကိုလည်း သတိတရရှိနေလိုက်ပါ၏။

"ဖေဖေဆုံးကတည်းက တို့မိသားစုရဲ့အရေးအခင်းကို မမ ဘယ်လိုကိုင်တွယ်ရတယ်ဆိုတာ မောင် သိတယ်နော်"

"သိပါတယ် မမ"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး မမမှာ ချစ်ခင်တွယ်တာစရာဆိုလို့ သည်အမေနဲ့ သည်မောင်ပဲရှိတယ်ဆိုတာလည်း မောင် သဘောပေါက်တယ်နော်"

ပြောနေရန်ပင် မလိုသည့်စကား။

သူ ခပ်ဆိတ်ဆိတ်လေး နေလိုက်သည်။

"မမဟာ မောင်နဲ့ပတ်သက်ပြီး ရည်ရွယ်ချက် အရမ်းကြီးခဲ့တယ်။ သည်လို ရည်ရွယ်ချက်ကြီးရတာကလည်း ကိုယ့်မောင်လေးကို ငံ့ထားမတတ်ချစ်လို့ပဲ။ ဒါကြောင့်လည်း မင်းကိုမမဟာ ချော့တစ်ခါ၊ ခြောက်တစ်လှည့်နဲ့ ထိန်းကျောင်းခဲ့တယ်။ ဆုံးမခဲ့တယ်။ အကျေနပ်ဆုံးကတော့ မောင်ဟာ မမခင်းပေးတဲ့လမ်းပေါ် မတိမ်းမစောင်းလျှောက်ခဲ့တာကိုပဲ"

ငုံ့ထားသည့်ခေါင်းကိုမော့ပြီး မမမျက်နှာကို ကြည့်သည်။ မမမျက်နှာမှာ မောင်ဖြစ်သူအတွက် ယုံကြည်မှုတွေ အပြည့်ရှိနေ၏။

"လူဆိုတာ ကိုယ့်ဘဝကိုယ် စိုးပိုင်ကြတာပဲ။ ဒါပေမဲ့ မောင့်ဘဝအတွက်တော့ မမမှာပတ်သက်နိုင်မှု အပြည့်ဝရှိနေတယ်လို့ လုံးဝ ယုံကြည်ထားတယ်"

"ကျွန်တော် နားလည်ထားပါတယ် မမ"



"ဝမ်းသာပါတယ် မောင်။ ဒါကို မမပြောမယ့်စကားတွေအတွက် စိတ်ချလက်ချဖြစ်ရတာပေါ့"

မမ၏အကြည့်က ရွှန်းလက်နေ၏။

ပြောမည့်စကားကို နားစွင့်နေဆဲမှာ . . .

"မောင်နဲ့မေဆုရည်ကို မမသဘောတူထားတယ်။ မမ မောင့်ကို အလေးအနက်ပြောမှာက မောင် မေဆုရည်ကို လက်ထပ်ပါ"

သူ့မျက်လုံးဝိုင်းစက်သွားသည်။

ချိုကြီး၏စကားအနက်အဓိပ္ပာယ်တွေကို ခုမှ ကွင်းကွင်းကွက်ကွက်မြင်သည်။

သူ သက်ပျင်းဖွဖွချလိုက်ပြီး . . .

"ကျွန်တော် မမမေကို ချစ်နိုင်မချစ်နိုင်ဆိုတာကို မမ ပထမဆုံး မေးသင့်ပါတယ်"

"မလိုဘူးထင်လို့ မမေးတာ မောင်။ မေဆုရည်ကို မောင် ငြင်းချက်ထုတ်စရာ ချို့ယွင်းချက် ဘာမှမရှိဘူး။ မေဆုရည် ခေတ်ဆန်ဆန်နေထိုင်တတ်ပေမယ့် စိတ်သဘောထား ရိုးသားတယ်။ စိတ်ဓာတ်တည်ကြည်တယ်။ စီးပွားရေးပညာတွေမှာ သူ့ဆီက နည်းစနစ်တွေကိုတောင် မမယူရတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ ငြိမ်သက်စွာနေလိုက်၏။

"မောင့်ကို မေဆုရည်နဲ့ ခုမှသဘောတူခဲ့တာမဟုတ်ဘူး။ မောင် အထက်တန်းကျောင်းသားဘဝကတည်းက မမရည်ရွယ်ခဲ့တာ။ ရည်ရွယ်ခဲ့တယ်ဆိုတာထက် ဆုံးဖြတ်ခဲ့တာဆိုရင် ပိုမှန်မယ်။ ဆုံးဖြတ်ခဲ့တဲ့အတိုင်း ဖြစ်အောင်လုပ်တတ်တယ်ဆိုတာလည်း မောင် သိတယ်"

"မမရယ် ကျွန်တော် မမမေကို အစ်မရင်းတစ်ယောက်လို ချစ်ခင်တွယ်တာတာပါ"

"အစ်မရင်းတစ်ယောက်လို ဆိုတဲ့စကားကို ဖြုတ်ချန်ထားလိုက်ပါမောင်။ ချစ်ခင်တွယ်တာစိတ်ရှိဖို့က အဓိကကျတာပါ။ ကိုယ့်ထက်အသက်ကြီးသူကို ယူတော့ ကိုယ့်ကို ညှာတာမယ်။ စာနာမယ်။ ခွင့်လွှတ်အားကြီးနိုင်မယ်။ မမရဲ့ဆုံးဖြတ်မှုကို မသုံးသပ်ပါနဲ့ မောင်။ မောင့်အတွက် အကောင်းဆုံးဖြစ်နိုင်မယ့် မိန်းမတစ်ယောက်ကို နှစ်ပေါင်းများစွာ စီးပွားအတူလုပ်ရင်း အနီးကပ်လေ့လာခဲ့တာပါ။ မေဆုရည်ဟာ မောင့်ဘဝအတွက် အကောင်းဆုံးမိန်းမတစ်ယောက်ပါ"

မမစကားတွေကို ဆုံးဖြတ်ချက်စကားမှန်း သူ သိသည်။



"မောင့်မှာ ချစ်သူရည်းစားရှိခဲ့ရင်တော့ မမသဘောထားကို ပြင်ပေးမှာပါ။ ခု မမက မောင့်ကို တိတိကျကျလေ့လာစုံစမ်းထားပြီးသား။ မောင့်မှာ ချစ်သူမရှိဘူး။ နောက်ပြီး မေဆုရည်ကို မောင် တွယ်တာမှုရှိတယ်ဆိုတာလည်း မောင့် နှုတ်ထွက်စကားအရ သိထားတယ်။ သည်တော့ မမလုပ်ရပ်ဟာ မှန်တာပါ... တရားပါတယ်"

သူ ပင့်သက်ကြီးကို မှုတ်ထုတ်လိုက်၏။

မမ၏စကားလုံးများအောက်မှာ သူ ထွက်ပေါက်မဲ့နေသလို ခံစားရသည်။

"မေဆုရည်ချမ်းသာလို့၊ စီးပွားရေးမှာ ကျွမ်းကျင်လို့ ပိုင်ဆိုင်မှုတွေများလို့ဆိုတဲ့ မိန်းမတွက်. တွက်ပြီး မောင်နဲ့ သဘောတူတာ မဟုတ်ဘူး။ မိန်းမတစ်ယောက်ရဲ့ အကျင့်သိက္ခာ မေဆုရည်မှာ အပြည့်ရှိလို့ သဘောတူတာ"

"မမဆုံးဖြတ်ချက်တွေအပေါ်မှာ မမမေက ကျောက်ရုပ်တစ်ရုပ်လို ရပ်တည်နေမှာလား မမရဲ့"

"ဆိုလိုတဲ့ စကားအဓိပ္ပာယ်က..."

မမက မျက်လုံးတစ်ချက်ဝင့်ပြီး ပြန်လှန်အမေးစကား ပြုသည်။

www.burmeseclassic.com



"မမမေကလည်း ကျွန်တော့်ကို မောင်လေးအရင်းချာလို ချစ်နေမှာကို ပြောတာပါ"

"အ.လိုက်တဲ့ အကောင်ရယ်။ မင်း မေဆုရည်ရဲ့နှလုံးသားကို ထိုးဖောက်မမြင်ဘူးလား။ ဒီမှာ မောင် သည်အရေးကိစ္စတွေကို မမ သူ့ကို ဖွင့်ပြောပြီးသား။ မေက ရှက်နေတာကလွဲလို့ ဘာမှ ဆန့်ကျင်တဲ့၊ ငြင်းပယ်တဲ့စကား မပြောဘူး။ နောက်တော့ မောင်က မေ့ကိုချစ်ပါ့မလားဆိုတဲ့စကားကို ရှက်ရယ်ကလေးရယ်ပြီးပြောတယ်။ ဒီမှာ ပွဲပြီးသွားပြီလို့ မမက တွက်လိုက်တယ်"

ဟုကာယ်လည်း ပွဲပြီးသွားပါပြီ။

မောင်နှမနှစ်ယောက်၏ ဆွေးနွေးပွဲမှာ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပွဲပြီးသွားခဲ့ပါပြီ။

သူ့ထံမှ စကားသံထွက်မလာတော့ မမက ရယ်ရယ်ပြုံးပြုံးနှင့် ထိုင်ရာမှထလာ၏။

အနားရောက်လာတော့ သူ့ခေါင်းကို ကြင်နာစွာ ပွတ်သပ်ပြီး...

"မမ မောင်က သိပ်လိမ္မာတာပဲ။ မေဆုရည် သိရင်လည်း အရမ်းဝမ်းသာမှာ။ ကဲ... မောင်သွားအိပ်တော့။ မမက မေမေ့ကို ဆွေးနွေးပွဲ အောင်မြင်တဲ့သတင်း သွားပို့မယ်"



မမက အရမ်းတက်ကြွနေသည်။

သူ့အတွက် မမ စိတ်ချမ်းသာနေပြီပဲ။

ပျော်ပါမမ...

မောင်ဟာ မမရဲ့ကြိုးဆွဲရုပ်ကလေးပါ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



[၂၉]

"မင်း ဘီယာသောက်တာ သည်နေ့ နည်းနည်းများသွားသလား မသိဘူး"

"ဘာလဲ စိတ်ညစ်လို့သောက်တယ် ထင်နေလို့လား"

ချိုကြီးကပြုံးရင်းနှင့်ပန်းကန်ထဲမှဘဲကြွပ်ကြော်တစ်ခုကို လှမ်းယူသည်။

"မမမေနဲ့ ပတ်သက်ပြီး ငါ စိတ်မညစ်ပါဘူး"

"ဒါဖြင့် မင်း မမမေကိုချစ်တယ်ဆိုတာ ဝန်ခံပေးကွာ"

သူ ခေါင်းကိုခါယမ်းသည်။

သည်နေ့ သူ ဘီယာကို မက်မက်သက်သက် သောက်နေဖြစ်သည်ကတော့ အမှန်ပါပဲ။



"ငါ မမမေကို မချစ်ဘူး"

"တို့ယောကျ်ားတွေဟာ မိန်းမတစ်ယောက်ကို မချစ်ဘဲ လက်ထပ်လို့မရဘူးလေ။ မိန်းမတွေကသာ ယောကျ်ားတစ်ယောက်ကို မချစ်ဘဲနဲ့လည်း လက်ထပ်လို့ရကြတာ"

"ငါ့ဘက်က ရှင်းပါတယ်"

"ဘာကိုရှင်းတာလဲ"

"ငါ မမမေကို သံယောဇဉ်တစ်ခုနဲ့လက်ထပ်မှာ။ ငါ့အစ်မရဲ့သြဇာကိုမလွန်ဆန်နိုင်လို့လက်ထပ်တာလည်းမဟုတ်ဘူး။ သည်ကိစ္စကိုတော့ ငါ့ကိုယ်ငါလည်း သိတယ်လေ"

"ငါလည်း သိနေပါတယ်"

"ဘာကို သိနေတာလဲ"

"မင်းချစ်တာ ဘယ်သူလဲဆိုတာ"

သူ ခပ်တွေတွေကလေးဖြစ်သွား၏။

ပန်းခင်းကို ထိတွေ့တိုက်ခတ်လာသည့်လေပြည်မှာ ပန်းနံ့တွေ ပါလာသည်။ ညနေနှောင်းစအချိန်၏ ဆည်းဆာသည် တောက်တောက်ပပရှိနေသေး၏။

"ဒေဝီလေ...ဟုတ်ပါတယ်။ ဒေဝီခင်ဆိုတာ မင်းပြောမလို့မို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အတိတ်ကို ဆွပေးတာမဟုတ်ဘူးနော်။ သူ့ဘဝနဲ့ သူလည်း ဖြစ်နေပါပြီ။ မမနိုင် မင်းကို မမမေနဲ့လက်ထပ်ဖို့ ပြောတဲ့ညမှာ မင်း ဒေဝီခင်ကို သတိရနေတယ်မို့လား"

"အမှန်ပဲ ချိုကြီး။ အချစ်ကို တရားဝင်ဖွင့်မပြောခဲ့ရပေမယ့် ဒေဝီဟာ ငါ့ရဲ့အချစ်ဦးပါပဲ"

"ဘာပဲဖြစ်ဖြစ်လေ မေ့လိုက်ပါတော့"

"အသိစိတ်ကို ထိန်းချုပ်လို့ရချင်ရမယ်။ မသိစိတ်ကိုတော့ ထိန်းချုပ်လို့ မရဘူးကွာ။ ဘဝရဲ့အိပ်မက်ကလေးတစ်ခုဖြစ်ခဲ့ပေမယ့် ငါ့အတွက်တော့ မမေ့ရက်နိုင်စရာ အိပ်မက်ကလေးပါ။ မေ့လို့မရတဲ့ အိပ်မက်ကလေးပါ"

ညအမှောင်ရင့်စပြုချိန်မှာ ဘေလ်ကိုရှင်းပြီး ကားဆီသို့လျှောက်ခဲ့သည်။ ကားနားရောက်တော့ ချိုကြီးက သူ့လက်ထဲမှ ကားသော့ကို ဆွဲယူ၏။

"ဒေဝီကို သတိကြီးကြီးရနေချိန်မှာ မင်း ကားမမောင်းတာ အကောင်းဆုံးပဲ။ နောက်ပြီး အိမ်ပြန်ရောက်ရင် အန်တီနဲ့ မမနိုင်ကို စကားမပြောဘဲ အိပ်ခန်းထဲတန်းဝင်ဖို့ကိုလည်း သတိပေးလိုက်မယ်"

"အကြောင်းအရာက..."



"မင်းဘီယာသောက်တာ လွန်ကျွံသွားပြီ"

"ငါ ဘီယာမူးပြီး ယိမ်းယိုင်နေမယ်လို့ မင်း ထင်သလား"

"မဟုတ်ဘူး အရမ်းသောက်ထားတယ်ဆိုတာ မင်းမျက်နှာမှာ သိသာနေတယ်။ နောက်ပြီး မမနိုင်ကို မင်းလျှော့မတွက်နဲ့။ မမနိုင်က မင်းမျက်နှာကို မျက်လုံးတစ်ချက်ပဲကြည့် မင်းဘာလုပ်လာတယ်ဆိုတာကို သိတယ်"

ဒါတော့ သူ ဝန်ခံပါသည်။

စကားဘာမှပြန်မပြောတော့ဘဲ ချိုကြီး ဖွင့်ပေးထားသည့် တံခါးမှ ကားပေါ်တက်သည်။

နောက်မှီပေါ်ခေါင်းတင်တော့ သူ အရမ်းမူးနေပြီကို သိလိုက်သည်ပဲ။

ကားဘီးအလိမ့်မှာ မျက်လုံးကို စုံမှိတ်လိုက်၏။

ဒေဝီရယ်...

ညအရိပ်အောက်မှာ တို့နှစ်ယောက်ရဲ့ အိပ်မက်ကလေးတွေ မျက်ပြယ်ပါစေတော့ကွယ်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



( ၃၀ )

မင်္ဂလာကိစ္စအတွက် တစ်လျှောက်လုံး လှုပ်ရှားမှုကို မမ ပြုလုပ်သည်။ မမမေဆုရည်ကတော့ မမန်ဘေးမှာ လိုက်ပါနေရပြီး မမဆုံးဖြတ်ချက်များကိုသာ ခေါင်းညိတ်နေရ၏။

ဒါကိုလည်း မမမေဆုရည်က ကျေနပ်ဟန်ရှိသည်။

မင်္ဂလာဧည့်ခံခန်း၊ မင်္ဂလာအိပ်ခန်းအပြင်အဆင်အတွက် ယောက်မ ဘာမှဝင်မပါနဲ့ဆိုသည့်စကားကိုလည်း မမမေဆုရည်က သဘောကျနှစ်သက်ပြန်၏။

မင်္ဂလာဧည့်ခံပွဲအတွက်တော့ သူ ထင်ထားသည့်အတိုင်း ဆီဒိုးနားကိုပင် မမက ရွေးချယ်သည်။

"သူများတတ်နိုင်ရင် ကိုယ်လည်း တတ်နိုင်ရမှာပဲ။



တစ်သက်မှာ တစ်ခါပြုရတဲ့ မင်္ဂလာပွဲ။ အကြီးကျယ်ဆုံးနဲ့ အခမ်းနားဆုံးဖြစ်ရမယ်"

ဒါက မမရဲ့မှာန်တွေ။ သည်အပေါ်မှာ ဘယ်သူမှ စောဒကမတက်။ မင်္ဂလာအခမ်းအနားမှာ မမမေဆုရည်မျက်နှာမှာ ရှက်သွေးတွေ ဖြာဝေနေ၏။

မင်္ဂလာပွဲအပြီးမှာ အိမ်မှာ မေမေ့ကို ကန်တော့မည်ပြုတော့ မမမေဆုရည်က...

"ယောက်မလည်း မေမေနဲ့အတူ ထိုင်လေ"

"အမယ်လေး... ငရဲမပေးပါနဲ့ မေရယ်။ မေက ကိုယ့်ထက် လ.တောင်ကြီးပါသေးတယ်။ ကြမ်းခင်းမှာပဲ ထိုင်ပါရစေ"

ရယ်မောပျော်ရွှင်မှုများနှင့်အတူ မေမေ့မျက်နှာက အားရကျေနပ်မှုများနှင့် ဝင်းလက်နေ၏။

မေမေ့ကိုဦးချကန်တော့တော့ မေမေက ဆုများပေးသည်။ "သည်လင် သည်မယား အိုအောင်မင်းအောင် ပေါင်းကြရပါစေ" ဆိုသည့်ဆုပေးမှုမျိုးကို ကြားဖူးနားဝရှိနေသော်လည်း မိမိတို့အလှည့်တွင်တော့ တကယ်ကို ရင်ခုန်လှိုက်မောရပါသည်။

ကန်တော့ပြီး လသာလမ်းတိုက်ခန်းကို ပြန်တော့ မမ

www.burmeseclassic.com

www.burmeseclassic.com



မလိုက်ပါ။ ကားပေါ်တက်ခါနီးမှာတော့ မမက မမမေဆုရည်ကို စကားပြောလိုက်ပါ၏။

"ယောက်မ . . . မောင်ဖြစ်တဲ့ သူကို စိတ်ချလက်ချ ထည့်လိုက်ပြီနော်။ ဒီကောင်ဆိုးရင် ခေါင်းကို နာနာလေးခေါက် ပြီးတော့သာ ဆုံးမ။ ကိုယ်စိတ်မဆိုးဘူး"

လသာလမ်းတိုက်ရောက်တော့ ညအမှောင်က ကျစ်လျစ်စပြုနေပါပြီ။

အခန်းတံခါးဖွင့်ပေးပြီးနောက် အိမ်ဖော်ကောင်မလေး၏ အရိပ်အယောင်ကို မမြင်ရတော့။ အခန်းထဲရောက်သော အခါ ပင်ပန်းနွမ်းနယ်မှုများနှင့် သူ့အိပ်ရာပေါ် လှဲလိုက်သည်။

မမမေဆုရည်က မျက်လုံးဝိုင်းကလေးနှင့် နစ်ယောက် အိပ်ခုတင်ဘေးမှာ တောင့်တောင့်ကလေး ရပ်နေတော့ . . .

သူ လှဲအိပ်နေရာမှ မမမေဆုရည်၏ လက်ချောင်းကလေးများကို ဆွဲယူဆုပ်ကိုင်လိုက်သည်။

အို . . . မမမေရဲ့လက်ဖျားလေးတွေ အေးစက်လို့ပါလား။

သည်လိုအရှက်ကြီးမှုတွေနဲ့ သူနှင့် မမမေသည် မင်္ဂလာဦးညကို ကျော်ဖြတ်ခဲ့ကြရပါသည်။



[ ၃၀ ]

အိမ်ထောင်သက် ခြောက်လပြည့်နေ့မှာ မင်္ဂလာသတင်းကို သူ ကြေညာသည်။

မေမေနှင့် မမကို ဖုန်းဆက်ပြောတော့ ညနေစောင်းစောင်းမှာပင် မေမေနှင့်မမ လသာလမ်းတိုက်ကို ကားနှင့် ရောက်ချလာ၏။

"ဝမ်းသာလိုက်တာ ယောက်မရယ်။ သည်အကြောင်း ကို နေ့လယ်ကတည်းက မေ ကိုယ့်ကို ပြောဖို့ကောင်းပါတယ်"

မေမေကလည်း . . .

"ဟုတ်ကာပေါ့ သမီးရယ်။ မေမေ့ကို ဖုန်းဆက်ပြော လိုက်ရင် မေမေ စောပြီးဝမ်းမသာရဘူးလားကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မေမေ။ အသေအချာကို ညနေခြောက်နာရီခွဲလောက်မှ သိရတာ။ မောင် ရယ်ကြဲကြဲနဲ့ပြောတာကို သမီး ပထမ မယုံသေးဘူး။ ဆေးစာရွက်တွေပြတော့မှ သမီးလည်း ဝမ်းသာအားရနဲ့ မေမေနဲ့နိုင့်ဆီကို ဖုန်းဆက်နိုင်းရတာ"

စကားများကို နားထောင်ရင်း မေမေနှင့်မမျက်နှာဝင်းပနေ၏။ လူ့ဘဝလူ့လောကထဲသို့ ရောက်ရှိလာမည့် သူတို့နှင့် သွေးသားတော်စပ်လာမည့် သားသားလား၊ မီးမီးလားခွဲခြားမသိရသေးသည့် သူနှင့်မမမေ၏ရင်သွေးအတွက် အနာဂတ်ကိုလည်း သူတို့ပျော်ရွှင်စွာ မျှော်ကြည့်ကြသည်။

"ကိုယ်ကတော့ နက်ဖြန်ခါကစပြီး အလုပ်ရှုပ်ပြီ"

"စကာပူက ပို့ကုန်တွေ ရောက်လာလို့လား နိုင်"

"မရောက်သေးပါဘူး။ အလုပ်ရှုပ်မယ်ဆိုတာက ကိုယ့်ယောက်မအတွက် ဗိုက်ဖုံးအကျီလှလှလေးတွေကို ကိုယ့်စိတ်ကြိုက် စီစဉ်ရတော့မယ်လေ"

"ဟယ် ...နိုင်ကလည်းကွာ ရက်လိုက်တာ"

"ဒီမယ် မောင်"

မမက သူ့ကိုကြည့်ပြီး ခေါ်သည်။

"ဘာလဲ မမ"



"နက်ဖြန်အတွက် ထူးခြားတဲ့လက်ဆောင်ပစ္စည်းကို မင်း စီစဉ်ပါ။ တို့မိသားစုဘဝထဲကို ရောက်လာမယ့် မင်္ဂလာ ရင်သွေးအတွက် တို့ကုမ္ပဏီက ဝန်ထမ်းအားလုံးကို မှတ်မှတ်ရရ လက်ဆောင်ပစ္စည်းပေးမယ်"

"သူတို့တွေ ပျော်ကြမှာ အမှန်ပဲ"

"ဟုတ်တယ်လေ။ ပျော်တယ်ဆိုတာ မင်္ဂလာတစ်ပါးပဲ။ ဒီပျော်ရွှင်ခြင်းကို တို့က လုပ်ဆောင်ပေးရမယ်"

မမ၏အစီအစဉ်များကို မမမေဆုရည်ကတော့ ထုံးစံအတိုင်း ကျေနပ်နေသည်။

ညဦးအတော်နက်သည်ထိ လူ့လောကထဲ ရောက်ရှိရန်တာစူနေသည့်ရင်သွေးကလေးအတွက် အမောနိုင်စွာသော စကားများကို သူတို့ပြောကြသည်။

နောက်တစ်နေ့နံနက်ခင်းမှာတော့ သူက ချိုကြီးကို မင်္ဂလာသတင်းပြောလိုက်၏။ ချိုကြီးက မင်းလူဖြစ်ပြီဗိုးပြည့်ဟုဆိုကာ သူ့လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်သည်။

"မင်းအတွက် ငါ အရမ်းဝမ်းသာတယ်ကွာ"

သူက ပြုံးရင်းခေါင်းညိတ်၏။

"မမမေကို သားလေးမွေးနိုင်းကွာ။ ဒါမှ တို့အကျင့်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို က.ကနေ အ.အထိ သင်ပေးလို့ရမှာ"

ကြော်…အနာဂတ်အတွက် သူပါ ပျော်နေခဲ့သည်။

× × ×



[ ၃၂ ]

"မမမေကိုရတာ မင်းကံကောင်းသလို၊ မင်းကို ရတာလည်း မမမေ ကံကောင်းတယ်"

ပြုံးပြီးနားထောင်ရင်း ကားကို ထင်းရှူးပင်အောက်မှာ ထိုးရပ်လိုက်သည်။

သည်နေ့ နိုင်ငံခြားသားတွေကို ဧည့်ခံရသည့်ပွဲ။

ရှိုင်ရယ်ဂါးဒင်းမှာ ညနေစာ ဧည့်ခံရင်း ငြိမ်းစီစီဖြစ်ခဲ့ရသည်။ သူက ရှိုးကြီးနှင့်အေးအေးလူလူ သောက်ချင်သဖြင့် ဧည့်ခံပွဲမှာ ချိန်းခဲ့သည်။

ပြီးတော့ ဧည့်သည်များနှင့် ကုန်သွယ်မှုကိစ္စကို ပြောရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စပြတ်တော့မှ သူနှင့်ရှိုးကြီးအနားယူနေကျ စကားဝါဥယျာဉ်၏ ခြံဝင်းထဲသို့ ရောက်ခဲ့ရ၏။

"ပြောစမ်းပါဦး ဘာတွေကံကောင်းကြရတာလဲ"

ကားတံခါးအဖွင့်မှာ ညလေအေးနှင့်အတူ စကားဝါပန်းနံ့ကို ရသည်။

"မမေမှာ ဆွေမျိုးသားချင်းမဲ့တယ်။ ဘဝကို သူ့အရည်သွေး အရည်ချင်းနဲ့ တည်ဆောက်လာတာ။ ဆွေမျိုးဖယားရှုပ်စရာမရှိတာဟာမင်းကံကောင်းတာပေါ့။ မမေဘက်က ကြည့်ရင်လည်း သည်အတိုင်းပဲ။ မင်းတို့မှာ မိသားစုသုံးယောက်တည်း။ တစ်စီးပွားတည်းပေါင်းလိုက်ကြတော့အားလုံးဟာ ကံကောင်းတာချည်းပဲပေါ့"

"မင်း ပြောနေတာတွေကို သိပ်စိတ်မဝင်စားဘူးကွာ။ စိတ်ဝင်စားနေတာက ငါ့အရက်ပြင်းပြင်း သောက်ချင်နေတယ်"

"ဟင်…ဘီယာမကိုင်ဘူးလား"

"ဝီစကီလုပ်ကွာ"

ပန်းခုံကလေးဘက်လျှောက်သည်။

ပန်းခုံတန်းမှာ မီးရောင်စုံတွေ ထွန်းထား၏။ စားပွဲတွေကို တစ်ခုနှင့်တစ်ခု နီးကပ်စွာ ခင်းကျင်းထားခြင်း မရှိ။ မြက်ခင်း



ပေါ်မှာ စားပွဲများကို တစ်ခုနှင့်တစ်ခု အလှမ်းကွာကွာ ချပေးထား၏။

"ဘလက်လုပ်မလား"

"ကောင်းသားပဲ"

ထံပါးရောက်လာသည့် ဝိတ်တာကို ဘလက်လေဘယ်လ်တစ်လုံးနှင့် ဂဏန်းပေါင်းတစ်ပွဲ မှာလိုက်သည်။

ဆိုဒါနှင့်ရေခဲ လာချပေးချိန်မှာ ငါ ညက ထူးထူးခြားခြား ဒေဝီကို အိပ်မက်မက်တယ် ဟု ပြောပြီး…

"အိပ်မက်ထဲမှာကွာ ဒေဝီက ပန်းတွေပန်ထားလိုက်တာ ဝေနေတာပဲ။ အင်း… ဒေဝီနေထိုင်မှ ကောင်းရဲ့လား မသိဘူး"

"မစဉ်းစားအပ်တော့ဘူးလေ"

"ဘာပဲဖြစ်ဖြစ် ဒေဝီဟာ ငါ့နလုံးသားအတွက်တော့ အချစ်ဦးပဲ"

"ချစ်မှ မချစ်ခဲ့ကြသေးတာကွာ"

သူ မဆွေးနွေးချင်တော့။

ကံတရား၏အလှည့်အပတ်ကို သူ စိတ်နာခဲ့သည်။ အဲဒီနေ့က မန္တလေးကို အရေးပေါ်ကိစ္စမဖြစ်ခဲ့လျှင် သူနှင့်ဒေဝီ၏

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဘဝ တစ်ဆစ်ချိုးသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သည်ဟု သူ ယုံကြည်သည်။

"ဒေဝီ့ရင်ထဲမှာ ငါနဲ့ပတ်သက်တဲ့ အချစ်တွေ ရှိနေတယ်ဆိုတာ ငါယုံတယ် ချိုကြီးရာ"

ပုလင်းရောက်လာသည်။

ဝိတ်တာက ဖွင့်ပြီး ငှဲ့ပေး၏။ ပြီးတော့ ဆော်ဒါကို အလိုက်သင့် ရောစပ်ပေးသည်။ ဝိတ်တာကို သင့်ခ်ယူ လုပ်ပြီး အနားမှ ခွာစေပြီး ချိုကြီးက...

"မေ့လိုက်ပါတော့"

"ဘာကို မေ့ရမှာလဲ"

"ဒေဝီခင်ကိုလေ။ မင်း ခု သတိတရရှိနေချိန်မှာ ဒေဝီခင်က သူ့လင်ရဲ့ရင်ခွင်ထဲမှာ ရှိချင်ရှိနေမှာ"

"မင်း စကားပြောမထိက်ရိုင်းနဲ့ ချိုကြီး"

ဝီစကီ၏ထုံးစံအတိုင်း အရက်ရှိန်က မျှဉ်းတက်လာသည်။ ဂဏန်းခွက်ထဲမှ အသားဖတ်များကို ခက်ရင်းနှင့်ခတ်စားရင်း ချိုကြီးက...

"ပြောတဲ့အထဲမှာ မိုက်ရိုင်းတာတစ်ခုမှ မပါပါလား ဖိုးပြည့်ရာ"



"ပါတယ်...ပါတယ်။ ဒေဝီခင်ရဲ့လင်ဆိုတဲ့ အသုံးအနှုန်းဟာ ငါ့ရင်ထဲမှာ အမိုက်ရိုင်းဆုံးပဲ"

"ဟား...ဟား...ဝီစကီရဲ့အရှိန်ကလေးမြင့်လာတာနဲ့ မင်းရင်ထဲကို ရူးသွပ်တဲ့အတွေးတွေ ဝင်လာပါရောလား ဖိုးပြည့်ရာ။ မင်းတွေးကြည့်လေ။ မမမေရဲ့ရင်ခွင်မှာမင်းရောက်နေတဲ့ညများစွာမှာကွာ... ဒေဝီခင်လည်း သူ့လင်ရဲ့ရင်ခွင်မှာ ရှိနေမှာပေါ့။ ဒါ သဘာဝတရားတွေပဲ"

"တော်...တော် ချိုကြီး။ တော်ပါတော့ကွာ။ ရင့်သီးတဲ့ စကားတွေ ငါမကြားပါရစေနဲ့တော့။ သူ့ဘဝနဲ့သူရှိချင်လည်း ရှိပါစေတော့"

ညလေက တသွေးသွေး။

သည်နေ့မှ သူဘာလို့ အရက်ကို ခပ်များများသောက်ဖြစ်နေရတာလဲ။ လွန်ကျူံပြီဟုထင်လာသောအခါ ချိုကြီးက သူ့လက်ထဲမှ ဖန်ခွက်ကို ဆွဲယူလိုက်၏။

"မင်း လွန်နေပြီ ဖိုးပြည့်"

"ငါ မူးလဲသွားအောင် သောက်ချင်တယ်"

"မင်းမလဲပေမယ့် အရမ်းမူးနေပြီကွာ။ ဝီစကီဟာ အရက်ပြင်းမဟုတ်ပေမယ့် ဘယ်အရက်ပဲဖြစ်ဖြစ် များများ

www.burmeseclassic.com

www.burmeseclassic.com



သောက်ရင် မူးတာပဲ"

"ငါ့မှာ သတိအမြဲရှိပါတယ်"

"ယုံတယ် ဖိုးပြည့်။ ဒါပေမဲ့ မင်းကို ငါ ကားမောင်းခွင့် မပေးနိုင်ဘူး"

စကားဝါက ထွက်တော့ ညဥ့်အတော်နက်ပါပြီ။

လသာလမ်းတိုက်ရှေ့ရောက်တော့ သူက ကားတံခါးကို ဖွင့်ဆင်းသည်။ ခပ်ယိုင်ယိုင် အနေထားကြောင့် ချိုကြီးက ကားပေါ်မှ အမြန်ဆင်းလာ၏။

"ခက်တယ်ကွာ။ မင်း ဒီလောက်မူးပြန်လာရင် မမေက ငါ့ကို ဆူတော့မှာပဲ။ ကဲ ငါတွဲပို့မယ်"

"ဟော့ကောင်…မင်းငါ့ကိုတွဲပို့မယ် ပြောတာကိုက ငါ့ အရှမ်းသိက္ခာကျနေပြီ။ ဒီလှေကားထစ်တွေက ငါ နေ့စဉ်နင်းဖိတက်နေတဲ့ လှေကားထစ်တွေပါ ချိုကြီးရာ။ ဘာမှ အမှားအယွင်း မရှိစေရပါဘူး"

"မင်းလဲမှာစိုးလို့"

"ငါ အရက်မူးပြီးလဲတာ မင်း ဘယ်နှစ်ခါတွေ့ဖူးလဲ"

ချိုကြီးက ခေါင်းကိုတဗျင်းဗျင်းမြည်အောင် ကုပ်နေ၏။



"မင်းပြန်တော့ ကား ယူသွား"

ချိုကြီးက ပေရပ်နေသေး၏။

"ပြန်လေကွာ…မင်းကို ငါ ဆွဲထိုးလိုက်ရမလား"

ချိုကြီး စိတ်လက်မသာနှင့် ကားကို မောင်းထွက်သွားသည်။

သူ အညောင်းတစ်ချက်ဆန့်လိုက်၏။

ခပ်ယိုင်ယိုင်ဖြစ်သွားသော ကိုယ်ကို ကမန်းကတန်း ထိန်းလိုက်ရသေးသည်။

မမေ သူ့ကိုမျှော်နေမှာကတော့ သေချာ၏။

* * *

မီးရောင်က လင်းနေသည်။

ဦးအောင်ဘုန်းပြည့်၊ ဒေါ်မေဆုရည်ဟု အမည်ရေးထိုးထားသည့် ကျွန်းသားချပ်ကလေးအပေါ်မှ ဆေးအဖြူရောင်က ထင်ထင်ရှားရှား။ သည်အမည်များ၏နံဘေးတွင် ကွင်းစ ကွင်းပိတ်အတွင်းမှာရှိသည့်ဘွဲ့များဂုဏ်ထူးတွေ၏အမည်လည်း ပါ ပါသေး၏။

သူ လူခေါ်ဘဲလ်ကလေးကို ဖိနှိပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှဘဲလ်မြည်သံနှင့်အတူ တံခါးချက်လည်လာပြီး တံခါးက ပွင့်လာ၏။

"ဟင် မမ"

မိမိအိမ်သူဇနီး မမမေမဟုတ်သည့် မမ။

သူ အံ့အားတသင့်ဖြစ်နေဆဲမှာ မမက ဘာဂျာတံခါး၏သော့ကို လှည့်ပြီး ခပ်ကြွမ်းကြွမ်းဆွဲဖွင့်၏။

"မမ မပြန်သေးဘူးလား။ ညဉ့်နက်လှပြီပဲ"

အသံကို ထိန်းပြောသော်လည်း ဟန်ကို ဘယ်လိုမှ ထိန်းသိမ်း၍မရ။

မမဖွင့်ပေးသည့် တံခါးမှ အဝင်မှာပင် ရင်ဘတ်အကျီစကို ကြမ်းတမ်းစွာ ဆုပ်ကိုင်ခြင်းခံလိုက်ရသည်။

"မင်းအရက်တွေ လွန်လွန်ကျွံကျွံသောက်လာပါလား မောင်"

"မမကလည်းဗျာ။ အရက်သောက်တာကို မမပဲ အားပေးခဲ့တာပဲ မဟုတ်လား"

"ဟဲ့ . . . ငါအားပေးတာက လူမှုပေါင်းသင်းဆက်ဆံရေးအရ လူကြီးလူကောင်းဆန်ဆန် သောက်တတ်အောင်၊ မင်းဗိုလ်ပုံအလယ် ဝင်ဆံ့အောင် သွန်သင်လမ်းညွှန်ခဲ့တာဟဲ့"



"အင်းလေ"

"ခု နင့်ဟာက အောက်တန်းစားဆန်ဆန် ခွေးသောက်ဝက်သောက် သောက်လာခဲ့တယ်"

"မမ . . . ကျွန်တော် ကလေးမဟုတ်တော့ပါဘူးဗျ။ ကိုယ့်အိမ်ထောင်နဲ့ကိုယ့်မိန်းမနဲ့။ ခု ဒီစကားတွေက မမပြောရမယ့်စကားတွေ မဟုတ်ပါဘူးဗျ။ ကျွန်တော့်မိန်းမ မမမေဆုရည်ပြောရမယ့် စကားတွေပါ"

"ဟင်...ခွေး...ခွေးလိုကောင်။ နင့်ကို ရင်ဆိုင်တွေချင်လို့ ငါမပြန်ဘဲ ထိုင်စောင့်နေတာ ငမောင်။ ကိုယ့်မိန်းမက နေ့စေ့လစေ့နဲ့ မနက်မွေးမလား။ ညမွေးမလားဖြစ်နေတဲ့အချိန် နင်က အိမ်ကို အချိန်မှန်မှန် ပြန်မလာဘဲ မူးမူးရူးရူး သောက်လာသေးတယ် ဟုတ်လား။ ဒီမယ် ငမောင် နင် ငါ့မျက်နှာ သေသေချာချာ ကြည့်စမ်း"

မမက ကြည့်စမ်းဆိုတော့ သူက မူးမူးရီရီနှင့် မမမျက်နှာကို ကြည့်သည်။

"နင့်ကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ငါ ပြုစုပျိုးထောင်လာခဲ့တာ။ နင့်ကိုမှ မနိုင်ရင်လေ ကဲဟယ် . . . ကဲ"

မမ၏ရိုက်ချက်တွေက အားပြင်းလွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးနှင့် နားဆစ်နားရင်းတွေ ထုပူသွားပါ၏။

မမ၏ရိုက်ချက်အားပြင်းနေဆဲမှာ မမမေဆုရည် ထံပါးသို့ အပြေးကလေး ရောက်လာ၏။

"နိုင်ရယ် ... မောင့်ကို အဲသလိုမလုပ်ပါနဲ့ကွာ။ မောင်က ကလေးပဲရှိပါသေးတယ်။ မောင်သောက်စားတာကို မေ ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်ထားပါတယ်"

"မင်း ... ဒီလောက်တောင်ပဲ အလိုလိုက်သလား မေ။ မင်း သည်းခံနိုင်ပေမယ့် အစ်မလုပ်တဲ့ကိုယ်က သည်းမခံနိုင်ဘူးကွ။ ဒီမယ် ငမောင် ဒါပထာမပဲ။ ငါ့ဒေါသကို စမ်းချင်သေးတယ်ဆိုရင် နက်ဖြန် ဒီအချိန် ဒီကို ပြန်လာခဲ့မယ်"

ပြောပြီး မမ ဒေါသတကြီးနှင့် ဆင်းသွားသည်။ မမမေဆုရည်က ငိုက်ကြီးတကားကားနှင့် သူ့ကိုတွဲဖက်ပြီး အိပ်ခန်းထဲ ခေါ်သွား၏။

ပြောသည့်အတိုင်းပင် နောက်နေ့ညတွင် မမ ထပ်ရောက်လာပါသည်။

သူ အရက်မသောက်ဖြစ်ပါချေ။

× × ×



[ အပိုင်း - သုံး ]

www.burmeseclassic.com

www.burmeseclassic.com



- ဘယ်ကာလကစတင်ပြီး
ကိုယ်နဲ့တွေ့ဆုံဖို့
ကိုယ့်ထံနီးသည်ထက်နီးအောင်လာနေခဲ့သလဲ
ကိုယ်မသိခဲ့ပါလား။
- နေမင်းကြီးနဲ့ ကြယ်ကလေးတွေဟာ
ကိုယ် မင်းကို မမြင်အောင်
အမြဲတမ်းဖွက်မထားနိုင်ပါဘူး။
- နံနက်ပေါင်းများစွာ
ညနေပေါင်းများစွာ
မင်းခြေသံကို ကြားရတယ်။
မင်းရဲ့တမန်တော်
နလုံးအိမ်ထဲဝင်လာပြီး
ကိုယ့်ကို တိတ်တိတ်ကလေးလာခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



- ကိုယ့်ဘဝလေး ဒီနေ့ကျမှ
ဘာဖြစ်လို့လှုပ်လှုပ်ရှားရှားဖြစ်နေရတာလဲ၊
တုန်တုန်ရီရီ ပျော်ရွှင်ဖွယ်ခံစားမှုကလေး
ဘာဖြစ်လို့ကိုယ့်နှလုံးအိမ်ကို ဖြတ်သွားရတာလဲ
ကိုယ် မသိဘူးကွယ်။
- အလုပ်သိမ်းရမယ့်အချိန်ရောက်ပြီဆိုပါစို့ကွယ်၊
လေထဲမှာ မင်းရှိနေတဲ့အနံ့သဲ့သဲ့ရနေတယ်။

(တဂိုး)ဂီတဥ္စလိ



[ ၃၃ ]

ပင်ပန်းကြီးစွာဖြတ်သန်းလာခဲ့ရသည့်ရက်၊ လ၊ ရာသီတွေ။

မမေ့နိုင်စရာ၊ ကြေကွဲဝမ်းနည်းဖွယ်ရာများသည် နှလုံးအိမ်မှာ စွဲငြိစွာ ကျန်ရစ်သည်။

စိတ်တစ်ခုးပုံး အလုပ်မှာနှစ်ရင်း ကရုဏာမျက်လုံးများစွာကို သူ ဥပေက္ခာပြုခဲ့ရသည်။

အလုပ်တိုက်မှာ မမ၏အကြည့်ငေးတွေ။

ဝိဝိနည်းတူ ခံစားနေရမည့် မမ၏ဆုံးရှုံးမှုများသည်လည်း လက်ရုံးတစ်ဖက်ပြုတ်ထွက်သလိုပါပဲ။

မေမေကတော့ သူ၏အားလပ်ချိန်များမှာ တရားခွေ

www.burmeseclassic.com

www.burmeseclassic.com



များ နား‌ထောင်ရင်း၊ သူ့ကို တရားအကြောင်းပြောရင်း ဘဝအမောကို ဖြေသည်။

သို့သော်လည်း…

သူနှစ်ခြိုက်စွာသောက်ဖြစ်လာသည့် ဝီစကီပုလင်းအသေးအကြီးများကို မမနှင့်မေမေသည် သူ၏ မှန်ဘီရိုထဲမှ ထုတ်ပယ်ပစ်ခြင်းကိုမှု ကြိုးစားခြင်း မရှိတော့။

မိမိအတွက် အစားထိုးစရာများစွာရှိခဲ့သော်လည်း "သမီး" ကလေးအတွက်တော့ သူအဘက်ဘက်က ငဲ့သည်။

"မမ မောင်က အရွယ်ရှိပါသေးတယ်။ မောင့်ဘဝအတွက် ဆုံးဖြတ်ပိုင်မှုကို မမခွင့်ပြုပါတယ်"

ဆိုသည့်စကားကို မမသည် သူမ၏မာန်နှင့်မာနကို ချကာ ပြောခဲ့ဖူးပါသည်။

သည်နေ့တာဝန်အားလုံးကို ချိုကြီးနှင့်လွှဲပြီး သူအခန်းမှာ အောင်းမနေခဲ့သည်။ ညဘက်ကျတော့ လသာလမ်းတိုက်သို့ မမရောက်လာ၏။

"မောင် သည်နေ့အရက်မသောက်ဘူးထင်တယ်"

သူ့မျက်နှာကို ကြည့်ပြီး မမပြောသည်။

"မမ မတားမြစ်ပါဘူး မောင်။ ဒါပေမဲ့ မောင်ပညာတတ်



တစ်ယောက်ပဲ။ အလွန်အကျွံနဲ့ ကိုယ့်ကျန်းမာရေးကို ထိခိုက်နိုင်စရာကိစ္စမျိုးအတွက်တော့ မောင်ချင့်ချိန်ရမယ်လေ"

"ကျွန်တော် ပျော်လို့သောက်နေတာ မဟုတ်ပါဘူး။ အရက်ကို အဖော်အဖြစ် သောက်တာပါ"

"မောင်ချိုကြီး မောင့်အနားမှာ အမြဲရှိနေသားပဲကွယ်"

သူ ယဲ့ယဲ့ကလေးပြုံးသည်။

မမက သူနှင့်မျက်နှာချင်းဆိုင်ထိုင်နေရာမှ ထ၍ပါးသို့ ကူးလာပြီး ဘေးချင်းကပ်ထိုင်သည်။

"မောင်"

ခေါ်ရင်းအစ်မတစ်ယောက်၏ ကြင်နာမှုများနှင့် မမက သူ၏ဆံပင်များကို ပွတ်သပ်သည်။

"တာဝန်တွေအပိခံပြီး အလုပ်မှာ စိတ်နှစ်နေတယ်ဆိုတာ မမ သိတယ်ကွယ်။ မောင့်စိတ်တွေ အရမ်းပင်ပန်းနေပါပြီ။ မမ မောင့်ကို အကြံဉာဏ်ပေးပါရစေ"

သူ မမကို ကြည့်သည်။

သည်အကြည့်မှာ မမ၏စကားများကို နားခံလိုမှုများ ပါသည်။

"မောင် ခရီးထွက်ပါ။ စိတ်ကိုအငြိမ်းချမ်းဆုံးထားပြီး

www.burmeseclassic.com

www.burmeseclassic.com



အနားယူပါ။ မောင် ခရီးထွက်ရာမှာ မောင်ချိုကြီးဟာ မောင့်အတွက် အကောင်းဆုံးအဖော်ပါပဲ"

သူ့အကြည့် မျက်နှာကြက်ဆီသို့ ရောက်သည်။ သူဘာကို စဉ်းစားနေသည်ကို မမ သိဟန်တူ၏။

"သမီးလေးကို မခွဲနိုင်ဘူးလား။ မေမေနဲ့မမအရိပ်အောက်မှာ သမီးလေးငြိမ်းငြိမ်းချမ်းချမ်းရှိနေတာပဲ မောင်ရယ်။ သမီးလေးရဲ့အသိစိတ်မှာ မဟော သမီးရဲ့နှလုံးသည်းပွတ်ပဲဟာ"

သူ သဘောပေါက်သည်။

သမီး၏နှောင်ဖွဲ့မှုများသည် အနီးဆုံးမှာရှိနေသည့် သူ့ဘွားအေနှင့် သူ့ကြီးကြီးအပေါ်မှာ ရစ်ပတ်မှုအားကြီးနေသည်ကို သူ သိ၏။

"ကျွန်တော်လည်း ခရီးထွက်ဖို့ ရည်ရွယ်ထားပါတယ် မမ"

"ဘယ်နေရာ ဘယ်ဒေသများလဲ မောင်"

"ပုဂံဘက်ကိုပါ"

"အကောင်းဆုံးပေါ့ မောင်ရယ်။ ပုဂံရဲ့တန်ခိုးကြီးဘုရားတွေရဲ့အရိပ်အောက်မှာ မောင့်ကိုယ်စိတ်နှလုံး အေးချမ်း



ပါစေ။ ငြိမ်းချမ်းပါစေ"

မမပြန်သွားပြီး မကြာခင် ချိုကြီးရောက်လာသည်။ သူ ချိုကြီးကို အကျိုးကြောင်းပြောပြတော့...

"အကောင်းဆုံးပေါ့ဖိုးပြည့်ရာ။ မင်းစိတ်ကို အနားပေးသင့်တာကြာပါပြီ"

× × ×

www.burmeseclassic.com

www.burmeseclassic.com



[ ၃၄ ]

ကြည်ညှိစိတ်များနှင့် လက်အုပ်ချီဆဲမှာ ချိုကြီးစကား အသံက နားသို့ ဖြတ်ဝင်လာ၏။

"အလိုပြည့်ဘုရားကို အလောင်းစည်သူမင်းကြီး လက်ထက် သက္ကရာဇ် ၅၅၆ ခုနှစ်မှာ တည်ထားခဲ့တာ ဖိုးပြည့်။ အလိုပြည့်ဘုရားရဲ့ထူးခြားချက်က သဒ္ဓါစိတ်နဲ့ အာရုံညွတ်ပြီး ဆုတောင်းရင် ကိုယ်တောင်းတဲ့ဆုတွေ အကုန်ပြည့်တယ်"

"ဟုတ်လား"

"ဟုတ်တယ်...ဘုရားသမိုင်းမှာ အနိုင်အမာဆိုထားတယ်"

"အင်း...ဘဝမှာ တောင်းစရာတွေမရှိတော့ပါဘူး ချိုကြီးရာ။ ဆုတောင်းမယ်ဆိုရင်လည်း ငါ တောင်းတဲ့ဆုဟာ ဘုရားရှင်ကို မတရားတောင်းတဲ့ဆု ဖြစ်လိမ့်မယ်"



သူ့စကားအဓိပ္ပာယ်ကို ချိုကြီး သဘောပေါက်လိမ့်မည်။

"ဟုတ်တယ်...မင်းတောင်းချင်တဲ့ဆုကို ငါသိတယ်။ ဒါပေမဲ့ အဲဒီဆုက မတောင်းကောင်းပါဘူးကွာ"

နလုံးသားလွှင်ပြင်တွင် ဒေဝီခင်၏ပုံရိပ်က ထင်ဟပ်နေသည်။

လေပူကို ခပ်ကြမ်းကြမ်းမှုတ်ထုတ်ပြီး ဘုရားကို သူ ဦးချကန်တော့သည်။

သူနှင့်ချိုကြီး မနေ့ညနေပိုင်းလောက်က ပုဂံကို ရောက်ခဲ့ပါ၏။ သီရိပစ္စယာဟိုတယ်မှာ တစ်ညနေလုံး အနားယူခဲ့သည်။ နောက်နေ့နံနက်ခင်းမှာ တန်ခိုးကြီးဘုရားများဆီသို့ ဘားနှင့်ထွက်လာခဲ့ခြင်းဖြစ်၏။

"ငူးဘုရားသွားရအောင် ဧရာဝတီရဲ့နံနက်ခင်းအလှကို ရင်ပြင်ပေါ်ကနေ ခံစားလို့ကောင်းတယ်"

"ငါ ရောက်ဖူးပါတယ် ချိုကြီးရာ"

"ထပ်ပြီးခံစားရတဲ့ အရသာကို မင်း မမက်မောဘူး

www.burmeseclassic.com

www.burmeseclassic.com



လား။ ရောဝတီကို ကျော်ဖြတ်တိုက်ခတ်လာတဲ့ လေအေးကို မင်းတဝကြီးရှူရှိုက်ပစ်လိုက်စမ်း။ ဘဝအမောတွေအားလုံး ပြေပျောက်သွားမယ်"

ချိုကြီး၏ဦးဆောင်မှုကို သူ ဘာမှစောဒကမတက်ချင်တော့။ ကားနောက်မှီပေါ် ခေါင်းတင်ရင်း ပုဂံ၏နံနက်ခင်းကို ခံစားခဲ့သည်။

ဘုရားဝင်းထဲ ကားဘီးလိမ့်ဝင်သည်။

ဆိုင်ခန်းတစ်ခုအနားမှာ ကားထိုးရပ်ပြီး ကားတံခါး အဖွင့်မှာပဲလေ...

နောက်ပါးမှ ကပ်ပါလာသည့် တောင်းအေ့စ်မှန်လုံ ကားတစ်စီး။

အကြည့်တစ်ချက် ဝေ့လိုက်စဉ်မှာပင်...

× × ×

ရင်မှာတုန်ခတ်သွားရသည့် စိတ်၏လှုပ်ရှားမှု။

သူ့လိုပင် ချိုကြီးလည်း အံ့အားတသင့်ရှိနေဆဲ...

"ကိုဘုန်း...ကိုဘုန်း"

ခေါ်ပြီး ထံပါးသို့ပြေးလာသည့် အရိပ်ကလေး။



အရိပ်ကလေးသည် အနားသို့ရောက်သောအခါ အမောများနှင့် တုံ့ရပ်သွားပါသည်။

"ဒေဝီရယ်"

သူ့နှုတ်မှ ပွင့်ထွက်လာသည့်အသံ၏တုန်ခတ်မှုကို ဒေဝီခင် သတိပြုမိပါလိမ့်မည်။

ဒေဝီခင်၏ဝိုင်းစက်သည့် အကြည့်များက သူ့မျက်နှာမှ မခွာ။

ပြောချင်သည့်စကားတွေ ဒေဝီခင်ရင်မှာ ကင်းကျပ်နေပြီဟု စိတ်က ထင်သည်။

သူ့အကြည့်ကို ထပ်မံဝေတော့....

"အစ်မတစ်ဝမ်းကွဲတွေနဲ့လာတာ ကိုဘုန်း"

"ဟို... ဟိုလေ... ကိုယ် ဒေဝီခင်ပွန်းကို ရှာဖွေနေတာပါ"

"ဒေဝီခင်ပွန်း ဟုတ်လား။ ဟုတ်ပါတယ်လေ။ သည်အမေးစကားကို ကိုဘုန်း မေးသင့်ပါတယ်"

အမျိုးသမီးသုံးယောက် ထံပါး ရောက်လာသည်။ အကြည့်များကို စူးစိုက်ထားရင်းမှ ဒေဝီခင်နှင့်မျက်လုံးချင်း စကားပြောပြီးစီးသည်ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီတို့ အေးအေးဆေးဆေးစကားပြောကြလေ။ မမတို့ တန်ဆောင်းထဲ ဝင်ပြီး ဘုရားဖူးဦးမယ်"

နားလည်သော အပြုံးများဟု သူထင်သည်။

ဒေဝီက ချိုကြီးဘက်လှည့်ပြီး . . .

"ချိုကြီးရယ် ငါ အရမ်းဝမ်းသာတာပဲ"

"ကဲ နင်တို့စကားပြောကြဟာ။ ငါလည်း တန်ဆောင်း ထဲ ဝင်ပြီး ဘုရားဖူးဦးမယ်"

သူတို့ထံပါးမှ ခွာသွားကြသည်။

သူနှင့် ဒေဝီ အုတ်ခုံကလေးဘက်ဆီ လျှောက်ခဲ့၏။

ရောဝတီ၏အလှကို ပီပြင်စွာခံစားရသည်။

× × ×

"ဘယ်လိုမှ ဆက်သွယ်လို့မရတော့ ဒေဝီ သက်လျှော့ လိုက်တယ်လေ။ ခုချိန်ခါမှာ ဒေဝီ ဘယ်သူ့ကိုမှလဲ အပြစ်မပြော ချင်တော့ပါဘူး။ ထွန်းသန့်ကိုနဲ့ ကြောင်းလမ်းခြင်းသတင်း သတင်းစာထဲပါတဲ့အချိန်ထိ ဒေဝီ ထွန်းသန့်ကို့ကို မမြင်ခဲ့ဖူးပါ ဘူး။ မိဘချင်းရင်းနှီးပြီးနှစ်ဖက်မိဘ သဘောတူစေ့စပ်လိုက်ကြ တာ"



စကားရပ်ပြီး ဒေဝီ ပင့်သက်ချတာ မြင်သည်။

"ထွန်းသန့်ကို နိုင်ငံခြားက ပြန်လာတော့ သူမိဘတွေ က အိမ်ကို ခေါ်လာတယ်၊ ဒေဝီ့ကို သူမြင်တာနဲ့ လက်ထပ်ထိမ်း မြားမယ့်ကိစ္စ လုံးဝ ပျက်ပြားသွားတော့တာပဲ"

"ဟင် အဲဒီ ထွန်းသန့်ကိုဆိုတဲ့လူက ဒေဝီ့ကို မကြိုက် လို့လားဟင်။ ဒေဝီ့လို မိန်းမလှတစ်ယောက်ကို မကြိုက်တာဟာ ဒီလူ လူမိုက်သက်သက်ဖြစ်ရတယ်"

လူမိုက် မဟုတ်ဘူး ကိုဘုန်း၊ ထွန်းသန့်ကိုဟာ သစ္စာရှိ တဲ့လူ"

"ဘယ်လို ဒေဝီ ပြောတာ ကိုယ်နားမရှင်းဘူး"

အဲဒီ ထွန်းသန့်ကိုဆိုတာ ဘယ်သူလဲ သိလား"

သူမျက်မှောင်ကို ကြုတ်ထားလိုက်သည်။

တွေးရခက်သော ပုစ္ဆာတစ်ခုကို ရင်ဆိုင်ရသည့် ကျောင်းသားတစ်ယောက်လို သူခပ်တွေတွေဖြစ်နေ၏။

"ထွန်းသန့်ကိုဆိုတာ တိုက်မောင်းပဲ ကိုဘုန်း"

"ဟင် . . ."

"ဒေဝီ့ကိုမြင်တော့ သူ အရမ်းတောင်းပန်တာပဲ။ သူ့ အပေါ်စိတ်ထားကြီးခဲ့တဲ့ အောင်ဘုန်းပြည့်အပေါ် သူသစ္စာ မမဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါရစေနဲ့တဲ့။ မိဘ တွေဆန္ဒအရ ဒေဝီ ခေါင်းညိတ်ပေမယ့် ဒေဝီ ချစ်တဲ့သူဟာ အောင်ဘုန်းပြည့်ဆိုတာ သူသိပါတယ်တဲ့"

"ပြော် . . . တိုက်မောင်းရယ်"

"ဒေဝီလည်း အံ့အားသင့်ခဲ့တယ် ကိုဘုန်း၊ သူ သူ့မိဘ တွေကို ဖွင့်ပြောပြီး နောက်ဆုတ်သွားတော့ ဒေဝီ သူ့ကို တကယ်ကျေးဇူးတင်ခဲ့ပါတယ်၊ နောက်ဘာကြာသလဲလေ၊ ကိုဘုန်းနဲ့မေဆုရည် လက်ထပ်ပြီးစီးတဲ့သတင်းကို ဒေဝီ သတင်းစာမှာ ဖတ်လိုက်ရတော့တာပါပဲ။ ကြာပြီနော် နှစ်တွေ တော်တော်လေးကို ကြာပြီနော်။ နှစ်တွေ တော်တော်လေးကို ကြာခဲ့ပါပြီ"

သူ လေပူကြီးကို မှုတ်ထုတ်လိုက်သည်။

ဒေဝီခင်၏ ငေးရီသည့်အကြည့်များက မြစ်ပြင်ဆီသို့ ရောက်နေ၏။

"ကိုဘုန်းရယ်၊ မရှက်မကြောက် ဝန်ခံရရင် ဒေဝီရင်ထဲ မှာ ခုချိန်ထိ ကိုဘုန်းရှိနေပါတယ်။ ဒါပေမဲ့ ဘဝတစ်ခုကပြီးဆုံး သွားပြီမို့လား"

"မပြီးဆုံးပါဘူး"

"ရှင် . . ."



"ရင်ထဲမှာ စကားတွေ အများကြီးရှိနေတယ် ဒေဝီ ရယ်"

မျက်ရည်များ ဝဲရစ်နေသည့်မျက်လုံးအကြည့်နှင့် ဒေဝီက သူ့မျက်နှာကို ကြည့်သည်။

ဒေဝီ၏ရင်ညွန့်အရပ်မှာ သူ လက်ဆောင်ပေးခဲ့သည့် ရတနာပစ္စည်းလေးကို ဒေဝီ ယခုတိုင် မက်မက်မောမော ဆွဲ ထားပါသေးသည်။

"ကိုယ် ဒေဝီ့ကို ဘယ်မှာရှာရမှန်းမသိခဲ့ပါဘူး"

"ဒေဝီတို့ ခု မန္တလေးမှာ နေပါတယ်"

"ဒါဖြင့် ခု မန္တလေးကိုပြန်ကြမှာပေါ့နော်"

"နက်ဖြန်မနက် ပြန်မှာကိုဘုန်း။ ဒေဝီတို့ သီရိပစ္စယာ မှာတည်းတယ်"

"အို . . . ကိုယ်နဲ့ချိုကြီးလည်း အဲဒီမှာတည်းတယ်"

ဒေဝီ မျက်နှာဝင်းလက်သွားသည်ကိုသတိပြုမိ၏။

"ညနေ မြစ်ဘက်ကို ဆင်းခဲ့ပါလား ဒေဝီ။ ကိုယ် ဒေဝီ နဲ့ စကားပြောချင်တယ်"

"ပြောစရာစကားတွေ ရှိသေးလို့လား ကိုဘုန်း"

"ရှိတာပေါ့ ဒေဝီ၊ ရင်နဲ့မဆံ့အောင်ကို ရှိတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒေဝီ ထိုင်ရာကအထမှာ ဒေဝီအစ်မတွေ အနား ရောက်လာသည်။ သွားဆို့ ဒေဝီ ဟုပြောပြီး သူ့ဆီကိုအကြည့် က ရောက်လာသေး၏။

ဒေဝီက ယဲ့ယဲ့လေးပြုံးပြီးသူ့ကို ခေါင်းညိတ်နှုတ်ဆက် သည်။

သူ ဒေဝီကို ခပ်ငေးငေးလေးကြည့် ကျန်ရစ်ခဲ့ပါ၏။

x x x



[ ၃၅ ]

ညနေ၏ လေပြည်က ခပ်နွေးနွေးတိုက်ခတ်သည်။

သူ့စကားများကို နားထောင်ရင်းမှ ဒေဝီခင်က သူ့ရှင် ဘတ်ကလေးကို လက်နှင့် အသာဖိသည်။

"မမမေအဖြစ်က တကယ်ကိုကံဆိုးရှာပါတယ်၊ ကိုယ် ဝန်အဆိပ်တက် ရောဂါတဲ့လေ၊ ခွဲစိတ်ခန်းထဲမှာ ဝေဒနာကို ကြိတ်ခံစားလိုက်ရရှာမှာပါ၊ ဆရာဝန်ကြီးက ကလေးနဲ့ မိန်းမ ဘယ်သူ့အသက်ကို လုရမလဲလို့ မေးတော့ မမမေရဲ့အသက်ပဲ ပြန်ပါပါရစေဆရာရယ်လို့ ကိုယ်တောင်းဆိုခဲ့ပါတယ်၊ ဒါပေမဲ့ ဒေဝီ ရယ်၊ စောစောက ကိုယ်ပြောခဲ့သလို သမီးလေးရဲ့အသက် ကိုသာ ယူနိုင်ခဲ့ပြီး မမမေရဲ့အသက်ကို ဆုံးရှုံးခံလိုက်ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



အတိတ်၏ အရိပ်များက ဝမ်းနည်းကြေကွဲဖွယ်ရာ ထင်ဟပ်လာသည်။ သည်တုန်းက မမမေသည် ထွက်သက်၏ နောက်ဆုံးအချိန်မှာ သူ့လက်ချောင်းလေးများကို အားကိုးကြီးစွာ ဆုပ်ကိုင်ရှာခဲ့ပါ၏။

"ခုဆို သမီးလေး လေးနှစ်အရွယ်ရှိပါပြီ ဒေဝီ၊ မမနဲ့ မေမေက မွေးကင်းစအရွယ်ထဲက သမီးကို ရင်ခွင်ပိုက် မွေးတော့ သူ့ကြီးကြီးကို သမီးက အမေပဲမှတ်နေရှာတယ်"

သူစကားကိုရပ်ပြီး ဒေဝီ့မျက်နှာကို စောင်းငဲ့ကြည့်သည်။

မြစ်လေ၏ထိတွေ့မှုကြောင့် ဒေဝီ၏ဆံစလေးများ သူ့မာ၏နဖူးပေါ် ဝဲကျနေသည်။ ရင်မှာကြည်ကြည်နူးနူး ဖြစ်ရသည်ကတော့ ကရုဏာရိပ်များ ဒေဝီ့မျက်နှာမှာပြန့်ကျဲနေတာပါပဲ။

နှစ်ယောက်အတူယှဉ်လျှောက်ရင်း စကားကို မဆိုဖြစ်။ လှေဆိပ်နားအရောက်မှာ ဒေဝီက . . .

"သမီးလေးကို ဒေဝီ အရမ်းသနားတာပဲ"

သူ့ အကြည့်တွေဝေသီနေသည်။

ဒေဝီ၏ပန်းရောင်လက်ချောင်းလေးများကို သူဆုပ်



ကိုင်တော့ ဒေဝီက ခေါင်းကလေးငုံ့ပြီး ငြိမ်သက်စွာနေပါသည်။

ရောဝတီရဲ့အလှသည် သူ့အတွက် အခုမှ အဓိပ္ပါယ်သက်ရောက်မှု ရှိတော့၏။

x x x

www.burmeseclassic.com

www.burmeseclassic.com



[ ၃၆ ]

သူနှင့်ချိုကြီး ရန်ကုန်ပြန်ရောက်တဲ့ညမှာပဲ သူ မမကို ဖုန်းဆက်ခေါ်သည်။

မမရောက်လာတော့ ဒေဝီခင် နှင့် ပတ်သက်သည့် အကြောင်း စကားများကို သူ မမကို ပြောပြသည်။

" အင်း . . . ဒေဝီ့ကို မမပြောင်းစရာအကြောင်း ဘာမှ မရှိတော့ပါဘူး မောင်။ ကလေးတစ်ယောက်အဖေ မုဆိုးဖို တစ်ယောက်ကို ငယ်သံယောဇဉ်နဲ့ ခွင့်လွှတ်ကြည်ဖြူနိုင်တဲ့ ဒေဝီ့အချစ်ကို မမ လေးစားပါတယ်"

"ဒေဝီက စိတ်ပြတ်သလို စွန်စားရဲပါတယ်မမ၊ ဒီကိစ္စ တွေကို သူ့မိဘတွေ အသိပေးဖို့မလိုတော့ဘူးဆိုတာ သူ



သဘောပေါက်တယ်တဲ့၊ သမီးအပျိုလေးကို ဘယ်မိဘကမှ မုဆိုးဖိုနဲ့ သဘောမတူမှာ အသေချာဆုံးကိစ္စရပ်ပဲတဲ့၊ ဒါကြောင့် ရှေ့အပတ် သောကြာနေ့မှာ သူ ရထားနဲ့ဆင်းလာမယ်တဲ့၊ ကျွန် တော့်ဘဝထဲကို ဒေဝီ အပြီးအပိုင်ဝင်လာတော့မှာ မမ"

သူ့အသံတကျကြွနေသည်လား။

ဒါကို သူ မခွဲခြားတတ်။

မမက သူ့ကို မျက်လုံးကဝင့်ကြည့်တော့ အစ်မဖြစ်သူ့ ကို ရကြည့်သွားရသေးသည်။

"သမီးနဲ့ပတ်သက်လို့တော့ မောင်တို့နှစ်ယောက် ကြားမှာ အဟန့်အတားမဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့သမီး ကို မမက မွေးစားမှာပဲပဲဟာ"

"ဒေဝီ့သဘောထားကလည်း မသေးသိမ်းပါဘူး မမ။ ဒေဝီနဲ့ ဆွေးနွေးတော့ သမီးကို ရှေ့ဆုံးကထားပြီး ဆွေးနွေးပါ တယ်၊ ဒါကို ဒေဝီက ဆွေးနွေးစရာမလိုတဲ့ ကိစ္စရပ်ပါတဲ့၊ ကို ဘုန်းကို ချစ်မှတော့ သမီးကိုလည်းချစ်ရမှာပေါ့တဲ့"

"ဟုတ်ပါတယ်လေ။ ဒါပေမဲ့မောင်တို့လွတ်လွတ်လပ် လပ် နေတာ အကောင်းဆုံးပါပဲ။ အဲ တစ်ခုတော့ အလေးအနက် ဘာ၊ပြီး မမအကြံပေးမယ်။ မောင်ကလည်း လိုက်နာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ မမ"

"ဒေဝီရောက်လာရင် ရှမ်းရိပ်သာမှာဝယ်ထားတဲ့ တိုက်ကို မောင်တို့ပြောင်းပါ။ လသာလမ်းတိုက်ခန်းရဲ့သော့ကို တော့ မမကိုပဲ အပ်ခဲ့ပါ မောင်။ ဒါဟာ သွားလေသူအတွက် ရင် နာစရာလည်း မဖြစ်ဘူး။ ဒေဝီ့အတွက်လည်း အကောင်းဆုံးပါ ပဲ။ ဆိုလိုတာက ပထမအိမ်ထောင်ရဲ့အငွေ့အသက်တွေ ဒေဝီရဲ့ ထံပါးမှာ မကျန်ရှိစေဖို့ပါပဲ"

သူ မမကိုလေးစားစွာ မော့ကြည့်သည်။

မမပြန်တော့ ကားဆီထိ သူလိုက်ပို့၏။

ကားဘီးလိမ့်ထွက်ခါနီးမှာတော့ မမက စကားတစ် ခွန်း ပြောသည်။

"တစ်ပင်လဲလို့ တစ်ပင်ထူတာ ဘာမှဆန်းပြားတဲ့ကိစ္စ တော့ မဟုတ်ပါဘူးကွာ။ ဒါပေမဲ့ ဒေဝီရောက်လာရင် ပတ်ဝန်း ကျင်က မျက်စိနောက်လောက်အောင်တော့ ချစ်မပြပါနဲ့။ ပျော် မပြပါနဲ့"

သူ ပြုံးနေလိုက်၏။

× × ×



[ ၃၇ ]

ဘူတာအတွင်းသို့ တိုးဝင်လာသည့် အမြန်ရထားကြီး ၏ရှည်လျားသော တွဲများကို သူ မှင်တက်စွာကြည့်နေဆဲမှာပင်

"ကိုဘုန်း . . . ကိုဘုန်း"

အထက်တန်းတွဲဆီမှ ခေါ်သံက နားဆီသို့ ပြေးဝင်ကပ် လာ၏။

သူ့ခေါင်းဆတ်ခနဲအလှုပ်မှာ ရထားပြတင်းပေါက်မှ ခေါင်းကိုငုံ့လျှိုးပြီး သူ့ကို ပန်းနုရောင်လက်ကိုင်ပဝါလေး ယမ်း ပြနေသည့် ဒေဝီ့ကို မြင်သည်။

"ဒေဝီ"

အရှိန်မတန့်သေးသည့်ရထားတွဲဆီသို့ သူ အပြေး ကလေး လိုက်သည်။ စောင့်စားခဲ့ရသည့် အမောတွေ ရင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြေပျောက်ပြီပဲ။

ရထားကြီးဝင်မလာခင်ကတည်းက ပူခဲ့ရသည့်အပူ။

ဒေဝီပါမှ ပါလာပါ့မလားဆိုသည့် ဂျာပါဒအစေ့တွေး။

အမြန်ရထားကြီး ရပ်တန့်သွားတော့ ဒေဝီ့ထံပါးသို့ သူ ရောက်ခဲ့သည်။

"ကိုဘုန်းရေယ်"

ဒေဝီတွဲပေါ်မှ သွက်သွက်ကလေး ဆင်းလာသည်။

လူအုပ်ထဲမှာပင် သူ ဒေဝီ့ကို တင်းတင်းကျပ်ကျပ်ကလေး ဆုပ်ဖက်လိုက်၏။

"ကိုယ် အရမ်းရူပန်နေရတာ ဒေဝီ"

"ဆုံးဖြတ်ချက်နဲ့ ဒေဝီပါ ကိုဘုန်းရဲ့"

"ဒေဝီ့ဆွဲအိတ်တွေယူဦးလေ။ ကိုယ် ဆွဲခဲ့ပါ့မယ်"

ဒေဝီ့လက်ထဲမှာ ဘာဆွဲအိတ်မှ မမြင်။

ပလပ်စတစ်ခြင်းကလေးတစ်ခုသာ မြင်၏။

"ကိုဘုန်းကလည်း မိဘတွေကို ခွင့်ပန်ပြီးထွက်လာတဲ့ ခရီးမှ မဟုတ်တာ။ ဘယ်သူမှ မရိပ်စားမိအောင် မင်သေသေနဲ့ နေပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းလာခဲ့ရတာ။ အပို ပစ္စည်းတွေ ဘာပါနိုင်မှာလဲ"



"ဟုတ်ပါရဲ့ဒေဝီရယ်။ ဒါကို ကိုယ်မတွေးမိဘူး"

မြွတ်နိုးဖွယ်ကောင်းသော မျက်စောင်းလေးတစ်ခုကို ဒေဝီ့ထံမှ ရသည်။

ပခုံးကို ဆုပ်ဖက်ရင်းနှင့် ခရီးသည်များကို တိုးထွက်ပြီး ဘူတာအပြင်ဘက် ရောက်ခဲ့သည်။ ကားဆီရောက်တော့ . . .

"ဟယ် . . . ချိုကြီး"

"ဟုတ်ပါ့ချာ။ ဘူတာစကြံမှာ နင်တို့နှစ်ယောက် အလွမ်းသယ်မှာမကြည့်ရဲလို့ ကားကပဲ ထိုင်စောင့်နေတာ"

"အံမယ် ဘာမှအလွမ်းမသယ်ဘူး။ လူတောကြီးထဲမှာ"

ချိုကြီးက တဟားဟားရယ်ရင်း ကားတံခါးဖွင့်ပေးသည်။

သူနှင့်ဒေဝီ ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်၏။

ကားဘီးတစ်ချက်အလိမ့်မှာ ဘဝတစ်ခု စပြီကို သူနှင့် ဒေဝီ နားလည်သဘောပေါက်လိုက်သည်။

ရှင်လန်းချမ်းမြေ့ပါစေ

မောင်သာပြည့်

www.burmeseclassic.com